မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟာသဝဂ် (ဓမ္မပဒ - ၁၁၃)

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ တနလင်္ဂနေ့ | အတွဲ (၅၉)၊ အမှတ် (၁၄၇)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မော်လမြိုင်မြို့ရှိ ကလေး၊ လူငယ်နှင့် အမျိုးသမီးများ စောင့်ရှောက်ရေးဌာနများသို့ သွားရောက်ကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ကျိုက်သလ်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိရာ သင်တန်းကျောင်းအုပ်ကြီးက သင်တန်းကျောင်း၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သင်တန်းကျောင်းတွင် ဆံပင်ညှပ်၊ ဝရိန်လုပ်ငန်း၊ ကွန်ပျူတာနှင့် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ လေ့ကျင့်ဆောင်ရွက်နေမှု၊ ကိုယ်ကာယကျန်းမာသန်စွမ်းရေးအတွက် မြန်မာ့သိုင်းပညာသင်ကြားလေ့ကျင့်နေမှု၊ ဘက်စုံသုံးအားကစားကွင်း တည်ဆောက်နေမှုနှင့် သင်တန်းသားအိပ်ဆောင်များကို လှည့်လည်စစ်ဆေး၍ သင်တန်းသားများနှင့် တွေ့ဆုံကာ ဆုံးမစကားပြောကြားသည်။

ယင်းနောက် သင်တန်းသားလူငယ်များက ဆောင်ရွက်ပေးစေလိုသော အချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး သင်တန်းသားများအတွက် လတ်တလောလိုအပ်ချက်များ ဖြည့်ဆည်းရန် ထောက်ပံ့ပေးအပ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး မော်လမြိုင်လူငယ်သင်တန်းကျောင်းမှ သင်တန်းသားများနှင့် တွေ့ဆုံစဉ်။

သတင်းစဉ်

ဓာတုဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဓာတုဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၂၀)၊ (၂၁) နှင့် (၂၂)တွင် ဖော်ပြထားပါသည်။

အဆိပ်သင့်ခဲ့ကြသော ပစ္စုပ္ပန်နှင့် အနာဂတ်များ

ဆောင်းပါး စာ - ၆

.....

မဲဆန္ဒရှင်များကို ဟန့်တားရန် နိုင်ငံခြားမီဒီယာများက ဗိုင်းရပ်စ်ကို အသုံးချနေသည်ဟု အီရန်ပြော

နိုင်ငံတကာသတင်း စာ - ၁၄

ဧရာဝတီလင်းပိုင်စစ်တမ်းကောက်ယူမှုအရ ဆယ်စုနှစ် နှစ်ခုအတွင်း အများဆုံးအဖြစ် ၇၉ ကောင် တွေ့ရှိ

မန္တလေး ဖေဖော်ဝါရီ ၂၃

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) တို့ ပူးပေါင်း၍ မန္တလေးမှ ဗန်းမော်အထိ ယခုနှစ်အတွက် ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ဧရာဝတီလင်းပိုင် စစ်တမ်းကောက်ယူမှုအရ ဆယ်စုနှစ် နှစ်ခုအတွင်း အများဆုံးအဖြစ် ၇၉ ကောင် တွေ့ရှိခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) မှ သိရသည်။

ယခုနှစ်တွင် ဆယ်စုနှစ်(၂)ခုအတွင်း အများဆုံးတွေ့ရှိခဲ့ကြောင်း၊ မန္တလေးမှ ကချင်ပြည်နယ် ဗန်းမော်အထိ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ဧရာဝတီလင်းပိုင် သုတေသနစစ်တမ်းကောက်ရာတွင် မန္တလေးမှ ကျောက်မြောင်းကြား (ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ဧရိယာ ၁) တွင် ၂၈ ကောင်၊ ထီးချိုင့်-ကသာ-ရွှေကူ (ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဧရိယာ ၂) အပါအဝင် ကန့်ဘလူမြို့နယ် မလယ်နှင့် ကချင်ပြည်နယ် ရွှေကူမြို့ကြားတွင် ၃၇ ကောင်၊ ဗန်းမော်မြို့နယ်တွင် ၁၄ ကောင် စုစုပေါင်း ၇၉ ကောင်ကို သုတေသနပြု စစ်တမ်းကောက်ယူနိုင်ခဲ့ကြောင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးတာဝန်ခံ ဦးကျော်လှသိန်းက ပြောကြားသည်။

ယခုနှစ် ဧရာဝတီလင်းပိုင်သုတေသနခရီးစဉ်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန၏ ပတ်ဝန်းကျင်နှင့် မျိုးသုဉ်းရှားပါးရေသတ္တဝါများထိန်းသိမ်းရေးဌာနစုမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ခရီးစဉ်တွင် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများကို ကန့်ဘလူမြို့နယ် *စာမျက်နှာ ၃ ကော်လံ ၁* ❍

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

သနပ်ခါးရနံ့တို့ မပြယ်ရလေအောင်

မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအနက်မှ တစ်ခု ဖြစ်သည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဧရေ့ကို ယူနက်စကို အသိအမှတ်ပြုစာရင်းတင်သွင်းရန် ကြိုးပမ်းလျက်ရှိကြောင်း ဂုဏ်ယူဝမ်းမြောက်ဖွယ်သိရှိရသည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်ပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ခန့်မှန်းခြေအားဖြင့် ၁၅၀၀၀ ခန့်ရှိပြီး ယင်းတို့အနက်မှ ၂၂၁၇ ခုကို အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီက အတည်ပြုပြီးဖြစ်သည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Non – Material Culture Heritage) တွင် ယုံကြည်ကိုးကွယ်မှု၊ ဘာသာစကား၊ ဓလေ့ထုံးစံ၊ အတွေးအခေါ်၊ အစားအစာ၊ လက်မှုအနုပညာ၊ ရိုးရာဓလေ့၊ အနုသုခုမ စသည်တို့ပါဝင်ရာ အကောင်အထည်ရှုပ်ဝတ္ထုကိုင်တွယ်မပြနိုင်သော်လည်း ရပ်ထဲရွာထဲနေ့စဉ်လူနေမှုဘဝများထဲ၌ ရှင်သန်နေဆဲဖြစ်သည့် ကိုယ်ပိုင်ယဉ်ကျေးမှုများပင်ဖြစ်သည်။ အထည်ရှုပ်ဒြပ်မရှိသော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့်အတွက် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုနှုန်းစံများ ပြောင်းလဲသည်နှင့်အမျှ တဖြည်းဖြည်းတိမ်မြုပ်ပျောက်ကွယ်သွားနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များလည်းဖြစ်သည်။ ယင်းကဲ့သို့သော ဒြပ်မဲ့ယဉ်ကျေးမှု အမြောက်အမြားထဲမှ သနပ်ခါးယဉ်ကျေးမှုဧရေ့ကို ယူနက်စကိုအသိအမှတ်ပြု စာရင်းတင်သွင်းခြင်းအားဖြင့် နောင်အရှည်တည်တံ့စေရေးအတွက် အားဖြည့်ပေးရာလည်း ရောက်လိမ့်မည်ဟု ယုံကြည်မိသည်။

မြန်မာအမျိုးသမီးတို့ သနပ်ခါးကို အမြတ်တနိုးလိမ်းခြယ်ခဲ့ကြသည်မှာ နှစ်ပေါင်း ၂၀၀၀ ခန့်ရှိခဲ့ပြီဖြစ်သည်။ စင်စစ်အားဖြင့် အမျိုးသမီးတို့သာမက အမျိုးသားတို့ပါ ငယ်ဘဝတွင် လိမ်းခြယ်ခဲ့ကြခြင်းဖြစ်သည်။ မျက်မှောက်ကာလတွင်လည်း မြန်မာနိုင်ငံတစ်ဝန်း မည်သည့်အရပ်ဒေသသို့သွားသွား မျက်နှာတွင် သနပ်ခါးအဖွေးသားလိမ်းခြယ်ထားသည့် အမျိုးသမီးပျိုပျိုအိုအို ကြီးငယ်များနှင့် ကလေးများကို တွေ့မြင်နိုင်ကြသည်။ မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်တို့က သနပ်ခါးယဉ်ကျေးမှုသည် မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဧရေ့ထုံးစံတစ်ခုအဖြစ် တွေ့မြင်သိရှိ အသိအမှတ်ပြုနိုင်လောက်အောင်ပင် မြန်မာနှင့် သနပ်ခါး၊ သနပ်ခါးနှင့် မြန်မာ တစ်သားတည်း ရှိနေသည်။ သို့ရာတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့်အလျောက် တစ်ချိန်ချိန်မှာ ပျောက်ကွယ်ကောင်း ပျောက်ကွယ်သွားနိုင်သည်။ အထူးသဖြင့် မြို့ကြီးပြကြီးများတွင် လူငယ်များအကြား၌ သနပ်ခါးယဉ်ကျေးမှုက ပါးလျားစပြုလာခဲ့ပြီဖြစ်သည်။ အိမ်မှာနေစဉ် သနပ်ခါးကို လူးကောင်းလူးမည်ဖြစ်သော်လည်း အပြင်ထွက်သွားလာရာတွင် သနပ်ခါးကို မလိမ်းတော့။ ထို့အပြင် သနပ်ခါးကို သဘာဝအတိုင်း သနပ်ခါးတုံး အပွေးအခေါက်များကို ရေကြည်ရေသန့်ဖြင့် ကျောက်ပျဉ်ပေါ်တင်၍ သွေးလိမ်းနေကြသည့် မြန်မာ့အလှကုန်ဈေးကွက်အတွင်းသို့ သနပ်ခါးအမည်ခံ လိမ်းခြယ်စရာ အလှကုန်ပစ္စည်းများလည်း နိုင်ငံခြားမှ ဝင်ရောက်လာနေသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးများအတွင်း သဘာဝအတိုင်း ပေါက်ရောက်သည့် သနပ်ခါးများ၏ အရည်အသွေးက ထိုင်း၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ပါကစ္စတန် စသည့် နိုင်ငံတို့တွင် ပေါက်သည့် သနပ်ခါးများထက် ပို၍ကောင်းသည်ဟုဆိုသည်။ သနပ်ခါး၏ အာနိသင်က ဗက်တီးရီးယားနှင့် မှို (Fungus) တို့ကို နိုင်ပြီး ခရမ်းလွန်ရောင်ခြည်သင့်ခြင်းကို ကာကွယ်နိုင်သည့်အတွက်ကြောင့်လည်း အလှအပအတွက်ရော၊ အသားအရေ ကျန်းမာရေးအတွက်ပါ သနပ်ခါးကို လိမ်းခြယ်ကြခြင်းဖြစ်သည်။

"မြန်မာ့သနပ်ခါးယဉ်ကျေးမှုဧရေ့ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် စာရင်းတင်သွင်းမည့်နည်းတူ မြန်မာ့သနပ်ခါးကိုလည်း လက်ရှိ စိုက်ပျိုးနေသည့် ဒေသများအဖြစ် အခြားဒေသများတွင်ပါ တိုးချဲ့စိုက်ပျိုးသွားစေလိုကြောင်း၊ ထို့ပြင် သနပ်ခါး၏ အရေးပါမှုနှင့် အသုံးဝင်မှုကိုလည်း ကမ္ဘာကသိရှိအောင် ကြော်ငြာရမည်ဖြစ်ပါကြောင်း" မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ၏ မှာကြားချက်သည်လည်း မြန်မာ့သနပ်ခါးယဉ်ကျေးမှု ဧရေ့ အနာဂတ်တွင် ဆက်လက်ရှင်သန်တည်တံ့ရေးအတွက် မပျက်မကွက် ဆက်လက်အကောင်အထည်ဖော်သွားကြရမည့် လုပ်ငန်းစဉ်များပင် ဖြစ်ပါကြောင်း။ ။

ကမာရွတ်မြို့နယ် မြေအောက်လမ်းကူး လူသွားဥမင်တည်ဆောက်ရန် ပန္နက်တင်မဂ်လာအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကမာရွတ်မြို့နယ် ရန်ကုန်ပညာရေးတက္ကသိုလ်အနီး ပြည်လမ်းအောက်တွင် ဖြတ်သန်းဖောက်လုပ်မည့် မြေအောက်လမ်းကူးလူသွားဥမင်တည်ဆောက်ခြင်း ပန္နက်တင်မဂ်လာအခမ်းအနားကို ယနေ့နံနက် ၇ နာရီက အဆိုပါဥမင်တည်ဆောက်မည့် နေရာ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း ကမာရွတ်မြို့နယ် မြေအောက်လမ်းကူး လူသွားဥမင်တည်ဆောက်ရန် ပန္နက်တင်မဂ်လာအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ – ထိန်လင်း

အဆိုပါ ပန္နက်တင်မဂ်လာအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အမှာစကားပြောကြားခဲ့ပြီး ပန္နက်တင် မဂ်လာအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် လွှတ်တော် ကိုယ်စားလှယ်များက သတ်မှတ်ထားသော နေရာများတွင် မဂ်လာပန္နက်တော်တင်ပေးကြသည်။

ရန်ကုန်မြို့၏ ပထမဆုံး မြေအောက်လမ်းကူး လူသွားဥမင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "မြေအောက် ဥမင်ဆောက်လုပ်ရခြင်းရဲ့ အဓိက ကတော့ ကလေးတွေ အောက်ကို ၁၀ ပေ လောက်နဲ့ ဆင်းသွားရင် အေးအေးဆေးဆေး သွားရတာ ဘယ်ဟာရွေးမလဲဆိုရင် အောက်ကို အေးအေးဆေးဆေး ဆင်းသွားတာ ရွေးမှာပါ" ဟု ပြောကြားသည်။

ဈေးဆိုင်ခန်း ၁၃ ခန်းပါဝင်မည့် မြေအောက်လမ်းကူးလူသွားဥမင်မှာ ပင်မဥမင်အမြင့် ၁၁ ပေရှိပြီး ပင်မဥမင် ခန်းဖွင့်အကျယ်မှာ ပေ ၄၀ ရှိကြောင်း သိရသည်။ ပင်မဥမင်အလျားမှာ ၁၂၆ ပေ ၁၀ လက်မ ရှိမည်ဖြစ်ပြီး ဥမင်အတွင်း လူသွားလမ်းအကျယ်မှာ ၁၉ ပေ ၈ လက်မရှိသည်။ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အဝင်၊ အထွက် အပေါက် လေးခုပါဝင်မည်ဖြစ်သည်။ ဝင်/ထွက် ဥမင်များ၏ ထောင့်မှာ ၃၀ ဒီဂရီဖြစ်ပြီး တစ်နာရီလျှင် လူဦးရေ ၆၀၀၀ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။ ဥမင်တည်ဆောက်ရာတွင် ရွှေ့လျားစက်လှေကား သုံးစင်းနှင့် မသန်စွမ်းသူများ အသုံးပြုရန် ဓာတ်လှေကားနှစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်မည် ဖြစ်သည်။ ကြေမ်းခင်းဧရိယာ ၁၁၂၅ စတုရန်းပေရှိသော အဆိုပါဥမင်ကို တစ်နှစ်ခန့် အချိန်ယူ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

မြိုင်မြို့နယ်မှ ကျေးရွာ ၁၃ ရွာတွင် ရေရရှိရေးလုပ်ငန်းများကို ငွေကျပ် ၂၂၉ သန်းကျော်ဖြင့် ဆောင်ရွက်နေ

မြိုင် ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်းမှ ကျေးရွာ ၁၃ ရွာ၌ နွေရာသီကာလ သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၂၉ သန်းကျော်ဖြင့် ရေရရှိရေးလုပ်ငန်းများ

ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကျေးရွာ ၁၃ ရွာ၌ ဆောင်ရွက်ပေးနေသော ရေရရှိရေးလုပ်ငန်း ၁၃ ခုတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ မြေသား မိုးရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်း၊ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ပါဝင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေ ကျပ် ၂၂၉ ဒသမ ၁၉၂ သန်းဖြင့် ဧနနဝါရီလအတွင်းမှစ၍ ဆောင်ရွက်နေကြောင်း မြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်မင်းထွန်းထံမှ သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာ ၁၃ ရွာရှိ အိမ်ခြေ ၂၃၅၈ အိမ်မှ လူဦးရေ ၁၂၀၀ နီးပါးအတွက် သောက်သုံးရေများ လုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း၊ အပူပိုင်းဒေသဖြစ်သော မြိုင်မြို့နယ်တွင် နှစ်စဉ် နွေရာသီကာလရောက်တိုင်း ကျေးရွာများ၌ သောက်သုံးရေရှားပါးမှုကို ကြုံတွေ့ရလေ့ရှိရာ သောက်သုံးရေခက်ခဲသော ကျေးရွာများ၌ ရေရရှိရေးလုပ်ငန်းများကို မြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇော်မင်းဌေး

ဟသံ်တအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဟသံ်တအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဟသံ်တအသင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသံ်တအသင်းဥက္ကဋ္ဌ အလက်ဇန်ဒါစွာ ဟသံ်တဦးမြင့်ငွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းဝင် အသက် (၈၀) နှစ်အထက် အဘိုး၊ အဘွားများကို လှူဖွယ်ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဗိမာန် စာမူဆုရ စာရေးဆရာ ဇော်လွင်ဦး (ဟသံ်တ) နှင့် ၂၀၁၉ ပညာသင်နှစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ယင်းနောက် ဟသံ်တမြို့နယ် ယုန်သလင်းရွာတွင် မန်းဘခိုင်ဆေးရုံ တည်ဆောက်ရေးအတွက် ဆရာမကြီး (ဌေမ်း) ဒေါ်သန်းစီက ငွေကျပ်သိန်း ၂၀ ကို ဆေးရုံဆောက်လုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာ မန်းမြင့်ဆိုင်နှင့် ဘဏ္ဍာရေးမှူး ဦးရွှေးအောင်တို့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အလုပ်အမှုဆောင် အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းစစ် အစီရင်ခံစာတို့ကို ဖတ်ကြားအတည်ပြုပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ရန်ကုန်မြို့ ဟသံ်တအသင်း၏ သက်တမ်းမှာ နှစ်ပေါင်း(၆၀)ကျော် သက်တမ်းရှိပြီး ဟသံ်တမြို့၏ လူမှုရေးကိစ္စများကို ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဟသံ်တချစ်သူများ စုစည်းပေါင်းဆုံရာ နေရာတစ်ခု ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၃ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ ၀၃ မိနစ် ၀၈ စက္ကန့်က မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်ဘက် ၄၇ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း ကာမိုင်းမြို့၏ မြောက်ဘက် တစ်မိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၅ ဒသမ ၅၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၇၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၉အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

ရန်ကုန်မြို့တော် ရုပ်သံလိုင်း(City Channel)ထုတ်လွှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့တော် ရုပ်သံလိုင်း(City Channel)ထုတ်လွှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တက်ရောက်ဆွေးနွေးကြသည်။

တန်ဖိုးရှိမည့် ရုပ်သံလိုင်း

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်သံထုတ်လွှင့်မှုကဏ္ဍတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)ကို အရည်အသွေးတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ MRTV အနေဖြင့် ယခင်က Forever Group နှင့် ရွှေသံလွင်မီဒီယာတို့နှင့်သာ ဖက်စပ်ဆောင်ရွက်ခဲ့ရာမှ ယခုအခါ Content Provider (၅)ခုဖြစ်သည့် Mizzima, DVB, Channel K , YTV , Fortune TV တို့မှလည်း ထုတ်လွှင့်/ပြသလျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရုပ်မြင်သံကြားနှင့် သတင်းစာများတွင်လည်း ရန်ကုန်မြို့တော်ဆိုင်ရာ သတင်းများကို အများဆုံး ထုတ်လွှင့်ဖော်ပြလျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တော်ဆိုင်ရာ သတင်းများသည် အများပြည်သူ စိတ်ဝင်စားဖွယ်သတင်းများဖြစ်သောကြောင့် တန်ဖိုးရှိမည့် ရုပ်သံလိုင်းတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဟု မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ပိုမိုခရီးပေါက်မည်ဟုမျှော်လင့်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူလူထုနှင့် ဆက်သွယ်ပြန်ကြားခြင်းလုပ်ငန်းကို City FM နှင့် မြို့တော်သတင်းစာတို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ပုံနှိပ်မီဒီယာဖြစ်သည့် မြို့တော်သတင်းစာကို အွန်လိုင်းမီဒီယာဖြစ်သည့် ဒစ်ဂျစ်တယ်သတင်းစာအဖြစ် ပြောင်းလဲနိုင်ရန်နှင့် တစ်ဖက်တွင် ရုပ်မြင်သံကြားအစီအစဉ်တစ်ခုကို ပေါင်းစည်းဆောင်ရွက်နိုင်ရန် လုပ်ဆောင်သွားလိုပါကြောင်း၊ ထိုသို့ ပေါင်းစည်းဆောင်ရွက်နိုင်ပါက ပြည်သူလူထုအတွက် အသိပညာပေးခြင်းလုပ်ငန်းမှာ ပိုမိုခရီးပေါက်မည်ဟု မျှော်လင့်ပါကြောင်း၊ ထိုသို့ စီစဉ်ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရန်ကုန်မြို့တော် ရုပ်သံလိုင်း(City Channel)ထုတ်လွှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်က Yangon City ရုပ်သံလိုင်း တိုးချဲ့ထုတ်လွှင့်လိုမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က Yangon City ရုပ်သံလိုင်း ထုတ်လွှင့်လိုမှုနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မည့်ပုံစံနှင့် လုပ်ငန်းစဉ်၊ MRTV နှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများ၊ Content Provider များ၏ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းအကြံပြုဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသူများက Yangon City ရုပ်သံလိုင်း ထုတ်လွှင့်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် Yangon City Channel ဖြစ်မြောက်ရေးဆောင်ရွက်ရာ၌ ပြန်ကြားရေးဝန်ကြီးဌာနမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးနိုင်ရန်နှင့် Yangon City Channel ဖြစ်မြောက်ရေးကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းလုပ်ငန်းအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် စတူဒီယို ၁ နှင့် သတင်းခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်ပြည်သစ်ပါတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အစိုးရနှင့် ပြည်သူလက်တွဲပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အထူးစောင့်ရှောက်ရန်လိုအပ်သော ကလေးများလေ့ကျင့်သင်ကြားရေးကျောင်းသို့ သွားရောက်ပြီး ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သင်တန်းဆရာမများ၊ ကျောင်းသားမိဘများ နှင့် တွေ့ဆုံဆွေးနွေး၍ အထူးစောင့်ရှောက်ရန်လိုအပ်သောကလေးငယ်များအား လေ့ကျင့်သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော ကလေးပြုစုရေးဌာနသို့ သွားရောက်ခဲ့ပြီး ကလေးများအတွက် ကစားစရာ အရုပ်များ ပေးအပ်ကာ အာဟာရကျွေးမွေးသည်။

ထို့နောက် Safe House သို့သွားရောက်၍ စောင့်ရှောက်ထားသော အမျိုးသမီးငယ်များကို နှစ်သိမ့်အားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

မလယ်ကျေးရွာ၊ သပိတ်ကျင်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာနှင့် ငွေးပင်ကျေးရွာ၊ ဗန်းမော်မြို့နယ်ရှိ ရေနီကျေးရွာတို့တွင် ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ရှော့တိုက်ငါးဖမ်းဆီးသော လှေ ခုနစ်စင်း၊ ရှော့ပိုက် ၁၀ လက်၊ ရှော့ဂေါ်တံ ၂၁ ချောင်း၊ ရှော့ပိုက်သုံးလက်၊ ရှော့ပုံး သုံးလုံး၊ ဘက်ထရီအိုး နှစ်လုံး၊ အဆိပ်ချဖမ်းဆီးရာတွင် အသုံးပြုသော ဆေး နှစ်ဘူး၊ ဝိုင်ယာကြိုး နှစ်ခွေ တို့ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၉ ခုနှစ် ဧရာဝတီလင်းပိုင် သုတေသနစစ်တမ်း ကောက်ယူရာတွင် မန္တလေးမှ ကျောက်မြောင်းကြား(ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေး ဧရိယာ ၁) တွင် ၂၄ ကောင်၊ ထီးချိုင့်-ကသာ-ရွှေကူ (ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေး ဧရိယာ ၂) အပါအဝင် ကန့်ဘလူမြို့နယ် မလယ်နှင့် ကချင်ပြည်နယ် ရွှေကူ မြို့ကြားတွင် ၃၄ ကောင်နှင့် ဗန်းမော်မြို့နယ်တွင် ၁၄ ကောင် စုစုပေါင်း ၇၂ ကောင်ကို သုသေနပြုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"၂၀၁၉ ခုနှစ်က ဧရာဝတီလင်းပိုင် သုံးကောင် သေဆုံးမှုရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အစောပိုင်းမှာ တစ်ကောင် သေဆုံးခဲ့ပါတယ်။ ဧရာဝတီလင်းပိုင် အကောင်ငယ် ပေါက်ပွားမှုတွေကို လည်း တွေ့ရှိခဲ့ပါတယ်" ဟု ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး တာဝန်ခံ ဦးကျော်လှသိန်းက ပြောသည်။

သတင်း- သန်းဇော်မင်း(ပြန်/ဆက်)
ဓာတ်ပုံ - WCS

ကိုက်ပွဲရှောင်ပြည်သူများအား တန်ဖိုးနည်းအိမ်ရာ လွှဲပြောင်းပေးအပ်

ဆဒုံး ဖေဖော်ဝါရီ ၂၃

ကချင်ပြည်နယ်ရှိ တိုက်ပွဲရှောင် ပြည်သူများအား တန်ဖိုးနည်း အိမ်ရာသစ် ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီက အိမ်ရာသစ်ဆောက်လုပ်ထားသည့် နေရာ၌ကျင်းပရာ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းနှင့် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးနေဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီက အားပေးစကား ပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းက ဆန်နှင့်ဆီ ကိုလည်းကောင်း၊ လူမှုရေးဝန်ကြီး ဦးနေဝင်းက ပဲနှင့်ဆား ကိုလည်းကောင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီက ထောက်ပံ့စရိတ်နှင့် ခြုံစောင်များကိုလည်းကောင်း၊ ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက family kit ပစ္စည်းများကို လည်းကောင်း၊ ဝိုင်းမော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက family kit ပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ သိန်းမျိုးက ဆေးစိမ်ခြင်ထောင်များကိုလည်းကောင်း၊ ပြည်နယ်ကြက်ခြေနီမှ Hygiene kit များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)** ထောက်ပံ့ပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၁၃၇၃၁ဖရ၉ ရှိပြီး တိုက်ပွဲရှောင်ပြည်သူများ ကိုယ်စား ဦးဂူဝူက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် အစိုးရအဖွဲ့ တာဝန်ရှိသူများက တန်ဖိုးနည်းအိမ်ရာများကို ကြည့်ရှုပြီး တိုက်ပွဲရှောင်ပြည်သူများအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ဆဒုံးမြို့ တိုက်ပွဲရှောင်စခန်းတွင် နေထိုင်ကြသည့် ပြည်သူများအတွက် အိမ်ရာသစ် ဆောက်လုပ်ပေးရန်အတွက် ဆဒုံးမြို့ ဆာနာကျေးရွာနေ ဦးနေ့တားပိုင်ဆိုင်သည့် မြေနေရာ အကျယ် ၄ ဒသမ ၅ ဧကခန့်ကို ဦးနေ့တားက လျှုဒါန်းခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနရန်ပုံငွေဖြင့် အိမ် အလုံးရေ ၄၀ စုစုပေါင်း ငွေကျပ်သန်း ၃၀၀ ဖြင့် ၁၈ ပေ x ၂၄ ပေ x ၁၂ ပေ အိမ်ရာသစ်များကို ဆွမ်ပရာဘွမ်ကုမ္ဂဏီ၊ ထော့ဂေါ်ဘွမ်ကုမ္ဂဏီ၊ သစ်ထူးကုမ္ဂဏီတို့ဆောက်လုပ်ပြီး ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ရန်ပုံ ငွေကျပ် ၂၂ ဒသမ ၅ သန်းဖြင့် ရွှေချီဖွေကုမ္ဂဏီက ဆောက်လုပ်ပေးခဲ့သည်။ တန်ဖိုးနည်းအိမ်ရာ အလုံး ၄၀ ကို တိုက်ပွဲရှောင်ပြည်သူများက မဲနှိုက်စနစ်ဖြင့်ရွေးချယ်ခဲ့ရာ အိမ်ရာသစ်သို့ ပြောင်းရွှေ့အိမ်ထောင်စု ၃၈ စုနှင့် ကျန်ရှိသည့် အိမ်ထောင်စု ၄၆ စု ရှိကြောင်း သိရသည်။ **ကျော်နိုင်ဌေး(ပြန်/ဆက်)**

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

မိုး/ဧလ

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရန်ကင်းကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း မွမ်းမံပြင်ဆင်မှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း မွမ်းမံပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများက သင်တန်းကျောင်း၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ပို့ချနေသည့် သင်တန်းများ၊ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ NSSA ၏ သတ်မှတ်ချက်နှင့် အညီ Assessment စစ်ဆေးမှုများနှင့် ကျောင်းအတွင်း အဆောက်အဦများ မွမ်းမံပြင်ဆင်မှုများကို ရှင်းလင်းတင်ပြကြပြီး JICA မှ Mr. Yamada Ryo က ကျောင်းအစည်းအဝေးခန်းမအသစ်ဖွဲ့စည်းပြင်ဆင်နေမှုကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းသည် JICA၊ KND တို့နှင့် ပူးပေါင်း၍ ဆောက်လုပ်ရေး အလုပ်အကိုင်အတွက် လေ့ကျင့်သင်ကြားပေးနေပါကြောင်း၊ လျှပ်စစ်၊ အဲယားကွန်း၊ ဂဟေဆက်လုပ်ငန်းစစ်ဆေးအကဲဖြတ်မှုများသည် ကျွမ်းကျင်လုပ်သားများအတွက် များစွာအထောက်အကူဖြစ်ပါကြောင်း၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဝန်ကြီးဌာနမှ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်မွေးပညာလုပ်ငန်းများနှင့် ပတ်သက်၍ နယ်ပယ်ဇုန်အလိုက် စျေးကွက်နှင့်ကိုက်ညီသော သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ရန်လိုအပ်ကြောင်း၊ နည်းပြများအနေဖြင့် စဉ်ဆက်မပြတ်အရည်အချင်း မြင့်မားအောင်လေ့လာသင်ယူရန် လိုအပ်ကြောင်း၊ သင်တန်းကျောင်းအဆောက်အဦ တိုးချဲ့ရေးနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေးတို့ကို နှစ်အလိုက် ဘတ်ဂျက်လျာထား ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကျောင်းအတွင်း အာဆီယံကျွမ်းကျင်မှု ပြိုင်ပွဲ၌ အအေးပေးလုပ်ငန်းနှင့် လေအေးပေးစက် တပ်ဆင်မှုပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်မည့် လူငယ်များကို လေ့ကျင့်ပေးနေမှုနှင့် လေအေးပေး စက်တပ်ဆင်မှု အဆင့် ၁ စစ်ဆေးအကဲဖြတ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး JICA ၏ အကူအညီဖြင့် ကျောင်းအစည်းအဝေးခန်းမနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးစင်တာတို့အား ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ကျောင်းအတွင်း အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ၌ အအေးပေးလုပ်ငန်းနှင့် လေအေးပေးစက် တပ်ဆင်မှုပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်မည့် လူငယ်များကို လေ့ကျင့်ပေးနေမှုအား ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

ရခိုင်ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်စေရေးဦးတည်သော အမျိုးသမီးများ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၊ ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့(CDNH)တို့ ပူးပေါင်းပြုလုပ်သည့် ရခိုင်ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်စေရေးဦးတည်သော အမျိုးသမီးများတွေ့ဆုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းလွင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုသည့် ရည်မှန်းချက်ပန်းတိုင်ပြည့်မီအောင် ဖြစ်စေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ် အရေးကိစ္စများကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ပြီး ရေတိုရေရှည် နည်းလမ်းများဖြင့် စီမံဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီလေးခု ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ကြောင်း။

ထို့အပြင် ဒေါက်တာကိုဇီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး အကြံပြုချက်များကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့အပြင် ပြည်ထောင်စုစီမံကိန်းဖြစ်သည့် လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ကို ဖွဲ့စည်းကာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အပြင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များအား ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကိုလည်း ပြုလုပ်ပေးခဲ့ကြောင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ အပါအဝင်ကဏ္ဍအသီးသီး ပိုမိုတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒုတိယဝန်ကြီး ဦးမင်းလွင် ရခိုင်ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်စေရေးဦးတည်သော အမျိုးသမီးများ တွေ့ဆုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အားလုံးပိုင်းဝန်းကြိုးပမ်း

ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကို ရခိုင်ပြည်နယ်တွင် အရေးတကြီးလိုအပ်နေကြောင်း၊ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံးအကြား လူမှုသဟဇာတဖြစ်မှုနှင့် ယုံကြည်မှုတည်ဆောက်ရေးအတွက် ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အဓိကကျပြီး လွန်စွာမှအရေးကြီးကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပယ်ဖျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(UNCEDAW) ကို လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံအပါအဝင်ဒေသတွင်း အမျိုးသမီးအဖွဲ့များနှင့် လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပဋိပက္ခကာလအတွင်းအမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ ပူးတွဲကြေညာချက်(Joint communique)ကို ပဋိပက္ခအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် လက်မှတ်ရေးထိုးပြီးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ (မူကြမ်း) ကိုလည်း ရေးဆွဲပြီး လွှတ်တော်တွင် ဆွေးနွေးနေပြီဖြစ်ကြောင်း၊ ယခုလိုဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသော မတူကွဲပြားသည့်သူများအကြား အပြန်အလှန်လေးစားမှုနဲ့ အပြန်အလှန်နားလည်မှုတို့ တိုးတက်စေပြီး ငြိမ်းချမ်းရေး တိုးတက်မှုအတွက် အားကောင်းလာစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မိတ်ဆွေနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ၏ နားလည်ပံ့ပိုးမှုသည် အရေးကြီးသောကြောင့် ဆက်လက်ပံ့ပိုးကူညီရန် တိုက်တွန်းလိုပါကြောင်း၊ ပဋိပက္ခများ ဖြစ်ပွားခြင်းမှ ရှောင်လွှဲရန်နှင့် ပဋိပက္ခများအဆုံးသတ်စေရန် အားလုံးပိုင်းဝန်း ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH) ၏ အမှုဆောင်ဒါရိုက်တာ ဒေါက်တာကျော်ရင်လှိုင်က CDNH အဖွဲ့၏ ဆောင်ရွက်လျက်ရှိသော လူမှုသဟဇာတဖြစ်စေရေး ဦးတည်သည့်လုပ်ငန်းများ အကြောင်းကို လည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်က ဆွေးနွေးပွဲများ ကျင်းပရခြင်းအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ NRPC မှ တာဝန်ရှိသူများ၊ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့များနှင့် ICRC တို့မှ အကြီးအကဲများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များမှ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှ ကိုယ်စားလှယ် ၁၄၀ တက်ရောက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲပထမနေ့ကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။

ငါးရက်ကြာ ကျင်းပမည်ဖ

ဆွေးနွေးပွဲကို ငါးရက်ကြာ ကျင်းပမည်ဖြစ်ပြီး လူမှုသဟဇာတဖြစ်စေရေးကို ဦးတည်သော အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကျေးရွာပြည်သူများ လက်ဝယ်အရောက် စွမ်းအားမြှင့်မီးဖိုများဖြန့်ဝေ

ပြည် ဖေဖော်ဝါရီ ၂၃

ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအိမ်ထောင်စုများအား စွမ်းအားမြှင့်မီးဖိုများ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့က လည်းကူး ကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အဆိုပါ လှည်းကူးကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ၅၁၅ စု အတွက် တစ်အိမ်ထောင်လျှင် မီးဖိုတစ်လုံးနှုန်းဖြင့် စုစုပေါင်းစွမ်းအားမြှင့်မီးဖို ၅၁၅ လုံးကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်ရွှေနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး ပန်းတောင်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ်အတွင်း အိမ်ထောင်စု စုစုပေါင်း ၁၁၄၈၅ စုအတွက် ဖြန့်ဝေပြီးဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလတံတားတည်ဆောက်ရေးစီမံကိန်းအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် ယနေ့နံနက် ပိုင်းတွင် ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်မည့် မြန်မာ – ကိုရီးယားချစ်ကြည်ရေး ဒလတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရန်ကုန်မြို့ဘက်ခြမ်းရှိ စီမံကိန်းရှင်းလင်းဆောင်တွင် တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို့နှင့် Contractor ကုမ္ပဏီဖြစ်သော GS Engineering & Construction Corporation မှ Project Director Mr.Yunho Cho တို့က တံတားဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြီးစီးမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ကြကာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပင်မတံတားတည်ဆောက်ရေးလုပ်ငန်းများဖြစ်သော Pylon အမှတ်(၁) နှင့် အမှတ်(၂)၏ Bored Pile တူးရန်အတွက် Working Platform များ ပြုလုပ်နေမှုအခြေအနေများနှင့် ယာယီတံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒလဘက်ကမ်းသို့ ရေယာဉ်ဖြင့် သွားရောက်၍ ပင်မတံတားတည်ဆောက်ရေးလုပ်ငန်းများ၊ Batching Plant နှင့် Casting Yard ဆောင်ရွက်ထားမှု၊ ဒလတံတားချဉ်းကပ်တံတားအတွက် ဘိုးပိုင်တူးခြင်းလုပ်ငန်းများ၊ ပိုင်ထိပ်အုပ်လုပ်ငန်းအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒုတိယဝန်ကြီးက Contractor ကုမ္ပဏီနှင့် Sub-Contractor ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီကောင်းမွန်စေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စသည့်အချက်များကို အဓိကထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဒလတံတားစီမံကိန်းမှာ စုစုပေါင်း တံတားအရှည် ၁၈ဒဿဂ၇ မီတာ၊ အကျယ် ၂၆ ဒသမ ၅ မီတာ၊ လေးလမ်းသွားဖြစ်ပြီး Bored Pile အုတ်မြစ်၊ သံကူကွန်ကရစ် ကိုယ်ထည် အပေါ်တွင် သံမဏိကြိုးဆိုင်းတံတားဖြစ်ကာ တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန် ဖြစ်သည်။

ဒလတံတားတည်ဆောက်ရေးစီမံကိန်းကို ကိုရီးယားသမ္မတနိုင်ငံဘက်မှ ချေးငွေအမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃ သန်း၊ မြန်မာဘက်ကထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄ သန်း စုစုပေါင်း ၁၈၈ ဒသမ ၁၇ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် မေလတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ခုနှစ်ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလတံတားတည်ဆောက်ရေးစီမံကိန်းအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ထိုင်းနိုင်ငံ ချွန်ဖွန်းခရိုင်နှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကုန်သွယ်မှုမြှင့်တင်ရေး စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲ မြိတ်မြို့၌ ကျင်းပ

မြိတ် ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံ ချွန်ဖွန်းမြို့မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ လေကြောင်းခရီးစဉ် အစီအစဉ်ဖြင့် ချွန်ဖွန်းဒေသနှင့် မြိတ်ဒေသရှိ အသေးစား၊ အလတ်စား ထုတ်ကုန်များ၊ ကုန်စည်ဖလှယ်ခြင်းလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းက မြိတ်မြို့ Grand Jade Hotel ၌ စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။ **(အေပါ်ပုံ)**

ဆွေးနွေးပွဲတွင် မြိတ်-ချွန်ဖွန်း လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေး၊ ကြက်မောက်၊ ဒူးရင်း၊ လိုင်ချီးသီး စိုက်ပျိုးရေးလုပ်ငန်း၊ ရေထွက်ပစ္စည်းများ လေကြောင်းလိုင်းဖြင့် ပို့ဆောင်နိုင်ရေး၊ ခရီးသွားလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ ဆေးဝါးလုပ်ငန်း၊ ရွှေလုပ်ငန်း၊ မြိတ်မြို့နှင့် ချွန်ဖွန်းမြို့တို့တွင် စျေးရောင်းပွဲတော်ကျင်းပနိုင်ရေး၊ နှစ်နိုင်ငံ ကုန်စည်ဖလှယ်ရေး၊ နှစ်နိုင်ငံ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတို့ကို ဆွေးနွေးကြသည်။

"မြိတ်မြို့ဟာ စီးပွားရေးကို အရှိန်အဟုန်နဲ့ တိုးတက်နေတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ တစ်ဖက်မှာလည်း မောတောင်နယ်စပ် ထိုင်းနိုင်ငံ ပရာကျွတ်မြို့ ဆင်ခွန်းဂိတ်မှ နှစ်နိုင်ငံ ကုန်သွယ်မှုကဏ္ဍအနေနဲ့ ဆောင်ရွက်နေတာရှိပါတယ်။ အခုလို ချွန်ဖွန်းမှ ထပ်ဆင့်ပြီးတော့ ကုန်သွယ်မှုလမ်းကြောင်း ပိုမိုတိုးမြှင့်လာမယ်ဆိုရင် မြိတ်မြို့ဟာ အင်မတန်မှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီးတော့ အာဆီယံကို ပြန်လည်ပြီးတော့ ထုတ်ကုန်ပစ္စည်းတွေကို တင်ပို့နိုင်တဲ့ တစ်နည်းအားဖြင့် အာဆီယံ စီးပွားရေး အသိုင်းအဝိုင်းကိုပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေ များစွာ တည်ဆောက်လာနိုင်မှာ ဖြစ်ပါတယ်" ဟု စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန မြိတ်ခရိုင် ဦးစီးမှူး ဦးဖြိုးဇာနည်ဝင်းက ပြောသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ချွန်ဖွန်းခရိုင် ကုန်သည်ကြီးများ အသင်းခေါင်းဆောင် Mr. Paiboon Limlertvatee က နှုတ်ခွန်းဆက် စကားပြောကြားပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက စီးပွားရေးလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ စုစုပေါင်း ၃၀ ကျော်နှင့် ထိုင်းနိုင်ငံ ချွန်ဖွန်းခရိုင် ကုန်သည်ကြီးများ အသင်းမှ စီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၁၃ ဦး တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(မြိတ်)

ကင်းထောက် စတင်တည်ထောင်သူ အထိမ်းအမှတ်နေ့နှင့် ကင်းထောက်လူငယ်များ၏ အသိပညာမျှဝေခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကင်းထောက်စတင်တည်ထောင်သူ လော့ဒ်ဗေဒင်ပါဝဲလ် အထိမ်းအမှတ်နေ့(Scout Founder Day)နှင့် ကင်းထောက်လူငယ်များ၏ အသိပညာမျှဝေခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ကမ္ဘာ့ကင်းထောက်အဖွဲ့ကို ၁၉၀၇ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည့်အတွက် လော့ဒ်ဗေဒင်ပါဝဲလ် Founder Day သည် ယနေ့ဆိုလျှင် (၁၁၃)နှစ်ပြည့် ပြီဖြစ်သည့် အခမ်းအနားဖြစ်ကြောင်း၊ ကမ္ဘာ့ကင်းထောက် အဖွဲ့ကြီးသည် ကမ္ဘာ့နိုင်ငံလေးခုက လွဲပြီး တစ်ကမ္ဘာလုံးကို လွှမ်းခြုံပျံ့နှံ့သွားကာ ကင်းထောက်အရည်အတွက် သန်း ၅၀ အထိရှိခဲ့ပြီး ကင်းထောက်အမျိုးသမီးအဖွဲ့သည်လည်း အဖွဲ့ဝင် ၁၀ သန်းကျော်နှင့် လှုပ်ရှားနေသည်အထိ ထူးခြားသည့် ဝိသေသဖြစ်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ကင်းထောက်မောင်မယ်လူငယ်များက မိမိနိုင်ငံသူ နိုင်ငံသားများအတွက် အားထားယုံကြည်ထိုက်သော၊ ဂုဏ်သိက္ခာရှိသော စွမ်းဆောင်ရှင်များ ဖြစ်ကြရန် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ကင်းထောက်အကျိုးတော် ဆောင် တော်ဝင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေး အား လည်းကောင်း၊ မြန်မာနိုင်ငံ ကင်းထောက်ကြီး ဒေါက်တာဦးသန်းဦးက မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းများတွင် အစဉ်သဖြင့် ကူညီပေးသော Habitat for Humanity Myanmar မှ Co-ordinatior ဦးမြမင်းထွန်း အား လည်းကောင်း၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ကင်းထောက်ကြီး စာရေးဆရာ ဦးဟိန်းလတ်၊ အမျိုးသားစာပေဆုရ မြန်မာနိုင်ငံ ကင်းထောက်ကြီး စာရေးဆရာ ကောင်းသန့်တို့က ကင်းထောက်ဆိုင်ရာ ပညာပေး ဟောပြောပြီး အမေရိကန်တွင် ကျင်းပခဲ့သည့် (၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက် ဂျမ်ဘူရီ စခန်းချပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာ ကင်းထောက်အဖွဲ့ ကိုယ်စားပြု Brainworks Total International School မှ ကင်းထောက်လူငယ် မရှင်းသန့်လှိုင်က ကင်းထောက် စခန်းချ တွေ့ဆုံပွဲ အတွေ့အကြုံ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် ကျင်းပသည့် (၉)ကြိမ်မြောက် Sharjah International Scout တွေ့ဆုံပွဲ တက်ရောက်သည့် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ကင်းထောက်ခေါင်းဆောင် မောင်မင်းမင်းထက်က တွေ့ဆုံပွဲ အတွေ့အကြုံ များကို ပြောကြားပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ သဘာဝ ဘေးအန္တရာယ် ကူညီလှူဒါန်းခြင်း အစီအစဉ်တွင် ကူညီလှူဒါန်းပေးခဲ့ကြသော တက္ကသိုလ်နှင့် ကျောင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်လက်ပြီး အဖွဲ့ငါးဖွဲ့ခွဲကာ ကမ္ဘာ့ကင်းထောက်အဖွဲ့ လုပ်ငန်းများ၊ ငြိမ်းချမ်းရေးသံတမန်များ လုပ်ငန်းများ၊ ငြိမ်းချမ်းရေး စကားဝိုင်းများ၊ ကျား၊ မ ရေးရာကိစ္စများ၊ ကင်းထောက်အဖွဲ့ဝင် တိုးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ လူငယ်ရေးရာ ညှိနှိုင်းရေးမှူး ကိုဖြိုးသူရဝင်းက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ လုပ်ငန်းစဉ် ပြီးစီးမှုများနှင့် ရှေ့ဆက် လုပ်ဆောင်မည့် လုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် အခမ်းအနား တက်ရောက်လာကြသူများအား ကျန်းမာရေး ဦးစီးဌာနမှ COVID-19 လက်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကူးစက်ပျံ့နှံ့မှု ကာကွယ်နိုင်ရေး အတွက် ဖြန့်ဝေသည့် လက်ကမ်းပိုစတာများ၊ စာစောင်များကို ကင်းထောက်အဖွဲ့ဝင်များက ပညာပေး ဖြန့်ဝေပေးကြသည်။

မြန်မာ့အလင်း

အဆိပ်သင့်ခဲ့ကြသော ပစ္စုပ္ပန်နှင့် အနာဂတ်များ

နေလင်းဦး

လူမှုကွန်ရက်စာမျက်နှာတွေမှာ စက်ရုံကစွန့်ပစ်ပစ္စည်းတွေကြောင့် မြစ်ရေ၊ ချောင်းရေတွေ အရောင်ပြောင်းကုန်တာ၊ ရေနေသတ္တဝါတွေ ထူးထူးဆန်းဆန်းသေကြတာ စတာတွေကို ဓာတ်ပုံတွေနဲ့တကွ ဖော်ပြကြတာ မကြာမကြာတွေ့နေရပါတယ်။ ဒါတွေကို သက်ဆိုင်ရာကုမ္ဗဏီ၊ ဒေသခံနဲ့၊ အာဏာပိုင်တွေ ပူးပေါင်းဖြေရှင်းကြတာကိုလည်း အားတက်ဖွယ်တွေ့ရတယ်။ ဒီလိုကိစ္စမျိုးတွေဟာ ရေတိုဖြေရှင်းနည်းအပြင် ရေရှည်အတွက်ပါ ရည်ရွယ်ရမှာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ဒေသရဲ့ သဘာဝပတ်ဝန်းကျင်၊ ဒေသခံတွေရဲ့ ကျန်းမာရေး၊ လူမှုစီးပွား၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနဲ့ လာမယ့်မျိုးဆက်တွေရဲ့ အနာဂတ်တွေအထိပါ အရေးပါနေလို့ပဲဖြစ်ပါတယ်။

ဒီသတင်းဖော်ပြချက်တွေဟာ ကျွန်တော့်ကို ဖြစ်ရပ်ဆိုးသုံးခုကို သွားပြီးသတိရမိစေတယ်။ တိုင်းသိ၊ပြည်သိ ဖြစ်ခဲ့ရုံတင်မကဘဲ ကမ္ဘာကပါ တုန်လှုပ်ခဲ့ရတယ်။ အခုထိလည်း ဒီဖြစ်ရပ်ဆိုးရဲ့ နောက်ဆက်တွဲဆိုးကျိုးဂယက်ကို သက်ဆိုင်သူတွေ၊ မိသားစု၊ ဆွေမျိုးသားချင်းတွေနဲ့ ၎င်းတို့ရဲ့ မျိုးဆက်တွေကပါ ရင်ဆိုင်နေကြရတုန်းဖြစ်တယ်။ အထိအနာဆုံးကတော့ ဒေသခံတွေပဲဖြစ်တယ်။ ဘဝတွေကို ရင်းခဲ့ကြရတယ်။ အနာဂတ်တွေကို ရင်းခဲ့ကြရတယ်။ ဘဝမှာရှင်သန်နေထိုင်ခွင့်ဟာ သူတို့ရဲ့ ပစ္စုပ္ပန်နဲ့ အနာဂတ်တွေ အဆိပ်သင့်ခံကြဖို့ ဖြစ်လာခဲ့တယ်။

အိတိုင်း-အိတိုင်းရောဂါ (Itai-Itai disease)

(သို့) 'နာလိုက်တာ' ရောဂါ

ဂျပန်လို 'Itai-Itai' ဆိုတာ 'နာတယ်၊ နာတယ်' လို့ အဓိပ္ပာယ်ရတယ်။ ဒီရောဂါခံစားရသူမှန်သမျှဟာ ဝေဒနာကို မခံစားနိုင်ဖြစ်ပြီး ထုတ်ဖော်ညည်းတွားမိကြရင်းက ရောဂါနာမည်တွင်လာတာဖြစ်တယ်။ ဒီရောဂါဟာ ဂျပန်နိုင်ငံ တိုယာမစီရင်စုမှာ ဖြစ်ခဲ့တယ်။ မီဇုအီဓာတ် သတ္တုကုမ္ဗဏီ (Mitsui Mining and Smelting Company) ကနေ ကက်ဒမီယံ (Cadmium) လို့ခေါ်တဲ့ ဓာတုပစ္စည်းတစ်မျိုးကို ဂျင်ဇုမြစ်ထဲ စွန့်ပစ်တယ်။ ဒီတော့မြစ်ဝှမ်းလွင်ပြင်မှာနေကြပြီး မြစ်ရေကိုသောက်သုံးကြတဲ့၊ မြစ်ရေနဲ့ စိုက်ပျိုးတဲ့အစားအစာတွေ ဥပမာ- စပါး၊ ဟင်းသီး ဟင်းရွက်စတာတွေကို စားသုံးကြတဲ့ ဒေသခံတွေဟာ ဒီရောဂါဆိုးကို ခံစားကြရတယ်။ မွေးလာတဲ့ကလေးတွေမှာပါ ဒီရောဂါဆိုးက တွယ်ကပ်ပါလာတယ်။

ရောဂါဝေဒနာတွေကတော့ ကျောရိုးနဲ့ ခြေထောက်တွေ မခံမရပ်နိုင်အောင် နာကျင်တာ၊ အရိုးအဆစ်တွေ ပုံပျက်တာ၊ သွေးနီဥနဲ့ပတ်သက်တဲ့ ရောဂါ၊ ကျောက်ကပ် အနေအထား မမှန်ဖြစ်တာ စတာတွေဖြစ်တယ်။ ရောဂါသည်အများစုက အိပ်ရာထဲမှာပဲ လဲ့နေကြရတယ်။ ထထိုင်တာ၊ လမ်းလျှောက်တာဟာ ဆိုးဆိုးရွားရွား နာကျင်မှုဝေဒနာ ခံစားကြရတာကြောင့် ဖြစ်တယ်။ လက်ရှိတွေ့ကြုံခံစားခဲ့ရသူတွေသာမကဘဲ ၎င်းတို့ရဲ့မျိုးဆက်တွေဟာလည်း လူစဉ်မမီ၊ ရောဂါဝေဒနာရှင်တွေအဖြစ် မွေးဖွားလာကြပြီး ဒီရောဂါရဲ့အကျိုးဆက်ကို ခံစားခဲ့ကြရပါတယ်။

အစတုန်းကတော့အလုပ်ဒဏ်၊အာဟာရမလုံလောက်တဲ့ဒဏ်တွေကြောင့် ဒီရောဂါဖြစ်တယ်လို့ ယူဆခဲ့ပေမယ့် နောက်ပိုင်းသိပ္ပံနည်းကျ စစ်ဆေးတွေ့ရှိချက်တွေအရ ကက်ဒမီယံကို မြစ်ထဲစွန့်ပစ်တာကနေ စဖြစ်တယ်ဆိုတာ သိလာကြရတယ်။ အိတိုင်း-အိတိုင်းရောဂါကို ဂျပန်အစိုးရက ၁၉၆၈ မှာ တရားဝင် စတင်အသိအမှတ်ပြုလက်ခံခဲ့တယ်။ ဥပဒေကြောင်းအရ စုံစမ်းစစ်ဆေးမှုတွေအပြီး သဘာဝပတ်ဝန်းကျင် ညစ်နွမ်းမှုကြောင့်ဖြစ်တဲ့ ရောဂါအဖြစ် ဂျပန်မှာပထမဆုံး သတ်မှတ်ခဲ့တာလည်းဖြစ်တယ်။

ဒေသခံတွေ ကုမ္ဗဏီကို ၁၉၆၈ ခုနှစ်မှာပဲ တရားစွဲဆိုကြတယ်။ ၁၉၇၁ မှာ တရားနိုင်ပြီး ဂျပန်မှာ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့်ဖြစ်တဲ့ရောဂါအတွက် ကုမ္ဗဏီကို တရားခွင်မှာ ဒေသခံတွေက ပထမဆုံးအနိုင်ယူလိုက်နိုင်ခဲ့တဲ့ အမှုလည်းဖြစ်တယ်။ ၁၉၇၂ ခုနှစ် ဒုတိယအကြိမ် တရားခွင်မှာလည်း ဒေသခံတွေအနိုင်ရပြီး ထိခိုက် နစ်နာသူတွေ မကြုံဖူးလောက်အောင် ပူးပေါင်းပါဝင် တရားစွဲဆိုခဲ့တာဖြစ်တယ်။ တရားခွင်မှာပေးလိုက်ရတဲ့ လျော်ကြေးက ၂၀၁၁ ခုနှစ်အထိဆို ဂျပန်ယန်း သန်း၂၀ ကျော်ပြီဖြစ်ပါတယ်။

ကက်ဒမီယံ (Cadmium) ဓာတုပစ္စည်း ဟာဂျင်ဇုမြစ်ထဲကိုတင် ညစ်နွမ်းစေတာမဟုတ်ဘဲ ပတ်ဝန်းကျင်က စိုက်ပျိုးမြေ၊ လယ်မြေကေပါင်းများစွာကိုပါ ထိခိုက်စေပါတယ်။ ဒါကြောင့် ဂျပန်အစိုးရက ၁၉၇၀ မှာ စိုက်ပျိုးမြေနေရာတွေမှာ မြေဆီမြေလွှာညစ်နွမ်းမှုကာကွယ်ရေးဥပဒေ (the Prevention of Soil Contamination in Agricultural Land Law) ကို စတင်ပြဋ္ဌာန်းခဲ့တယ်။ ဒါပေမယ့် စိုက်ပျိုးမြေတွေကို ပြန်လည်သန့်စင်ကျန်းမာလာအောင် လုပ်ရတဲ့အလုပ်ဟာ လုပ်အား၊ လူအားပေါင်းများစွာ သုံးပြီး လပေါင်း၊ နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရပါတယ်။

မီနာမာတာရောဂါ (Minamata disease)

ဂျပန်နိုင်ငံ ကုမမိုတိုစီရင်စု မီနာမာတာအရပ်မှာ ဖြစ်လို့ဒေသကိုအစွဲပြုပြီး မီနာမာတာရောဂါလို့ ခေါ်တယ်။ ၁၉၅၆ မှာ စတင်တွေ့ရှိ တယ်။ ကြောင်တွေ ထူးထူးဆန်းဆန်း ကခုန်နေကြတာကိုမြင်တော့ မီနာမာတာဒေသခံတွေအဖို့ အံ့သြရှင်မြူးဖွယ်ဖြစ်ခဲ့ကြရတယ်။ ဒီလိုကခုန်နေတဲ့အကြောင်းတွေရဲ့ နောက်မှာ ကြမ္မာဆိုးကြီးတစ်ခုကပ်ပါလာတယ်ဆိုတာ ဘယ်သူကမှ သတိမပြုမိကြ။ လူတွေကိုပါ သက်ရောက်လာချိန်မှာ ရောဂါသည်တွေဟာ စိတ်ပေါ်သွပ်ပျို့လွင့်သူတွေလို ဝေဒနာခံစားကြရပြီး ကံမကောင်းရင် အသက်ပါဆုံးရှုံးကြရတယ်။

ခြေတွေလက်တွေထုံပြီး လှုပ်မရဖြစ်တယ်။ ဟန်ချက်မထိန်းနိုင်တော့ဘူး။ မောပန်းနွမ်းနယ်နေတယ်။ နားထဲမှာ တစီစီအသံတွေကြားနေရတယ်။ အကြားအာရုံ ဆုံးရှုံးရတယ်။ အမြင်အာရုံ လျော့ပါးလာတယ်။ စကားပြောဆိုဆက်သွယ်နိုင်မှုစွမ်းရည်ကျဆင်းလာတယ်။ ဒီရောဂါရဲ့ အဓိကပြဿနာက အာရုံကြောစနစ်ကို ကမောက်ကမဖြစ်စေတာပါ။ ကြောင်တွေကခုန်ကြတာ ပျော်လို့မဟုတ်ဘူး ဆိုတာ သိလိုက်ရချိန်မှာ အတော်နောင်းနေခဲ့ပါပြီ။

ရောဂါရဲ့လက်သည်က မီနာမာတာဒေသက ဓာတုဗေဒလုပ်ငန်းစုဖြစ်တဲ့ ချီဆိုကော်ပိုရေးရှင်းပါ။ စက်ရုံကနေ မီသိမ်းမာကျူရီတွေကို မီနာမာတာပင်လယ်အော်ထဲကို စွန့်ပစ်ရာက ပြဒါးအဆိပ်သင့်မှုဖြစ်တာပါ။ ရေထဲက ငါးသတ္တဝါတွေ အဆိပ်သင့်ရာက ငါးကိုစားတဲ့ ဒေသခံတွေပါ ပြဒါးအဆိပ်သင့်ကြတာပါ။ ၆၂နှစ်လောက် ကြာခဲ့ပေမယ့် အခုထိမီနာမာတာရဲ့ အကျိုးဆက်ကို ဗဟိုအစိုးရ၊ ဒေသအစိုးရ၊ ကုမ္ဗဏီ၊ ဒေသခံ၊ အရပ်ဘက်အဖွဲ့အစည်း တွေကနေ ဖြေရှင်းနေရတုန်းပါ။ ဒီရောဂါဟာလည်း အိတိုင်း- အိတိုင်း ရောဂါလို မျိုးဆက်ကိုပါ ဒုက္ခပေးတဲ့ရောဂါဖြစ်တယ်။

ယိုကာအိချိပန်းနာရင်ကျပ်ရောဂါ (Yokkaichi Asthma)

ယိုကာအိချိဆိုတဲ့မြို့လေးဟာ ၁၉၅၅ ပြည့်လွန်နှစ်တွေကတည်းက ညဆိမီးတွေထိန်ထိန်ညီးပြီး စည်ကားသိုက်မြိုက်တဲ့ မြို့လေးဖြစ်ပါတယ်။ မြို့သူမြို့သားအများစုဟာ မြို့လယ်မှာတည်ထားတဲ့ ရေနံချက်စက်ရုံမှာ အလုပ်လုပ်ကြပါတယ်။ ဂျပန်တစ်နိုင်ငံလုံးရဲ့ ရေနံ ၁၅ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်တဲ့အတွက် ရေနံမြို့လို့တောင် တင်စားခေါ်ဝေါ်ခဲ့ကြတယ်။

ဒီလိုမီးရောင်စုံညတွေဟာ မြို့ကိုအလှမဆင်နိုင်တော့ဘဲ မြို့သူမြို့သားတွေအတွက် အိပ်မက်ဆိုးတစ်ခုပမာဖြစ်လာခဲ့တာတော့ ၁၉၆၀ ပြည့်လွန်နှစ်တွေမှာ ဖြစ်ပါတယ်။ ညဘက် ဟိုအိမ်၊ ဒီအိမ်ဆီက မချိမဆံ့ချောင်းဆိုးသံတွေဟာ ယိုကာအိချိမြို့လေးကနေ ပတ်ဝန်းကျင်မြို့တွေအထိ ပျံ့နှံ့လာခဲ့ပါတယ်။ ဒီနောက်မှာ ယိုကာအိချိမြို့ခံတွေဟာ ၎င်းတို့ခံစားနေရတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာတွေကို စတင်သတိပြုပြောဆိုလာနေကြပါပြီ။ ဆေးသိပ္ပံပညာရှင်တွေကလည်း ကျောင်းသားလူငယ်တွေနဲ့ လူကြီးတွေကို စမ်းသပ်စစ်ဆေးပြီး ဒီအသက်ရှူလမ်းကြောင်းဆိုင်ရာ ပန်းနာရင်ကျပ်ရောဂါဟာ လေထုထဲကဆာလဖာဒိုင်အောက်ဆိုက်နဲ့ အများကြီးဆက်စပ်မှုရှိနိုင်တယ်ဆိုတာ တွေ့ရှိလာကြပါတယ်။ ဒါကိုတောင် ဒုတိယမြောက်ရေနံစက်ရုံကို ၁၉၆၃ ခုနှစ်မှာ ထပ်ဖွင့်ပါတယ်။ မြို့ခံတွေကို နှစ်သိမ့်ဖို့အတွက် မီးခိုးခေါင်းတိုင်တွေကို အမြင့်ကြီးတွေ တည်ဆောက်ပါတယ်။ ဒါပေမယ့် ယိုကာအိချိမြို့ရဲ့ လေထုထဲမှာ ဆာလဖာဒိုင်အောက်ဆိုက် ပါဝင်မှုပမာဏဟာ ယခင်ကထက် ရှစ်ဆခန့်မြင့်တက်သွားပါပြီ။

မီးခိုးခေါင်းတိုင်တွေကထွက်တဲ့ မီးခိုးဖြူဖြူတွေရဲ့ အောက်မှာဒေသခံတွေရဲ့ ကျန်းမာရေးအခြေအနေဟာ တစ်စတစ်စပိုဆိုးလာပါတယ်။ ကလေး ၄၈ ရာခိုင်နှုန်း၊ လူလတ် ၁၉ ရာခိုင်နှုန်းနဲ့ လူကြီး ၃၀ ရာခိုင်နှုန်းလောက်ဟာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာတွေနဲ့ နာတာရှည်ရောဂါတွေကို ကြုံလာကြရပါတယ်။ ဒီလိုရောဂါဟာ ယိုကာအိချိမြို့မှာစဖြစ်လို့ ဒေသကိုအစွဲပြုပြီး ယိုကာအိချိပန်းနာရင်ကျပ်လို့ ခေါ်ကြပါတယ်။ လူတွေတင်မက ရေနေငါးသတ္တဝါတွေလည်း ဒီအကျိုးဆက်ကို ခံကြရပါတယ်။ အနီးပတ်ဝန်းကျင်ကဖမ်းလို့ရတဲ့ ငါးတွေရဲ့အရသာဟာ ဆိုးဆိုးရွားရွားဖြစ်နေလို့ တံငါသည်တွေက အသက် မွေးဝမ်းကျောင်းပျက်စီးစေမှုနဲ့ စတင်ပြီးလျော်ကြေး တောင်းကြပါတယ်။ ၁၉၆၆ ခုနှစ်မှာ ဝေဒနာရှင်နှစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားပါတယ်။ အဲဒီနောက်မှာတော့ မြို့သူမြို့သားတွေဟာ ကုမ္ဗဏီကို တရားစွဲကြပါတယ်။ ၁၉၇၂ ခုနှစ်မှာပျက်စီးဆုံးရှုံးမှုတွေအတွက် သက်ဆိုင်ရာကုမ္ဗဏီခြောက်ခုက စုပေါင်းပြီး ပေးလျော်စေဖို့ တရားရုံးက အမိန့်ချခဲ့ပါတယ်။

ဒီရောဂါကြောင့် ဂျပန်အစိုးရဟာ ၁၉۶۷ ခုနှစ်မှာ သဘာဝပတ်ဝန်းကျင် ညစ်နွမ်းမှုထိန်းချုပ်ရေး အခြေခံဥပဒေ (the Basic Law for Environmental Pollution Control) ပြဋ္ဌာန်းခဲ့ပြီး နှစ်နှစ်အကြာမှာ သဘာဝပတ်ဝန်းကျင်ညစ်နွမ်းမှုနဲ့ဆက်စပ်တဲ့ လူနာတွေထူထောင်ရေးဆိုင်ရာဥပဒေ (the Law Concerning Special Measures for the Relief of Pollution-Related Patients) ကို ထပ်မံပြဋ္ဌာန်းခဲ့ပါတယ်။ ဒုံအပြင် အမျိုးသားလေထုညစ်ညမ်းမှုဆိုင်ရာ စံနှုန်းသတ်မှတ်ချက်ကိုလည်း မြှင့်တင်ခဲ့ပါတယ်။

အဆိုပါ အိတိုင်း-အိတိုင်း၊ မီနာမာတာနဲ့ ယိုကာအိချိရောဂါတွေကြောင့် ကုမ္ဗဏီတွေဟာလည်း ဘဝပျက်မတတ် ဖြစ်ခဲ့ကြတယ်။ ဆိုးကျိုးတွေကို အဓိကအခံရဆုံးက ဒေသခံတွေဖြစ်တယ်။ ဝေဒနာတွေကိုသာမက လူမှုရေးပြဿနာတွေကိုပါ ရင်ဆိုင်ကြရတယ်။ မီနာမာတာရောဂါသည်တွေဆို လူရာသွင်းမခံကြရဘဲ အိမ်ထောင်တွေ ပျက်စီးကြတယ်။ တခြားဒေသမှာ အလုပ်ရှာလို့ မရကြဘူး။ ပြောင်းပြေးတဲ့သူတွေဆိုရင်တောင် ဘယ်ကလာတယ်ဆိုတာ မပြောရဲကြပါဘူး။ ဒေသကို အပြင်လူ ဘယ်သူမှလာမလည်ကြတော့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်လုပ်ငန်းတွေ ထိခိုက်ကုန်တယ်။ ဒေသထွက်ကုန်တွေဖြစ်တဲ့ ပင်လယ်စာ၊ ဟင်းသီးဟင်းရွက် စတာတွေကို တခြားဒေသတွေကို တင်ပို့ရောင်းချလို့ မရတော့ဘူး။ အဲဒီလို နောက်ဆက်တွဲလူမှုရေးပြဿနာတစ်လေ့ကြီးကို ဒေသခံတွေ ခါးစည်းခံကြရတာ ဖြစ်တယ်။ မွေးလာတဲ့ ကလေးတွေဟာလည်း မိဘတွေဆီကနေ ရောဂါကို အမွေဆက်ခံကြရတယ်။ သူတို့ရဲ့ပစ္စုပ္ပန်၊ အနာဂတ်တွေမှာ အဆိပ်သင့်ရှင်သန်ခဲ့ကြရတယ်။

ခုအချိန်မှာတော့ ဂျပန်နိုင်ငံသူ နိုင်ငံသားတွေ အားလုံးဝိုင်းဝန်းကြိုးပမ်းမှုတွေကြောင့် ဒီရောဂါတွေ ဖြစ်ပွားခဲ့တဲ့ဒေသတွေဟာ ပြန်လည်ရှင်သန်ဖွံ့ဖြိုးနေကြပါပြီ။ ပြန်လည်စည်ပင်နေပါပြီ။ ဒါပေမယ့် သဘာဝတရား၊ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်လို့တော့ ဒီဖြစ်ရပ်တွေကနေ တန်ဖိုးကြီးကြီးပေးပြီး သင်ခန်းစာယူခဲ့ကြရပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝပတ်ဝန်းကျင် နှစ်ခုထဲက ဖွံ့ဖြိုးတိုးတက်မှုကို ဂျပန်နိုင်ငံရွေးချယ်ခဲ့ပါတယ်။ ရလဒ်က နိုင်ငံနဲ့လူမျိုးရဲ့ လူမှုစီးပွားရေးတွေထိခိုက်ပျက်စီးရတာပါပဲ။ ဒီတော့ ဂျပန်ရွေးချယ်ခဲ့တဲ့ ဒုတိယလမ်းက နှစ်ခုစလုံးတစ်ပြိုင်နက်ရရှိမယ့် လမ်းပဲဖြစ်ပါတယ်။ ဆန်းသစ်တဲ့နည်းပညာမှာ ရင်းနှီးမြှုပ်နှံပြီး နိုင်ငံတိုးတက်အောင်၊ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် ကြိုးပမ်းခဲ့တာပါပဲ။

ဖွံ့ဖြိုးတိုးတက်မှုဆိုတာ လုပ်ကိုလုပ်ရမှာပါ။ နိုင်ငံနဲ့ လူမျိုး လူတန်းစေ့နေဖို့ဆိုတာ ဖွံ့ဖြိုးတိုးတက်မှု စက်မှုလုပ်ငန်းတွေမပါဘဲ မဖြစ်နိုင်ပါဘူး။ ဒီလိုလုပ်ကိုင်ဆောင်ရွက်ကြရာမှာတော့ သဘာဝပတ်ဝန်းကျင်ကို အလေးထားပြီး မထိခိုက်မပျက်စီးအောင် ကြံဆောင်ကြရပါမယ်။ နည်းပညာပိုင်းနဲ့သာမက စည်းမျဉ်းစည်းကမ်းပိုင်းနဲ့ပါ ကွပ်ညှပ်ထိန်းသိမ်းရမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုတာ မဖြစ်နိုင်ပါဘူး။ နောက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟာ တစ်ခုနဲ့ တစ်ခု ကလည်း ဆန့်ကျင်ဘက် ကဏ္ဍကောစ မဟုတ်ပါဘူး။ အပြိုင်လက်ချင်းယှက်သွားလို့ရတယ်ဆိုတာ အဆိုပါ ရောဂါတွေနောက်ပိုင်း ဂျပန်အစိုးရ၊ ကုမ္ဗဏီတွေနဲ့ ဒေသခံတွေရဲ့ ပူးပေါင်းကြိုးပမ်းမှုကသက်သေပြလျက်ရှိနေပါတော့တယ်။

ကိုးကား-

ဆရာမီနာမီဆိုအိချိလို (Prof. Minami Soichiro) ရဲ့ Globalization and Environmental Issues အတန်းမှ ဆွေးနွေးပို့ချမှုများ

> **"ဖွံ့ဖြိုးတိုးတက်မှုဆိုတာ လုပ်ကိုလုပ်ရမှာပါ။ နိုင်ငံနဲ့ လူမျိုး လူတန်းစေ့နေဖို့ဆိုတာ ဖွံ့ဖြိုးတိုးတက်မှု စက်မှုလုပ်ငန်းတွေမပါဘဲ မဖြစ်နိုင်ပါဘူး။ ဒီလိုလုပ်ကိုင်ဆောင်ရွက်ကြရာမှာတော့ သဘာဝပတ်ဝန်းကျင်ကို အလေးထားပြီး မထိခိုက်မပျက်စီးအောင် ကြံဆောင်ကြရပါမယ်"**

လူထုဗဟိုပြုစီမံကိန်း မြို့နယ်ရွေးချယ်ရေးအကြံဉာဏ်ရယူခြင်း အစည်းအဝေးကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းအတွက် ရွမ်းပြည်နယ်အတွင်း မြို့နယ်အသစ်တစ်မြို့နယ် ရွေးချယ်ရေးအကြံဉာဏ်ရယူခြင်း အစည်းအဝေးကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပရာ ရွမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် ရွမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းတို့က လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းကြသည်။

ရွမ်းပြည်နယ်တွင် လူထုဗဟိုပြုစီမံကိန်းကို နမ့်ဆန်၊ ဆီဆိုင်၊ မဘိမ်း၊ မောက်မယ်နှင့် မိုင်းခတ်မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိပြီး ယခုအစည်းအဝေးတွင် တက်ရောက်လာကြသူများက စီမံကိန်းမြို့နယ်အသစ်အား သတ်မှတ်ချက် စံနှုန်းများနှင့်အညီရွေးချယ်ခဲ့ကြရာ တန့်ယန်းမြို့နယ်အား ပထမဦးစားပေး၊ ကျေးသီးမြို့နယ်အား ဒုတိယဦးစားပေးမြို့နယ်များအဖြစ် ရွေးချယ်ပေးခဲ့ကြောင်း။

ရွေးချယ်ရရှိသည့် ရလဒ်များ တင်ပြကာ ရွမ်းပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် စိုက်ပျိုး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖြစ်ကြောင်း သိရသည်။

သီတာဦး(တောင်ကြီး)

ရွမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် လူထုဗဟိုပြုစီမံကိန်း မြို့နယ်ရွေးချယ်ရေးအကြံဉာဏ်ရယူခြင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုဖော်ဆောင်သည့် အီတလီအစားအသောက်ပွဲတော် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုဖော်ဆောင်သည့် အီတလီအစားအသောက်များမိတ်ဆက်ပွဲကို ယနေ့ညနေ ၄ နာရီမှ ၉ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်းရှိ အီတလီသံအမတ်ကြီးနေအိမ်မြက်ခင်းပြင်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်အားပေးသည်။ (အောက်ပုံ)

ရိုးရာဓလေ့တွေကိုလည်းသိနိုင်

"အီတလီသံအမတ်ကြီးစီစဉ်တဲ့ အီတလီ အစားအသောက်တွေကို မိတ်ဆက်တဲ့ပွဲလို့သိရတယ်။ ဝမ်းသာစရာလည်းကောင်းပါတယ်။ မြန်မာနိုင်ငံနဲ့ အီတလီနိုင်ငံအကြား ချစ်ခင်ရင်းနှီးမှုကိုပြသရာလည်း ရောက်ပါတယ်။ ကျွန်တော်တို့ရိုးရာအစားအစာတွေကို အီတလီနိုင်ငံက စိတ်ဝင်စားသလို အီတလီရဲ့ အစားအသောက်တွေပေါ်မှာလည်း မြန်မာလူမျိုးတွေ စိတ်ဝင်စားကြပါတယ်။ ပီဇာအစားအစာဆိုရင် စိတ်ဝင်စားတာ တွေ့ရတယ်။ အခုလိုမိတ်ဆက်ပွဲဟာ နှစ်နိုင်ငံပြည်သူလူထုအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိစေပြီး နှစ်နိုင်ငံရဲ့ ရိုးရာအစားအသောက်၊ ရိုးရာဓလေ့တွေကိုလည်း သိနိုင်တဲ့အတွက် ဒီပွဲကိုဆောင်ရွက်ပေးတာ ကျေးဇူးတင်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ကျင်းပ

အီတလီအစားအသောက်ပွဲတော်ကို ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး အီတလီနိုင်ငံ၏ အစားအစာများနှင့် နာမည်ကျော်ဝိုင်များကို မြန်မာပြည်သူများနှင့် နိုင်ငံခြားသားဧည့်သည်များ မည်သူမဆို လာရောက်စားသောက်ခွင့်ပြုခဲ့ရာ သံအမတ်အိမ်ဝင်းအတွင်း ပရိသတ်များဖြင့် စည်ကားခဲ့ကာ အီတလီရိုးရာတေးဂီတ ဖျော်ဖြေခြင်း၊ ဝိုင်ရနံ့ခွဲခြားခြင်းပြိုင်ပွဲနှင့်အတူ ကလေးငယ်များအတွက် စိတ်ကြိုက်ပန်းချီရေးဆွဲခြင်း၊ ရောင်စုံခြယ်သခြင်းတို့ဖြင့် အီတလီအစားအသောက်ပွဲတော်ကို ကျင်းပခဲ့သည်။

"မနှစ်က ပရိသတ် ၁၆၀၀ နီးပါး လာရောက်ပြီး ဒီနှစ်တော့ပိုများတာကြောင့် အားရဝမ်းသာဖြစ်ရပါတယ်။ အခုလို ကျင်းပတဲ့ရည်ရွယ်ချက်က နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက်ပါ။ မြန်မာပြည်သူတို့အနေနဲ့ ခင်မင်တဲ့သူ ဆိုရင် အိမ်ကိုဖိတ်ပြီး ထမင်းကျွေးတာရှိတယ်။ ကျွန်မ အိမ်ကိုလည်း တံခါးဖွင့်ပြီးကြိုဆိုတာပါ။ ပြီးတော့ အီတလီအစားအသောက်တွေကို ပိုပြီးသိရှိအောင် မိတ်ဆက်ပေးခြင်းလည်း ဖြစ်ပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုဟာလည်း ချစ်ကြည်ရင်းနှီးမှုအပေါ်မှာ အခြေခံတဲ့အတွက် အလားအလာပိုကောင်းမယ်လို့ သုံးသပ်ပါတယ်။ မြန်မာနိုင်ငံဟာ အီတလီနိုင်ငံရဲ့ မိတ်ဆွေကောင်းပါ"ဟု မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး မစ္စစ် အလက်ဇန္ဒရာ စကီရာဗိုက ပြောသည်။

လာမည့်နှစ်တွင် အီတလီနိုင်ငံ၏ သံလွင်ဆီနှင့် ကော်ဖီပြုလုပ်မှု အဆင့်ဆင့်ကိုပြသရန် စီစဉ်ထားပြီး မြန်မာနိုင်ငံတွင်လည်း အီတလီလူမှုအထောက်အကူအဖွဲ့ အချို့က ကော်ဖီစိုက်ခင်းများ ဆောင်ရွက်လျက်ရှိရာ ကော်ဖီစျေးကွက်ကျယ်ပြန့်မှုအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက် ၊ ဓာတ်ပုံ – သန်းစိုး

ယူဂန္ဒာနိုင်ငံ၌ ကျင်းပသည့် ကြက်တောင်ပြိုင်ပွဲ၌ သက်ထားသူဇာ ချန်ပီယံဆုဆွတ်ခူး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် International Series ပြိုင်ပွဲဖြစ်သော Uganda International 2020 ပြိုင်ပွဲကို ယနေ့ညနေပိုင်းက ယူဂန္ဒာနိုင်ငံ၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံဖြစ်သူ မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ချန်ပီယံဆု ကာကွယ်နိုင်ခဲ့သည်။

သက်ထားသူဇာသည် ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို တစ်ရက်တည်း ယှဉ်ပြိုင်ကစားခဲ့ရပြီး လက်စွမ်းပြကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ဆီမီးဖိုင်နယ်တွင် မောရစ်သျှကစားသမား ကိတ်ဖိုနှင့် တွေ့ဆုံခဲ့ပြီး ၂၁-၁၅ မှတ်၊ ၂၁-၁၁ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရခဲ့သည်။

ဗိုလ်လုပွဲတွင်မူ အိန္ဒိယကြက်တောင်အားကစားမယ် အကာရှီကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ သက်ထားသူဇာသည် အကာရှီကို ၂၁-၁၄ မှတ်၊ ၁၆-၂၁ မှတ်၊ ၂၁-၁၈ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ခဲ့သည့် အကာရှီသည် တောင်အာရှကြက်တောင်ချန်ပီယံလည်းဖြစ်ပြီး သက်ထားသူဇာအနေဖြင့် ပွဲငယ်သုံးပွဲအထိ ကစားပြီးမှ အနိုင်ရ ခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် ရရှိခဲ့သည့် ချန်ပီယံဆုမှာ သက်ထားသူဇာအတွက် ၂၀၂၀ ပြည့်နှစ်တွင် ပထမဆုံးရရှိသည့် ချန်ပီယံဆုဖြစ်ခဲ့ပြီး ၂၀၁၉ ခုနှစ်က ရရှိသည့်ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖိုးသော်ဇင်

ယခုနှစ် အလောင်းတော်ကဿပ ဘုရားဖူးရာသီတွင် ညအိပ်ဘုရားဖူးများထက် နေ့ချင်းပြန်ဘုရားဖူးသူများပြားခဲ့

ကနီ ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်ရှိ အလောင်းတော်ကဿပ ရုပ်ကလာပ်တော်တည်ရှိရာသို့ မြန်မာပြည်အရပ်ရပ်မှဘုရားဖူးဧည့်သည်ဝင်ရောက်မှုသည် ညအိပ်ဘုရားဖူးများထက် နေ့ချင်းပြန်ဘုရားဖူးလာရောက်မှု ပိုမိုများပြားကြောင်း အလောင်းတော်ကဿပဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလင်း၏ ပြောကြားချက်အရ သိရသည်။

"အလောင်းတော်ကဿပကို ညအိပ်ပြီးလာရောက်ကြတဲ့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးဧည့်သည်တွေ နေထိုင်တည်းခိုရေး အဆင်ပြေစေဖို့ လူ ၄၀၀၀ ကျော်လောက် တစ်ပြိုင်နက်တည်း တည်းခိုနိုင်တဲ့၊ လူ ၃၀၊ ၁၀၀၊ ၁၅၀ ဆံ့တဲ့ တည်းခိုဆောင် ၄၅ လုံး စီစဉ်ပေးထားတယ်။ အားလုံး အခမဲ့တည်းခိုနိုင်ပါတယ်။ ညအိပ်လာရောက်ကြတဲ့ ဘုရားဖူးတွေက တည်းခိုနေရာချထားရေးကို သတင်းပို့တာနဲ့ နေရာစီစဉ်ပေးတယ်။ တည်းခိုရိပ်သာတွေမှာ နေရာမရှိတော့ရင် သီးခြားစီစဉ်ထားတဲ့ တည်းခိုဧရပ်တွေမှာ တည်းခိုနိုင်အောင် စီစဉ်ပေးထားပါတယ်။

ဘုရားဖူးဝင်ရောက်မှု အနေနဲ့ နေ့ကြီးရက်ကြီးတွေမှာတောင် ဘုရားဖူးဧည့်သည်က သိပ်မရှိဘူး။ ရုံးဖွင့်ရက်တွေဆို ညအိပ်ဘုရားဖူးဧည့်သည်က အများဆုံး ၁၀၀ ဝန်းကျင်လောက်ရှိပြီး အနည်း ဆုံး ၃၀ လောက်ပဲ ရှိတယ်။ အခုနှစ် ဘုရားဖူးရာသီမှာတော့ ငါးနှစ်တာကာလအတွင်း ဘုရားဖူးဧည့်သည်ဝင်ရောက်မှု တော်တော်နည်းတယ်။ နေ့ချင်းပြန်လာကြတဲ့ ဘုရားဖူး ဧည့်သည်က ပိုများပါတယ်" ဟု အလောင်းတော်ကဿပဂေါပကအဖွဲ့၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဧရာတိုင်း)

ရန်ကုန်တက္ကသိုလ် ရာပြည့်လှုပ်ရှားမှု စာပေဟောပြောပွဲ

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် မြန်မာစာဌာနက ကြီးမှူးကျင်းပသည့် စာရေးဆရာမ နုနုရည်(အင်း၀)၏ "၀တ္ထုတစ်ပုဒ်မွေးဖွားခြင်း" စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက်နံနက် ၁၀ နာရီက ရန်ကုန်တက္ကသိုလ် တောင်ဥဆောင် မြန်မာစာဌာနရှိ မြန်မာစာခန်းမ၌ ကျင်းပသည်။

စာပေဟောပြောပွဲတွင် "၀တ္ထုတစ်ပုဒ်မွေးဖွားခြင်း"အကြောင်းအရာနှင့် စပ်လျဉ်း၍ စာရေးဆရာမ နုနုရည်(အင်း၀)၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

စာရေးဆရာမ နုနုရည်(အင်း၀)

ကျွန်မ ၀တ္ထုရေးရင် ကိုယ့်ယုံကြည်ရာ လေးက ဒီနေ့ခေတ်နဲ့ ထင်ဟပ်နေရမယ်။ ဒီနေ့ခေတ်ကို ထင်ဟပ်တဲ့ အကြောင်းအရာ လေးတွေထဲက ကျွန်မရင်ထဲကို ကျဉ်ခနဲ ဖြစ်စေမယ့်၊ ကျွန်မစိတ်ကို ထိခိုက်စေမယ့် အကြောင်းအရာမျိုးကို ထပ်ပြီးရွေးချယ်ပါတယ်။ အဲဒီအကြောင်းအရာနဲ့ ပတ်သက်တဲ့ နေရာကို သွားတယ်။ အဲဒီနေရာက ဇာတ်ကောင်စရိုက်တွေကို လေ့လာတယ်။ အင်တာဗျူးတယ်။

ဖြစ်နိုင်လို့ရှိရင် အချိန် အများကြီးယူပြီး အဲဒီဇာတ်ကောင်တွေနဲ့ အတူနေ၊ အတူစား၊ အတူသွားပြီး အတွေ့အကြုံတွေကို ဒါတွေ ကိုယူနိုင်ရင် ပိုကောင်းပါတယ်။ ကျွန်မက

စာရေးဆရာမ
နုနုရည်(အင်း၀)

ပါမောက္ခဒေါက်တာအောင်မြင့်ဦး
ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန

တွေ တစ်ခုခုတော့ ရသွားလိမ့်မယ်လို့ ထင်ပါတယ်။ မန္တလေးတက္ကသိုလ်မှာ တက်ခဲ့ပေမယ့် ရန်ကုန်တက္ကသိုလ် ကျောင်းသူလည်း ဖြစ်ခဲ့ဖူးတယ်။ Library Science ကို ဒီရန်ကုန်တက္ကသိုလ်မှာ တက်ခဲ့ဖူးတယ်။ ဒီတက္ကသိုလ်ကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့

ပါမောက္ခဒေါက်တာအောင်မြင့်ဦး
ပါမောက္ခ၊ ဌာနမှူး
မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ဒီနေ့ စာပေဟောပြောပွဲက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနအနေနဲ့ အဓိကလုပ်ငန်းဖြစ်တဲ့ စာပေလှုပ်ရှားမှုတစ်ခုအနေနဲ့ လှုပ်ရှားတာပါ။ ရန်ကုန်တက္ကသိုလ် ရာပြည့်ကာလအနေနဲ့ အဓိကက တက္ကသိုလ်မှာ ပညာရပ်ဝန်းကျင် ပိုပြီးအဓိပ္ပာယ်လေးနက်စေဖို့ အတွက်၊ မြန်မာစာဌာနအနေနဲ့ စာပေကို သင်ကြားတဲ့ဌာနဖြစ်တော့ စာပေနဲ့ ပတ်သက်တဲ့ ကိစ္စတွေကိုကလေးတွေအတွက် အသိ အမြင်တွေ ပိုပြီးပွင့်လင်းလာဖို့ဖြစ်ပါတယ်။ အဓိကရန်ကုန်တက္ကသိုလ် ရာပြည့်ကာလမှာ ရန်ကုန်တက္ကသိုလ်ရဲ့ အနှစ်သာရပိုမိုပြည့်ဝလာဖို့၊ တက္ကသိုလ်ရဲ့ ပညာရပ်ဝန်း ပိုမိုလေးနက်လာစေဖို့ ဒီလိုပွဲမျိုးတွေ ကျင်းပနေတာဖြစ်ပါတယ်။ ဒီမှာတင် မကပါဘူး။ ဝိဇ္ဇာခန်းမမှာ အဆောင်အလိုက် စာပေဟောပြောပွဲတွေ၊ စာပေလှုပ်ရှားမှုတွေ ကျင်းပနေပါတယ်။ ဒီနေ့ ဆိုရင် ရာပြည့်အထိမ်းအမှတ် ရသစာပေ စာတမ်းပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲကိုလည်း တက္ကသိုလ်အသီးသီးမှာ ကျင်းပပေးနေပါတယ်။ ဒီဟောပြောပွဲက ရန်ကုန်တက္ကသိုလ်ကို ကြိုဆိုတဲ့ ပွဲလည်းဖြစ်ပါတယ်။ မြန်မာစာဌာနအနေနဲ့ မြန်မာစာပေရဲ့ အခန်းကဏ္ဍကို ပိုမိုမြင့်မားစေချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

> **"တက္ကသိုလ်ဆိုတာ ဘာသာရပ်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာတွေကိုသာ သင်ကြားပေးတဲ့နေရာမဟုတ်ဘူး။ ကျောင်းသား ကျောင်းသူတွေအတွက် ကိုယ်ကျင့်သိက္ခာနဲ့ ရင့်ကျက်ခြင်းကိုပါ သင်ကြားပေးတဲ့နေရာလို့ ဖွင့်ဆိုချက်အတိုင်း တက္ကသိုလ်ကြီး ရာပြည့်မှာ ကျောင်းသား ကျောင်းသူတွေ အဲဒီလိုမျိုး လိုက်နာကျင့်သုံးပြီးတော့ ဆရာဇော်ဂျီဖြစ်စေချင်တဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ရင့်ကျက်မှုနဲ့ ပြည့်စုံတဲ့ ကျောင်းသား ကျောင်းသူတွေကို ရန်ကုန်တက္ကသိုလ်ကြီးက မွေးထုတ်နိုင်ပါစေ"**

ခရစ္စတိုဖာ
ပြင်သစ် ဒီပလိုမာတန်း ဒုတိယနှစ်
နိုင်ငံခြားဘာသာတက္ကသိုလ်

ဒီစာပေဟောပြောပွဲကို သူငယ်ချင်းတစ်ယောက်က မက်ဆင်ဂျာကနေတစ်ဆင့် မျှဝေပေးလို့ သိရပါတယ်။ ကျွန်တော်က ဒီလိုစာပေဟောပြောပွဲတွေကို စိတ်ဝင်စားပါတယ်။ ဆရာမကြီး စာအရေးအသားကို ကျွန်တော် အလွန်ကြိုက်ပါတယ်။ သူ့စာအုပ်တွေကိုလည်း စုဆောင်းနေတယ်။ အဓိကကတော့ စာရေးနေတဲ့သူတွေအတွက် ကိုယ့်ရဲ့ စိန်ယာ စာရေးဆရာမကြီးတွေ ရေးသားပုံ ရေးသားနည်းတွေ၊ အကြံဉာဏ်တွေ ဘယ်လိုယူသလဲဆိုတာ သိလာရတယ်။ စာဖတ်ပရိသတ်ကတော့ ကိုယ်သိချင်တဲ့ အကြောင်းအရာတွေကို မေးခွန်းရတယ်။ တစ်မျိုးစီ ပညာတွေရခဲ့ပါတယ်။ ကျွန်တော်က နားထောင်သူသက်သက်ပါ။ အဓိကကတော့ ဆရာမရဲ့ ၀တ္ထုတိုင်းကို ကျွန်တော် ဖတ်ကြည့်တော့ သဘောကျပါတယ်။

စာမျက်နှာ ၉ သို့

စာရေးဆရာမ နုနုရည်(အင်း၀) "၀တ္ထုတစ်ပုဒ်မွေးဖွားခြင်း" အကြောင်း ဟောပြောစဉ်။ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

တော့ ၀တ္ထုတစ်ပုဒ် ရေးတော့မယ်ဆိုရင် အဲဒီ၀တ္ထု အကြောင်းအရာထဲက နေရာက လူတွေနဲ့ တွေ့တယ်။ စကားပြောမယ်၊ ပြီးရင် တစ်နေရာမှာ ဒီ၀တ္ထုလေးကို ရေးပါတယ်။ ၀တ္ထုတိုမှာ တိုပေမယ့် သူ့မှာ message ပေးတယ်၊ ဇာတ်လမ်းဇာတ်အိမ်က ၀တ္ထုရှည်ကများတယ်၊ ၀တ္ထုရှည်မှာ လည်း message ပါပါတယ်။ ၀တ္ထုရှည်က ၀တ္ထုတိုထက် ဇာတ်ကောင်စရိုက်တွေ ပိုများမယ်။ အကြောင်းအရာက အတူတူဖြစ်ရင်တောင်မှ ဇာတ်ကောင်စရိုက်တွေ ပိုများမယ်။ နောက်ပြီး ၀တ္ထုတိုနဲ့ ၀တ္ထုရှည်မှာ မတူညီတဲ့အချက်က ၀တ္ထုတိုကို ဖတ်လိုက်တာနဲ့ သူဆိုလိုချက်ကို ဖြတ်ခနဲစာဖတ်ပရိသတ်က သိနိုင်တယ်။ ၀တ္ထုရှည်ကတော့ တစ်အုပ်လုံး တစိမ့်စိမ့်ဖတ်ပြီးမှ ဆိုလိုချက်လေးကိုသိရတယ်။ အဲဒါလေးတော့ ကွာမယ်။

ဒီဟောပြောပွဲကနေ လာနားထောင်တဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူ အထဲမှာ ဆရာဇော်ဂျီအဓိပ္ပာယ်ဖွင့်ဆိုထားတာကို သဘောကျပါတယ်။ တက္ကသိုလ်ဆိုတာ ဘာသာရပ်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာတွေကိုသာ သင်ကြားပေးတဲ့ နေရာမဟုတ်ဘူး။ ကျောင်းသား ကျောင်းသူတွေအတွက် ကိုယ်ကျင့်သိက္ခာနဲ့ ရင့်ကျက်ခြင်းကိုပါ သင်ကြားပေးတဲ့နေရာလို့ ဖွင့်ဆိုချက်အတိုင်း တက္ကသိုလ်ကြီး ရာပြည့်မှာ ကျောင်းသား ကျောင်းသူတွေ အဲဒီလိုမျိုး လိုက်နာကျင့်သုံးပြီးတော့ ဆရာဇော်ဂျီဖြစ်စေချင်တဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ရင့်ကျက်မှုနဲ့ ပြည့်စုံတဲ့ ကျောင်းသား ကျောင်းသူတွေကို ရန်ကုန်တက္ကသိုလ်ကြီးက မွေးထုတ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

ရင့်ကျက်ဖို့အတွက် စာတွေ အများကြီး ဖတ်ပါ။ ဖတ်ပြီးတော့လည်း စာရေးစေချင်ပါတယ်။ စာရေးချင်တဲ့ လူငယ်တွေအတွက် သူတို့ရဲ့ နေရာလေးတစ်ခုပျောက်သွားမှာ စိုးပါတယ်။ ရှိတဲ့ မဂ္ဂဇင်းတွေကနေ ဆက်ပြီး ရေးစေချင်ပါတယ်။ အဓိကကတော့ စာအများကြီး ဖတ်ပြီး စာရေးကြဖို့ပါပဲ။

ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန အဆောက်အအုံ။ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ဘုန်းတော်ကြီးသင် ကျောင်းသား ကျောင်းသူများနှင့် မူးယစ်ဆေးဝါးစကားဝိုင်း ကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၂၃

ကျောက်ဆည်မြို့ သောကြာကြယ် ဘုန်းတော်ကြီးသင်ကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၂၂ ရက်က လူငယ်နှင့် မူးယစ်ဆေးဝါးစကားဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက် ပြောကြားသည်။ ယင်းနောက် စနစ်သစ်ပညာရေးနှင့် ပြည်သူ့နီတိကျင့်ဝတ်၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါးဆက်နွယ်မှု၊ မူးယစ်ဆေးဝါးနှင့် မှုခင်းဖြစ်စဉ်၊ မူးယစ်ဆေးဝါးနှင့် ပြစ်မှုပြစ်ဒဏ်များကို ဒုတိယမြို့နယ်ပညာရေးမှူး၊ ကျောင်းကျန်းမာရေး အဖွဲ့ခေါင်းဆောင်၊ မြို့နယ်စခန်းမှူးနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိတို့က ဦးဆောင်ဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ ဆွေးနွေးမေးမြန်းခဲ့ကြပြီး ဆွေးနွေးပွဲသို့ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့သည်။

မျိုးကြီး

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်ရင်ပြင်၌ ဖေဖော်ဝါရီ ၂၂ ရက်က ပင့်သံဃာတော် အပါး ၂၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

မျိုးမင်းသိန်း (မရမ်းကုန်း)

ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးရာတွင် မှတ်ပုံတင်ခများကို ယာဉ်တစ်စီးချင်းနှုန်းထားအပေါ်သာ အခြေခံသည့်စနစ်ဖြင့် မတ် ၃ ရက်မှစ၍ ပြောင်းလဲကောက်ခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာန လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနအနေဖြင့် ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်(Domestic Operator License) ထုတ်ပေးရာတွင် မှတ်ပုံတင်ခများကို ယာဉ်တစ်စီးချင်းနှုန်းထားအပေါ် အခြေခံသည့် ငွေကောက်ခံမှုစနစ်ဖြင့် မတ် ၃ ရက်မှ စတင်ပြောင်းလဲကောက်ခံမည် ဖြစ်ကြောင်း လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးမင်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)ရုံးချုပ်၌ ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပသော သတင်းမီဒီယာတွေ့ဆုံပွဲ(၄/၂၀၂၀)တွင် ဦးစိုးမင်းက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"အခုလိုမျိုး ပြောင်းလဲကောက်ခံတယ်ဆိုတာက အခြေခံနှုန်းထားကို ပြင်ဆင်တာမဟုတ်ဘဲ ကောက်ခံမှုစနစ်ကိုသာ ပြောင်းလဲခြင်း ဖြစ်ပါတယ်။ လက်ရှိကောက်ခံနေတဲ့စနစ်က အခက်အခဲတချို့ရှိပါတယ်။ အုပ်စုလိုက်ဆိုတော့ တစ်စီးတိုးလိုက်တာနဲ့ ထပ်တိုးပေးဆောင်ရတဲ့ အနေအထားတွေရှိပြီး သတ်မှတ်ချက်တွေလည်း ရှိပါတယ်။ နောက်ပြီးအုပ်စုလိုက် ကောက်ခံတာက လုပ်ငန်းလုပ်ကိုင်တဲ့သူတွေအတွက် အခက်အခဲရှိသလို ကျွန်တော်တို့ ဝန်ထမ်းတွေဘက်ကလည်း ကောက်ခံမှုအပိုင်းမှာ စဉ်းစားတွက်ချက်ရတာတွေ ရှိပါတယ်။ အခုပြောင်းလဲကောက်ခံမယ့်စနစ်က ယာဉ်တစ်စီးချင်းကို အခြေခံပြီး တန်ချိန်အလိုက်ပဲ တွက်ချက်ကောက်ခံတာဖြစ်တဲ့အတွက်ကြောင့် ပိုမိုရိုးရှင်းလွယ်ကူတဲ့ စနစ်ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မှုအပိုင်းမှာ ပိုမိုအဆင်ပြေစေဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမင်းက ပြောကြားသည်။

လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ရရှိသောယာဉ်များကို ၂၀၁၆ ခုနှစ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေနှင့် ၂၀၁၈ ခုနှစ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများအရ ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်(DOL) ထုတ်ပေးရာတွင် မှတ်ပုံတင်ခများကို ယာဉ်တစ်စီးချင်းနှင့် ယာဉ်အရေအတွက် အုပ်စုလိုက်အပေါ်အခြေခံ၍ ကောက်ခံလျက်ရှိရာမှ (၂၉-၁၀-၂၀၁၉)ရက်တွင် ထုတ်ပြန်သည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေအရ ယာဉ်တစ်စီးချင်းနှုန်းထားအပေါ်သာ အခြေခံသည့် ငွေကောက်ခံမှုစနစ်ဖြင့် မတ် ၃ ရက်တွင် စတင်ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

❑ *ကျောဖုံးမှ*

တစ်ရက်ကြာ သင်ကြားပေးသည့် အစီအစဉ်ဖြစ်သောကြောင့် ကလေးသူငယ်များအတွက် ဘောလုံးအခြေခံနည်းစနစ်များအပြင် ကျန်းမာရေးကို အထောက်အကူပြုမည့် လေ့ကျင့်ခန်းများ၊ ပျော်ရွှင်ဖွယ်အစီအစဉ်များကို နည်းပြသုံးဦးက သင်ကြားပေးခဲ့သည်။

စပါးအသင်း နည်းပြအဖွဲ့တွင် အမျိုးသားနှစ်ဦး၊ အမျိုးသမီး တစ်ဦး ပါဝင်ခဲ့ကာ အန်တန်ဘာလက်ဝုဒ်မှာမူ ပထမအကြိမ် လာရောက်သင်ကြားစဉ်ကလည်း ပါဝင်ခဲ့သူဖြစ်သည်။ စပါးအသင်းနည်းပြအဖွဲ့တွင် အန်တန်ဘာလက်ဝုဒ်၊ ဟာရစ်နှင့် အမျိုးသမီး နည်းပြ မိုလိုနေးတို့ ပါဝင်ခဲ့သည်။

AIA ၏ Football Clinic အစီအစဉ်ကို ၂၀၁၉ ခုနှစ် စက်တင်ဘာက ပထမအကြိမ်ပြုလုပ်ခဲ့ပြီး ကလေးငယ်များကို ဘောလုံးအခြေခံနည်းစနစ်များ သင်ကြားပေးခဲ့သည်။ AIA သည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးလျက်ရှိပြီး မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကိုလည်း စပွန်ဆာပေးထားကြောင်း သိရသည်။ **ညီမြတ်သော်တာ**

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မနက်ဖြန် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

ခရစ္စတိုဖာ

မမြချမ်းကိုကို

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်။ ဓာတ်ပုံ - ဇော်မင်းလတ်

စာမျက်နှာ ၈ မှ

ဆရာမ ဝတ္ထုရေးပုံက အပြောနဲ့ ရေးတာများတယ်။ ဆရာမက ဝတ္ထုအများကြီး ထွက်မထားဘူး၊ လက်ချိုးရေလို့ ရတယ်။ ဆရာမကို သဘောကျတဲ့ အကြောင်းက ဝတ္ထုရေးတဲ့အခါ နောက်ခံအကြောင်းအရာတွေကတစ်ခုနဲ့ တစ်ခုမတူတော့ အဲဒီအတွက် သဘောကျတယ်။ ဒီတက္ကသိုလ်ရာပြည့် အစီအစဉ်တိုင်းမှာ လာဖြစ်ပါတယ်။ စာအုပ်ဈေးရောင်းပွဲ၊ စာပေဟောပြောပွဲက တစ်နှစ်ပတ်လုံး သူ့အစီအစဉ်နဲ့သူ လုပ်သွားနေပါတယ်။ ပွဲစီစဉ်သူတွေကို ကျေးဇူးတင်ပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီး ရာပြည့်ကနေ ထောင်ပြည့်ပွဲတွေ လုပ်နိုင်ပါစေလို့ အတတ်နိုင်ဆုံး လာရောက်အားဖြည့်ပေးပါမယ်လို့ ပြောချင်ပါတယ်။

မမြချမ်းကိုကို
မြန်မာစာ ဒုတိယနှစ် (ရန်ကုန်တက္ကသိုလ်)

ဆရာမရဲ့ ဝတ္ထုတစ်ပုဒ်ကို ရသဘယ်လိုပေါ်အောင် ပြောသွားနိုင်သလဲဆိုတာကို သိရှိနိုင်ခဲ့တယ်။ ဆရာမရဲ့ ကိုယ်တွေ့ရော၊ ခံစားချက်ရော ပေါင်းပြီးပြောသွားတဲ့အတွက် တကယ် ခံစားရပါတယ်။ ဆရာမရဲ့ ဝတ္ထုတွေကို သေချာမဖတ်ဖူးပါဘူး။ အခု ပထမ ဆုံး ဆရာမကို တွေ့ခဲ့ရတာပါ။ သမီးက တခြား စာရေးဆရာကြီးတွေ ဖြစ်တဲ့ တက္ကသိုလ် ဘုန်းနိုင်တို့ကိုတော့ ဖတ်ဖူးတယ်။ အဓိကကတော့ ဝတ္ထုတစ်ပုဒ် ဖန်တီးတဲ့နေရာမှာ စိတ်ကရေးမယ့် ဇာတ်ကောင်အပေါ်မှာ သူ့ရဲ့စရိုက်ကို လေ့လာပြီးတော့ ရေးသင့်တယ်။ ပေါ်လွင်အောင် ရေးမယ်ဆိုရင်တော့ ဒီဇာတ်ကောင်စရိုက်ကိုသေချာရေးမှ ဝတ္ထုက ဇာတ်ကောင်စရိုက်ကို ပေါ်လွင်မယ်လို့ ထင်တယ်။

ဒီတက္ကသိုလ် ရာပြည့်နဲ့ပတ်သက်လို့ ကတော့ ဒီအချိန်မှာ သမီးဒီကျောင်းကြီးကို တက်ခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။ တက္ကသိုလ် နှစ် ၁၀၀ ပြည့်ဆိုတာ တကယ် မစဉ်းစားနိုင်ရအောင် ကြံ့ရခဲ့တဲ့ ပွဲကြီးဖြစ်ပါတယ်။ သမီးငယ်ငယ်တုန်းက တက္ကသိုလ်ကြီးက ပိတ်ထားခဲ့တယ်။ ဒီတက္ကသိုလ်ကြီးကို အလွန်တက်ချင်ခဲ့တယ်။ ဒီလိုမျိုး တက္ကသိုလ်ကြီးကို တက်ရမယ်လို့၊ အခွင့်အရေးကြုံလာမယ်လို့ မထင်ထားခဲ့ဘူးလေ။ တကယ်တက်ခဲ့ရတော့ အလွန်ကို ဝမ်းသာဂုဏ်ယူမိပါတယ်။ သမီးက အဆောင်သူဖြစ်ပါတယ်။ ဒဂုံဆောင်ကနေ ကျောင်းတက်ပါတယ်။ အဆောင်က အစားအသောက်ကအစ စနစ်တကျ ချက်ကျွေးပါတယ်။ ဆရာ ဆရာမတွေအနေနဲ့ကလည်း ကိုယ့်သားသမီးတွေလို စောင့်ရှောက်ပေးကြပါတယ်။ အမြင်မတော်တာရှိလည်း ဆုံးမပေးတယ်။ နယ်အစုံက သူငယ်ချင်းတွေနဲ့လည်း တွေ့ဆုံခွင့်ရတယ်။

တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ် ဧနဝါရီလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပုံစံဖြင့် ကျား (၈၄၃၀) ဦး၊ မ (၂၁၉၂၄) ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း (၃၀၃၅၄) ဦး ချုပ်ဆိုခဲ့ပါသည်။ အလုပ်ရှင်/ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဧနဝါရီလအတွင်း လက်ခံရရှိမှု(၁၂၈)မှုတွင် အခြားဌာနသို့ လွှဲပြောင်းမှု (၄) မှု၊ ကျေအေးမှု (၃၆) မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု (၂၁) မှု၊ ပိတ်သိမ်းမှု (၈) မှု၊ ငွေကြေးအကျိုးခံစားခွင့် (၄၅) မှုနှင့် လက်ကျန်အမှု (၁၄) တို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ (၁၅၈) ဦးအား ငွေကျပ် ၁၆၄၁၅စဝ၄၁ ကို ခံစားခွင့်ရရှိစေခဲ့ပါသည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန် လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းများအနေဖြင့် အောက်ပါအတိုင်းဖြစ်သည် -

ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် ၂၀၂၀ ပြည့်နှစ်၊ ဧနဝါရီလအတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ	သင်တန်းသားဦးရေ		
			ကျား	မ	ပေါင်း
၁။	Assessment Center Manager Training (Garment) (ရန်ကင်း)	၁၇-၁-၂၀၂၀ မှ ၁၈-၁-၂၀၂၀အထိ	၁၅	၂၀	၃၅
၂။	စက်ချုပ်သင်တန်း (မြောက်ဒဂုံ)	၁၃-၁-၂၀၂၀ မှ ၉-၃-၂၀၂၀အထိ	၁	၃၁	၃၂
၃။	အထည်စစ်ဆေးရေးသင်တန်း (မြောက်ဒဂုံ)	၁၃-၁-၂၀၂၀ မှ ၉-၃-၂၀၂၀အထိ	၃	၁၁	၁၄
၄။	ကြီးကြပ်ရေးမှူးသင်တန်း (မြောက်ဒဂုံ)	၈-၁-၂၀၂၀ မှ ၂၄-၁-၂၀၂၀အထိ	၁	၂၁	၂၂
၅။	အထည်ဖြတ်သင်တန်း (မြောက်ဒဂုံ)	၁၃-၁-၂၀၂၀ မှ ၉-၃-၂၀၂၀အထိ	၈	-	၈
၆။	လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း(ပုသိမ်)	၇-၁-၂၀၂၀ မှ ၃၁-၁-၂၀၂၀ အထိ	၂၀	-	၂၀
၇။	လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း(ဘားအံ)	၆-၁-၂၀၂၀ မှ ၂၇-၃-၂၀၂၀ အထိ	၂၁	-	၂၁
၈။	ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း (မြောက်ဒဂုံ)	၆-၁-၂၀၂၀ မှ ၂၉-၁-၂၀၂၀ အထိ	၃၄၉၈	၁၂၈၅	၄၇၈၃
၉။	ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန် သင်တန်း (မန္တလေး)	၈-၁-၂၀၂၀ မှ ၂၉-၁-၂၀၂၀ အထိ	၂၈၄၁	၆၃၃	၃၄၇၄
စုစုပေါင်း			**၆၄၀၈**	**၂၀၀၁**	**၈၄၀၉**

၂၀၂၀ ပြည့်နှစ်၊ ဧနဝါရီလတွင် စစ်ဆေးခဲ့သော ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းဇယား

စဉ်	အလုပ်အကိုင်အမည်	အဆင့်	ဖြေဆိုသူ			အောင်မြင်သူ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁။	Electrician	Level-1	၄၀	-	၄၀	၃၉	-	၃၉
၂။	Small Engine	Level-1	၂၈	၂	၃၀	၂၈	၂	၃၀
၃။	MMAW	Level-1	၆	-	၆	၅	-	၅
၄။	GMAW	Level-1	၄	-	၄	၄	-	၄
၅။	FCAW	Level-1	၂၀	-	၂၀	၂၀	-	၂၀
၆။	Waiting Staff	Level-1	၂၃	၁၁	၃၄	၂၃	၁၁	၃၄
၇။	Room Attendance	Level-1	၂၀	၁၉	၃၉	၁၇	၁၇	၃၄
၈။	Garment	Level-1	၈	၇၉	၈၇	၇	၇၈	၈၅
၉။	Automotive Mechanic	Level-1	၂၀	-	၂၀	၁၆	-	၁၆
၁၀။	Hydraulic Excavator	Level-1	၂၀	-	၂၀	၂၀	-	၂၀
၁၁။	Machinist	Level-1	၁၂	-	၁၂	၁၂	-	၁၂
စုစုပေါင်း			**၁၉၀**	**၁၀၇**	**၂၉၇**	**၁၈၃**	**၁၀၅**	**၂၈၈**

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များ ယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၈၇၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/အလုပ်ရုံ (၂၉၇) ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု (၂၁၉) ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင် အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် (၂၂) မှုနှင့် ခုံသမာဓိကောင်စီတွင် (၇) မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၆၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၈၄၅ ဦးအတွက် ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၁၉၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ ပြည့်နှစ်၊ ဧနဝါရီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည် -

ဆေးဝါးကုသပေးမှုအခြေအနေ

စဉ်	အကြောင်းအရာ	ဆေးကုသပေးမှုဦးရေ
က	အလုပ်သမားဆေးရုံကြီး (၃) ရုံ (ပြင်ပလူနာ ၇၄၀၀ ဦး၊ အတွင်းလူနာ ၄၈၉ ဦး)	၇၈၈၉ ဦး
ခ	လူမှုဖူလုံရေးဆေးခန်း (၉၆) ခန်း၊ တိုင်းရင်းဆေးခန်း၊ ဌာနကြီးဆေးခန်း (၅၈) ခန်းနှင့် လူမှုဖူလုံရေး - ကဲဝဲလ်ဆေးခန်း (၉) ခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း (၇) ခန်းတို့မှ ဆေးကုသပေးမှု	၈၂၀၃၃ ဦး
ဂ	အလုပ်သမားဆေးရုံကြီး (၃) ရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၄) ကြိမ်	၁၀၂၁ ဦး
ဃ	လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၈၀) ကြိမ်	၁၈၀၅ ဦး
င	နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် အလုပ်ဌာန (၂၆၁) ဌာနရှိ အာမခံ အလုပ်သမားများအား ဆေးကုသပေးမှု	၄၄၁၇ ဦး

သတင်းစဉ်

ယင်းမာပင် ရေလျှံဇုန်အတွင်းမှ ရေတွင်းများတွင် အထောင်ပိုက်နှင့် ဂိတ်ဘားများတပ်ဆင်ရန် စီစဉ်နေ

ယင်းမာပင် ဖေဖော်ဝါရီ ၂၃

ယင်းမာပင် ရေလျှံဇုန်ကြီးအတွင်း မြေအောက်ရေ အလေအလွင့်မရှိစေရေးနှင့် ဒေသခံများအနေဖြင့် ရေကို စနစ်တကျအသုံးပြုတတ်လာစေရေးအတွက် ရေလျှံဇုန်အတွင်း တူးဖော်ထားသော ရေလျှံတွင်းပေါင်း ၁၀၀၀ ကျော်တွင် အထောင်ပိုက်များနှင့် ရေဂိတ်ဘားများ တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယင်းမာပင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးမောင်မောင်သန်းထံမှ သိရသည်။

အထောင်ပိုက်နှင့် ရေဂိတ်ဘားများ
ရေလျှံတွင်း ၁၁၁၅ တွင်းကို တပ်ဆင်ပေးရန်စီစဉ်နေ

ယင်းမာပင်ရေလျှံဇုန်ကို ရေရှည်အသုံးပြုနိုင်ရန်နှင့် မြေအောက်ရေ လေလွင့်ဆုံးရှုံးနေမှုများကို ထိန်းသိမ်းနိုင်ရေးအတွက် ရေလျှံတွင်းများတွင် အထောင်ပိုက်နှင့် ဂိတ်ဘားများ တပ်ဆင်ပေးသည့်လုပ်ငန်းများကို ယင်းမာပင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှပင် စတင်လုပ်ဆောင်ခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်တွင် ပုဂ္ဂလိကပိုင် စိုက်ပျိုးရေတွင်းနှင့် သောက်သုံးရေတွင်းများထဲမှ အထောင်ပိုက်နှင့် ရေဂိတ်ဘားများ တပ်ဆင်ပေးရန် ကျန်ရှိနေသော ရေလျှံတွင်း ၁၁၁၅ တွင်းကို တပ်ဆင်ပေးရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

မလိုအပ်တဲ့အချိန် ရေဘားတွေကို
ပိတ်ထားကြဖို့ မှာကြားထား

"ရေလျှံဇုန်အတွင်း မြေအောက်ရေထိန်းသိမ်းနိုင်ဖို့နဲ့ စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ပြီး ရေလျှံဇုန်ကြီးကို ရေရှည်အသုံးပြုနိုင်ဖို့ တောင်သူတွေကို အသိပညာပေးတယ်။ ပုဂ္ဂလိကပိုင် စိုက်ပျိုးရေတွင်းတွေနဲ့ သောက်သုံးရေတွင်းတွေကို ကွင်းဆင်းကောက်ယူ မှတ်တမ်းတင်ကာ အရင်နှစ်ကစပြီး ရေတွင်းတွေမှာ အထောင်ပိုက်နဲ့ ရေဘားတွေ တပ်ဆင်ပေးပါတယ်။ ရေကိုလည်း လိုအပ်မှ အသုံးပြုကြဖို့၊ မလိုအပ်တဲ့အချိန် ရေဘားတွေကို ပိတ်ထားကြဖို့ မှာကြားထားပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်ကတော့ ပုဂ္ဂလိကပိုင် စိုက်ပျိုးရေတွင်းနဲ့ သောက်သုံးရေတွင်း ၉၈၃ တွင်းကို တပ်ဆင်ပေးပြီးပါပြီ။ အခုဘဏ္ဍာရေးနှစ်မှာ ကျန်တဲ့ရေတွင်းတွေကို တပ်ဆင်ပေးနိုင်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ခွင့်ပြုချက်ရတာနဲ့ စတင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးမောင်မောင်သန်းက ပြောသည်။

ယင်းမာပင်ရေလျှံဇုန်အတွင်း ၂၀၁၉ နှစ်ကုန်အထိ ကွင်းဆင်းစာရင်းကောက်ယူမှုမှတ်တမ်းများအရ ဌာနပိုင်ရေလျှံတွင်း ၄၅၀၊ ပုဂ္ဂလိကပိုင် စိုက်ပျိုးရေတွင်းနှင့် သောက်သုံးရေတွင်းပေါင်း ၂၉၄၀ ရှိကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်က ဌာနပိုင်တွင်း ၄၅၀၊ ပုဂ္ဂလိကပိုင် စိုက်ပျိုးရေတွင်း ၆၃၁ တွင်းနှင့် သောက်သုံးရေတွင်း ၃၅၂ တွင်းကို အထောင်ပိုက်နှင့် ရေဘားများ တပ်ဆင်ပေးနိုင်ခဲ့၍ ယခုထပ်မံတပ်ဆင်ရန် ပုဂ္ဂလိကပိုင် စိုက်ပျိုးရေတွင်း ၇၄၄ တွင်းနှင့် သောက်သုံးရေတွင်း ၃၇၁ တွင်း ကျန်ရှိနေသေးကြောင်း သိရသည်။

သန်းဌေးအောင် (ကနီ)

ရန်ကုန်မြစ်အတွင်းပြုတ်ကျခဲ့သူအား အသက်စွန့်ပြီး ကယ်ဆယ်ခဲ့သော ချယ်ရီ(၁)သင်္ဘောရေယာဉ်မှူးအား ဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့၊ ဒလဆိပ်ကမ်း၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းအချိန် ခရီးသည်များစွာတို့သည် ဒလသင်္ဘောဆိပ်ကမ်း၊ လက်မှတ်ရုံ၊ ဗောတံတားပေါ်နှင့် သင်္ဘောပေါ်တို့တွင် ပြည့်လျှံနေသည်။ စက်တပ်သမ္မန်ကူးတို့ဆိပ်ရှိ ခရီးသည်အချို့မှာ သူ့ထက်ငါ ရှေ့တိုး၍ လုတက်နေကြသည်။

နံနက် ၁၀ နာရီ မိနစ် ၂၀ အချိန် ဒလဆိပ်ကမ်းမှ ချယ်ရီ(၁)သင်္ဘော မောင်းနှင်ထွက်ခွာနေစဉ် အမျိုးသမီးတစ်ဦးသည် ရေယာဉ်၏ ယာရှေ့ပေါက်မှ ဆိပ်ခံဗောပေါ်သို့ ပြန်လည်ခုန်တက်ခဲ့ရာမှ ရေထဲသို့ ပြုတ်ကျသွားခဲ့သဖြင့် ချယ်ရီ(၁)သင်္ဘော ရေယာဉ်မှူး (ရေယာဉ်အုပ်-၃) ဦးမြင့်အေးက မြစ်တွင်းသို့ ခုန်ဆင်း၍ ရေနစ်သူအား ပခုံးဖြင့် တွန်းတင်ပေးပြီး ဗောတံတားပေါ်ရှိ ပြည်သူများက ဆွဲတင်ကယ်ဆယ်မှုတို့ကြောင့် အမျိုးသမီးသည် အသက်ရှင်ခဲ့သည်။

ရေယာဉ်မှူး ဦးမြင့်အေး (၅၉ နှစ်) သည် သင်္ဘောဦးခေါင်း အပေါ်ဆုံးထပ် တက်မစင်မှ ရေထဲသို့ ခုန်ဆင်း၍ လည်းကောင်း၊ သင်္ဘောသား ဦးမျိုးအောင်နှင့် အကူလုပ်သား ဦးအောင်အောင်တို့မှာလည်း ရေယာဉ်ကုန်းပတ်ပေါ်မှ ရေထဲသို့ ခုန်ဆင်း၍ လည်းကောင်း၊ ရေယာဉ်ဝန်ထမ်းများနှင့် ပြည်သူများက မခင်ချမ်းမြေ့ဦးကို အချိန်မီကယ်ဆယ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ရေယာဉ်မှူး မြစ်အတွင်းသို့ ခုန်ဆင်းသည့်ပုံကို ကိုမင်းမျိုး ဆိုသူက အမှတ်မထင်မှတ်တမ်းဓာတ်ပုံရိုက်နိုင်မှုကြောင့် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကြည့်ရှုသူ၊ မှတ်ချက်ပြုသူ၊ မျှဝေမှု များပြားခဲ့သည်။

ချယ်ရီ(၁)သင်္ဘော ရေယာဉ်မှူး ဦးမြင့်အေးက "ဦးတို့ရေယာဉ်မှူးတွေက ခရီးသည်နဲ့ ရေယာဉ်အန္တရာယ်ကင်းရှင်းရေးကို အဓိကထားပြီး ဆောင်ရွက်ရတယ်။ ခရီးသည်တွေ ရေယာဉ်ပေါ် အတက်/အဆင်းလုပ်တဲ့အခါမှာ အန္တရာယ်မဖြစ်စေဖို့နဲ့ အဆင်ပြေချောမွေ့စေရေးကို ဂရုစိုက်ရတယ်၊ စောင့်ကြည့်ရတယ်။ ဆိပ်ကမ်းကနေ ရေယာဉ်မထွက်ခွာမီမှာ ခရီးသည် သင်္ဘောပေါ် အကုန်ရောက်ပြီဆိုမှ တံခါးပိတ်ပြီး ကြိုးဖြုတ်ခြင်းကို ပြုလုပ်ရတယ်။ ဒါဟာ နေ့စဉ်နေ့တိုင်း ပြုလုပ်ရတာ။

ရေက ရေစုန်/ရေဆန်ရှိလို့ ရန်ကုန်မြစ်တွင်းမှာ သွားလာနေကြတဲ့ သင်္ဘောကြီးတွေရှိတယ်။ စက်တပ်သမ္မန်တွေ ဒါတွေကို အထူးသတိထားပြီး မောင်းနှင်ရတယ်။ ရေယာဉ်မှူးတစ်ယောက်အနေနဲ့ မိမိရဲ့ သင်္ဘောပေါ်မှာပါတဲ့ ခရီးသည်နဲ့ ရေယာဉ်အန္တရာယ်ကင်းရှင်းဖို့ အတွက် တာဝန်ယူဆောင်ရွက်ရတဲ့အခါမှာ အကြောင်းအမျိုးမျိုးကြောင့် ခရီးသည်တစ်ဦး မြစ်ထဲပြုတ်ကျမှုဖြစ်ခဲ့ရင် သူ့အသက်ကို အချိန်မီကယ်ဆယ်ရမယ်ဆိုတဲ့ ပြင်းပြတဲ့စိတ် ရှိဖို့လိုတယ်။ မိမိရဲ့အသက်ကိုလည်း စွန့်လွှတ်ရဲရမယ်၊ ပေးဆပ်ရဲရမယ်။ ပြည်သူတစ်ဦး မြစ်ထဲပြုတ်ကျ

ချယ်ရီ (၁) ရေယာဉ်မှူး ဦးမြင့်အေးအား ဂုဏ်ပြုချီးမြှင့်စဉ်။

ရန်ကုန်မြို့ ဒလဆိပ်ကမ်း။

အား ပခုံးဖြင့် ထမ်းပိုး၍ အချိန်မီတွန်းတင်ပေးခဲ့သူဖြစ်သည်။ သူသည် မိမိ၏အသက်ကိုပဓာနမထားဘဲ အမျိုးသမီးအသက်အား ရအောင်ကယ်ယူရန် ပြင်းပြသည့်စိတ်ဆန္ဒဖြင့် မြစ်ထဲသို့ ခုန်ချခဲ့သူတစ်ဦးဖြစ်သည်။

မြစ်တွင်းပြုတ်ကျသူအမျိုးသမီးမှာ မခင်ချမ်းမြေ့ဦး အသက်(၃၄ နှစ်) မွန်ပြည်နယ် ရေးမြို့ ပညာသိရိလမ်း အစင်ရွာဇာတိဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့သို့ သွားရောက်လည်ပတ်ပြီးနောက် အပြန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သင်္ဘောပေါ်သို့ ၎င်းရောက်ရှိစဉ် အစ်မဝမ်းကွဲတော်စပ်သည့် အမျိုးသမီးမှာ ဗောတံတားပေါ်၌ ကျန်ရစ်ခဲ့သည့်အတွက် သတိလက်လွတ်ဖြင့် ဗောတံတားပေါ်သို့ ပြန်ခုန်တက်ခဲ့ရာမှ မြစ်တွင်းသို့ ခြေချော်ပြုတ်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါအမျိုးသမီးအား ကယ်ဆယ်နိုင်ခဲ့သည့် ချယ်ရီ(၁)ရေယာဉ်မှူး ဦးမြင့်အေး အား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် သင်္ဘောဆိပ်အဝိုင်းရှိ မြို့နယ်သယ်ယူပို့ဆောင်ရေးနှင့် ပင်မမော်တော်ယာဉ်ကြီးကြပ်မှုအသင်း ဒလရုံးခွဲ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အသင်းဝင်များ၊ တွံတေးမြို့မှ အလှူရှင် ဦးချစ်တီး(ချစ်တီးရွှေဆိုင်+ဒေါ်ပုရွှေဆိုင်) တို့က အလှူငွေကျပ် သုံးသိန်းကို ရေယာဉ်မှူး ဦးမြင့်အေးထံ ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး ဂုဏ်ပြုပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ အမှတ် (၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေးဌာန(မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ ရန်ကုန်(ပန်းဆိုးတန်း/ဒလ) ကူးတို့ဆိပ်ကမ်း၌ ဂျပန်နိုင်ငံမှ လျူဒါနိုးထားသည့် ချယ်ရီသင်္ဘောများဖြင့် အသွားအပြန် တစ်နေ့လျှင် ၄ဖေါက်နှုန်းဖြင့် နံနက် ၅ နာရီမှ ည ၉ နာရီအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများမှာ စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ နေ့စဉ်နှင့်အမျှ ကူးသန်းသွားလာကြရသည်။ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ကောက်ခံပြီး သံဃာတော်များနှင့် သီလရှင်များကို အခမဲ့ပို့ဆောင်ပေးလျက်ရှိသည်။

နေ့စဉ် ခရီးသွားပြည်သူ သုံးသောင်းကျော်ကို ပို့ဆောင်ပေးလျက်ရှိရာ ခရီးသည်များ ဘေးကင်းလုံခြုံစွာဖြင့် အဆင်ပြေချောမွေ့စေရေး ပို့ဆောင်ပေးနေသည့် ရန်ကုန်(ပန်းဆိုးတန်း/ဒလ) ကူးတို့ရေယာဉ်များ သန့်ရှင်းသာယာလုပစေရေးနှင့် ရေရှည်ကြံ့ခိုင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ခရီးသွားမိဘပြည်သူများကလည်း စည်းကမ်းများ လိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ **နိုင်လင်းကျော် (ဒလ)**

ကိုရိုနာဗိုင်းရပ်စ် (COVID - 19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

ယမန်နေ့ ည ၈ နာရီမှ ယနေ့ ည ၈ နာရီအထိ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါနှင့် ပတ်သက်၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကုသသည့် လူနာသစ်မရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ယမန်နေ့ ည ၈ နာရီမှ ယနေ့ ည ၈ နာရီအထိ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါနှင့် ပတ်သက်၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကုသသည့် လူနာသစ် မရှိကြောင်း သိရသည်။

ယနေ့ ညနေ ၆ နာရီအထိ ဆေးရုံဆင်းခွင့်သတ်မှတ်ချက်များအရ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် COVID-19 ရောဂါပိုးဓာတ်ခွဲစစ်ဆေးမတွေ့ရှိရသော်လည်း ပိုမိုစိတ်ချရစေရန် ၄၈ နာရီ ဆက်လက်စောင့်ကြပ်ကြည့်ရှုမှုခံယူနေသည့် စောင့်ကြည့်လူနာ ငါးဦးရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့မှ အသက်(၄၁ နှစ်) အရွယ် တရုတ်နိုင်ငံသား အမျိုးသားတစ်ဦးသည် ရန်ကုန်မြို့သို့ ဇန်နဝါရီ ၃၁ ရက်တွင် လေကြောင်းခရီးဖြင့် ရောက်ရှိလာခဲ့ပြီး မွန်ပြည်နယ် ရေးမြို့သို့ ဖေဖော်ဝါရီ ၁၄ ရက်တွင် ရောက်ရှိခဲ့ကြောင်း၊ အဆိုပါအမျိုးသားသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ရေးမြို့နယ် ဆိပ်ကလေးကျေးရွာ၌ ကားပေါ်သို့တက်စဉ် ရုတ်တရက်သတိလစ်၍ မူးလဲကျသွားသဖြင့် ကျေးရွာတာဝန်ရှိသူများမှ ရေးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ဆေးရုံတွင် လူနာအား စမ်းသပ်စစ်ဆေးချက်များအရ လူနာသည် ဦးနှောက်သွေးယိုစီးမှုကြောင့် ဖြစ်ပွားသည်ဟု တွေ့ရှိသုံးသပ်ပါကြောင်း။ လူနာတွင် ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိခဲ့သဖြင့် အဆိုပါလူနာအား လိုအပ်သော အရေးပေါ်ကုသမှုများပေး၍ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပို့ရန် စီစဉ်နေစဉ် နံနက် ၁၁ နာရီ၅ မိနစ်ခန့်တွင်သေဆုံးသွားခဲ့ကြောင်း၊ သေဆုံးရသည့်အကြောင်းအရင်းကို သိရှိနိုင်ရန်အတွက် ရုပ်အလောင်းအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့၍ ရင်ခွဲစစ်ဆေးဆောင်ရွက်ခဲ့ရာ လူနာသေဆုံးရသည့် အကြောင်းရင်းမှာ သွေးတိုးရောဂါကြောင့် ဦးနှောက်သွေးကြောပေါက်၍ ဦးနှောက်အတွင်း သွေးယိုစီးခြင်းဖြစ်ပွား၍ သေဆုံးရခြင်းဖြစ်သည်ဟု တွေ့ရှိခဲ့ကြောင်း သိရသည်။

ယနေ့ နံနက် ၅ နာရီ မိနစ် ၄၀ တွင် တောင်ကိုရီးယားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသော အသက် (၂၄ နှစ်) အရွယ် အမျိုးသားတစ်ဦးသည် လေဆိပ်မှ နေအိမ်သို့ပြန်ရန် YBS ဘတ်စ်ကားပေါ်၌ ၎င်းတွင် COVID-19 ရောဂါဖြစ်ပွားနေသည်ဟုထင်ကြောင်း ၎င်းကိုယ်တိုင်ပြောကြားခဲ့သဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လေဆိပ်ကျန်းမာရေးဌာနခွဲသို့ ဆက်လက်သတင်းပေးပို့ခဲ့ရာ ကျန်းမာရေးဝန်ထမ်းများက သွားရောက်စစ်ဆေးခဲ့ကြောင်း၊ လူနာအား စစ်ဆေးချက်များအရ ကိုယ်ပူဖျားနာခြင်းမရှိသည့်အပြင် (၃၅ ဒသမ ၂ ဒီဂရီ စင်တီဂရိတ်သာရှိ) အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရသည့်အတွက် ၎င်းအား အခြားလိုအပ်မည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် အထူးကုဆေးရုံကြီး ဝေဘာဂီ ပြင်ပလူနာဌာနသို့ ယနေ့ နံနက် ၈ နာရီခွဲတွင် လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း။ အထူးကုဆရာဝန်ကြီးများ၏ စမ်းသပ်စစ်ဆေးမှုများအရ လူနာတွင် COVID-19 ရောဂါ သံသယ လက္ခဏာများ မတွေ့ရှိရဘဲ စိတ်ပူပန်မှုလွန်ကဲသည့် လက္ခဏာများသာ တွေ့ရှိခဲ့သဖြင့် ပြင်ပလူနာအဖြစ် ဆေးကုသမှုများ ပေးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဖေဖော်ဝါရီ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့အလင်း

◆ *ကျောဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း အမျိုးသား + အမျိုးသမီး အနောက်တိုင်းလေးပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသွားသော ရန်ကုန်ပညာရေးတက္ကသိုလ်အသင်းအား ဆုချီးမြှင့်စဉ်။

အနောက်တိုင်းလေ အမျိုးသား+အမျိုးသမီး တံခွန်စိုက်ဆု၊ အနောက်တိုင်းလေအမျိုးသား၊ အမျိုးသမီး တံခွန်စိုက်ဆု၊ ရိုးရာလေ တံခွန်စိုက်ဆုရရှိကြသော တက္ကသိုလ်အသင်းများအား ရန်ကုန်တိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံ လေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ တက္ကသိုလ် လေလှော်အသင်းသားဟောင်းများ အသင်းဒုတိယဥက္ကဋ္ဌ ဦးသိန်းညွန့်ဦး၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်း၊ ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင်ဝင်းနှင့် ပါမောက္ခများ၊ ပါမောက္ခဌာနမှူး အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ကြောင်း သိရသည်။

များက ဆုများချီးမြှင့်ကြသည်။ ၂၁ ရက်မှ ၂၃ရက်အထိ ကျင်းပခဲ့

တင်စိုး (မြန်မာ့အလင်း)

အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် မြန်မာ့အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် မြန်မာ အားကစားသမားများအား Mytel မှ ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ Mytel ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြား ကြသည်။ ထို့နောက် Mytel မှ တာဝန်ရှိသူတို့က အောင်ပွဲရ အားကစားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အမျိုးသား ဘောလုံး၊ အမျိုးသမီး ဘောလုံး၊ ဘိလိယက်နှင့် စနူးကာ၊ အားနစ်၊ လေလှော် (ရိုးရာလေ)၊ ကနူး/ကယက်၊ အပြည်ပြည်ဆိုင်ရာလေ၊ မြားပစ်၊ ဂျူဒို၊ ဗူဂျူး၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ပိုက်ကျော်ခြင်း၊ အလေးမ၊ တိုက်ကွမ်ဒို၊ နပန်း၊ Kurash၊ စစ်တုရင်၊ ဟော်ကီ၊ ကရာတေး၊ ဝိတန်းနှင့် ရွက်လှေ အားကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် ၁၈ ခုနှင့် ကြေးတံဆိပ် ၅၂ခု ရရှိခဲ့သည်။

အောင်ပွဲရအားကစားသမားများ ဆုချီးမြှင့်ရာတွင် အမျိုးသားဘောလုံး အသင်းအား ငွေကျပ်သိန်း ၃၀၀၊ အမျိုးသမီး ဘောလုံးအသင်းအား ငွေကျပ်သိန်း ၁၅၀ နှင့် အခြားအားကစားအဖွဲ့များသို့ ကျပ် ၁၂၃ သိန်း၊ စုစုပေါင်းငွေကျပ် ၅၇၃ သိန်းတို့ကို Mytel မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြရာ အားကစားအဖွဲ့များက လက်ခံရယူကြသည်။

အာကာစိုး

● *ကျောဖုံးမှ*

ဒေါ်ဆင်၊ မာဆီနာ၊ ကာပိုရီ၊ ဒူကော်ရီ၊ ဒီနေ၊ ဒီလိုဖူ စသည်ဖြင့် လူစုံနီးပါး ပွဲထွက်လာခဲ့သည်။

ပထမပိုင်းပွဲကစားချိန်တွင် မန်ယူအသင်းသည် အမှားအချို့ပြုလုပ်မိခဲ့သော်လည်း ဝက်ဖို့ဒ်အသင်းက ထိုအမှားကို ကောင်းကောင်းအသုံးမချနိုင်ခဲ့ပေ။ ဝက်ဖို့ဒ်အသင်း၏ တစ်ချက်တစ်ချက်ထိုးဖောက်မှုများက မန်ယူ အသင်းအတွက် အခက်တွေ့စေခဲ့သည်။

ပထမဆုံးသွင်းဂိုး

မိနစ် ၄၂ မိနစ်အရောက်တွင် မန်ယူကစားသမား ဖာနန်ဒက်စ်သည် သူ့ကြောင့် ရရှိခဲ့သည့် ပယ်နယ်တီကို သူကိုယ်တိုင်ပင် ကန်သွင်းအဆုံးသတ်နိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် မန်ယူအသင်းက ဝက်ဖို့ဒ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။ ထိုဂိုးသည် မန်ယူအသင်းအတွက် ၎င်း၏ ပထမဆုံးသွင်းဂိုးဖြစ်သည်။

ဒုတိယပိုင်း ပွဲကစားချိန် ၅၁ မိနစ်အရောက်တွင် ဝက်ဖို့ဒ်အသင်းအတွက် ထောင့်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဂိုးအဖြစ် ခွင့်မပြုခဲ့ခြင်းကြောင့် မန်ယူအသင်း သက်သာရာရခဲ့သည်။ မန်ယူအသင်းအတွက် ဒုတိယဂိုးကို ပွဲကစားချိန် ၅၈ မိနစ်အရောက်တွင် မာရှယ်၏ လိမ္မာပါးနပ်မှုတစ်ဆင့် ဂိုးသမားဖော်စတာကိုကျော်ကာ လှလှပပသွင်းယူနိုင်ခဲ့သည်။ ဝက်ဖို့ဒ်အသင်းအား နှစ်ဂိုးသွင်းယူပြီးနောက် မန်ယူအသင်း၏ တိုက်စစ်ပိုင်းတိုးတက်လာခဲ့ပြီး ဂရင်းဝုဒ်၊ ဂျိမ်းစ်၊ မက်ဂွယားတို့၏ ကန်သွင်းချက်၊ ခေါင်းတိုက်ချက်များကို ဆက်တိုက်မြင်တွေ့ခဲ့ရသည်။ မန်ယူအသင်းအတွက် တတိယဂိုးကို ပွဲကစားချိန် ၇၅ မိနစ်အရောက်တွင် ဖာနန်ဒက်စ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂရင်းဝုဒ်က သွင်းယူပေးသည်။

ဝက်ဖို့ဒ်လူစားလဲမှုများ ပြုလုပ်လာပြီးနောက် အပြန်အလှန်ထိုးဖောက်မှုများ၊ ကန်သွင်းမှုများကြောင့် ပွဲမှာကြည့်ကောင်းလာခဲ့သည်။ သို့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိခြင်းကြောင့် မန်ယူအသင်းက သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းသည် ယခုပွဲအနိုင်ရရှိခဲ့မှုကြောင့် ပရီမီယာလီဂ် ၂၇ ပွဲ ကစားပြီး ရမှတ် ၄၁ မှတ်ဖြင့် အဆင့် ၅ နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။ ဝုဗ်နှင့် နေ့ဂုစ်ချ်အသင်းတို့ပွဲစဉ်တွင်လည်း ဝုဗ်အသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအနိုင် ရရှိ

အခြားသော ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက လက်စတာနှင့် မန်စီးတီးအသင်းတို့ လက်စတာအိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၈၀ အရောက်တွင် မာရက်ဇ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂျီးဆပ်က သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးသည် ပရီမီယာလီဂ် ၂၇ ပွဲ ကစားပြီးနောက် ရမှတ် ၅၇ မှတ်ဖြင့် အဆင့် ၂ နေရာတွင် ရပ်တည်နေပြီး လက်စတာအသင်းက ၂၇ ပွဲကစား ရမှတ် ၅၀ ဖြင့် အဆင့် ၃ နေရာတွင် ရပ်တည်နေသည်။

အောင်ဇော်

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ဗဟန်းမြို့နယ် ဗိုလ်ချုပ်ကွက် နတ်မောက် လမ်းသွယ် (၁) လမ်းရှိ မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)၌ ကျင်းပသည်။

ရှေးဦးစွာ ဂုဏ်ထူးဆောင်နာယက မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ် (ငြိမ်း) ဦးရဲမြင့်ဖေက မုဒိတာစကားပြောကြားပြီး **(အောက်ပုံ)** မြန်မာ့အလင်း သတင်းစာတိုက် သတင်းထောက်ချုပ် ဦးမြင့်ဆွေ၊ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် သန်လျင်မြို့နယ် အလှုရှင်များ၏ လှူဒါန်းငွေကျပ် ငါးသိန်းကို အလှုရှင်များကိုယ်စား အဖွဲ့တွဲဖက် အတွင်းရေးမှူး ဦးသန်းဝင်း(သန်လျင်မြို့နယ်သတင်းထောက်) က ပေးအပ်ရာ အဖွဲ့ဥက္ကဋ္ဌဦးစိုးဝင်းက လက်ခံရယူသည်။

ယင်းနောက် အဖွဲ့အလုပ်အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ပွဲကျင်းပရာ အဖွဲ့ဥက္ကဋ္ဌဦးစိုးဝင်း (ကျောက်တန်း)၊ အတွင်းရေးမှူး ဦးတင်ဝင်းလေး (ကြည့်မြင်တိုင်) တို့ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ ၁၅ ဦးကို အများဆန္ဒနှင့်အညီ ပြန်လည်တင်မြှောက်ပေးခဲ့ကြောင်း သိရသည်။

ဘော်ဂါသွေး

ရန်ကုန်တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း အမျိုးသား + အမျိုးသမီး အနောက်တိုင်းလေးပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသွားသော ရန်ကုန်ပညာရေးတက္ကသိုလ်အသင်းအား ဆုချီးမြှင့်စဉ်။

မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မန္တလေးမြို့တော်စည်ပင်ရုံးရှေ့စုရပ်နေရာ၌ ဖေဖော်ဝါရီ ၂၃ ရက်က (၄၅) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးစက်ဘီးစီး အဖွဲ့ဝင်များ စက်ဘီးစီး အားကစားသမားများနှင့် ဝါသနာရှင်ပြည်သူများ စုပေါင်းစက်ဘီးစီး ပါဝင်ဆင်နွဲကြစဉ်။

တင်မောင် (မန်းကိုယ်ပွား)

ဟံသာဝတီအသင်း ခုနစ်ပွဲဆက်နိုင်ပြီး ဧရာဝတီနှင့် ရတနာပုံသရေကျ

ပဲခူး ဖေဖော်ဝါရီ ၂၃

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) နောက်ဆုံးနေ့ကို ယနေ့ညနေ ပိုင်းက ဆက်လက်ကျင်းပရာ ဟံသာဝတီအသင်း ခုနစ်ပွဲဆက် အနိုင်ရပြီး ဧရာဝတီနှင့် ရတနာပုံအသင်း သရေကျခဲ့သည်။

ပဲခူး Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဧယားထိပ်ပိုင်းမှ အသင်းများအားလုံး နိုင်ပွဲပျောက်ဆုံးမှုကို ဟံသာဝတီအသင်း အသုံးချနိုင်ခဲ့ပြီး ရာနှုန်းပြည့်နိုင်ပွဲနှင့်အတူ ဧယားထိပ်ဆုံးတွင် လေးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် ခုနစ်ပွဲဆက် အနိုင်ရခဲ့သော်လည်း စစ်ကိုင်းအသင်း၏ တုံ့ပြန်မှုကြောင့် ရုန်းကန်ခဲ့ရပြီး နောက်ကျဂိုးကြောင့် အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။

ဟံသာဝတီအသင်းသည် ပုံစံကောင်းရနေသည့် လူအခင်းအကျင်းဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ပြီး စစ်ကိုင်းအသင်းတွင် ဒဏ်ရာနှင့် ပွဲပယ်ကစားသမားများရှိနေသော်လည်း နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် အမာခံကစားသမားများဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး စစ်ကိုင်းအသင်းသည် ဒိုနယ်နှင့် အီမီကာတိုက်စစ်အတွဲကို အဓိကထိန်းချုပ်ခဲ့သောကြောင့် ဟံသာဝတီအသင်း တိုက်စစ်ရုန်းကန်ခဲ့ရသည်။ သို့သော် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ အပြန်အလှန်ရခဲ့ပြီး တိုင်ထိ၊ ဘားထိထွက်သည့်အပြင် အဆုံးသတ်အားနည်းမှုကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက တိုက်စစ်ပိုမြှင့်လာပြီး ကစားသမားများအပြောင်းအလဲ ပြုလုပ်ကာ ကစားအားမြှင့်ခဲ့သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက ဂိုးရရန် ကြိုးပမ်းသော်လည်း စစ်ကိုင်းအသင်း ခံစစ်အမှားမရှိသောကြောင့် ရုန်းကန်ခဲ့ရပြီး ပွဲပြီးခါနီးတွင် လူစားဝင်ကစားသမား အောင်မျိုးသူရ၏ သွင်းဂိုးဖြင့် အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းနှင့် ရတနာပုံအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ဧရာဝတီအသင်းသည် ရန်ကုန်အသင်း၏ သရေပွဲကို အခွင့်အရေးမယူနိုင်ဘဲ သရေရလဒ်ကြောင့် ထိပ်ဆုံးမှ ဟံသာဝတီအသင်းနှင့် လေးမှတ်အထိ ကွာဟသွားခဲ့သည်။ ရှုံးပွဲဆက်နေသည့် ရတနာပုံအသင်းသည် အဝေးကွင်း၌ ရုန်းကန်ခဲ့ရပြီး နောက်ကျချေပဂိုးကြောင့် ရှုံးပွဲမဆက်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီအသင်းအတွက် ဦးဆောင်ဂိုးကို ၇၃ မိနစ်တွင် စိုးမိုးကျော်က သွင်းယူခဲ့ပြီး ရတနာပုံအသင်းအတွက်ချေပဂိုးကို မိနစ် ၉၀ တွင် အောင်သူက သွင်းယူခဲ့သည်။

ပွဲစဉ် (၇) အပြီးတွင် ဟံသာဝတီအသင်းက ၂၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်နှင့် ဧရာဝတီအသင်းက ၁၇ မှတ်စီ၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၂ မှတ်၊ စစ်ကိုင်းအသင်းက ၁၀ မှတ်၊ ရတနာပုံ၊ မကွေးနှင့် အား/ကာသီပွဲအသင်းတို့က ခြောက်မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက လေးမှတ်၊ Southern အသင်းက သုံးမှတ်နှင့် ဓွဲကပင်အသင်းက နှစ်မှတ်ရရှိထားသည်။

ညီမြတ်သော်တာ

မြို့နယ်အချို့တွင် မီးလောင်မှုဖြစ်စဉ်များကြောင့် နေအိမ်အဆောက်အအုံအချို့ ပျက်စီးဆုံးရှုံး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သုခဒီပရပ်ကွက်၌ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်က မမြတ်မိုးအေး (၃၆နှစ်)၏ နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးကူးစက်လောင်ကျွမ်းရာ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး မမြတ်မိုးအေးအား ထုံးဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

စလင်းမြို့နယ်၌ နေအိမ်တစ်လုံး မီးလောင်နေမှုအား မီးသတ်တပ်ဖွဲ့နှင့်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

လှည်းကူးမြို့နယ် ဒါးပိန်တောင်ရွာ၌ မီးလောင်

အလားတူ ယင်းနေ့ ညနေ ၅ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်တောင်ကျေးရွာနေ သူရင्ဌေး (၂၃နှစ်)၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ခဲ့ရာ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၅ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်တဝ်၁၈ လုံး မီးလောင်ဆုံးရှုံးခဲ့ရပြီး သူရင्ဌေးအား ဒါးပိန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ရေကြည်မြို့နယ်တွင် နေအိမ်အား မီးရှို့မှုဖြစ်

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငှက်ကြီးငှက်ကြီးသိုက်ကုန်းကျေးရွာနေ ယောက္ခမဖြစ်သူ ဒေါ်မြရီ၏ နေအိမ်အား အတူနေ သမက်ဖြစ်သူ ပြည့်ဖြိုးအောင်(ခ)ပေသီး (၂၂ နှစ်)က မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားရာတွင် ငါးသိုင်းချောင်းနယ်မြေနှင့် ရေကြည်မြို့နယ် သိုက်ကုန်းကျေးရွာတွင် ယမန်နေ့ည ၁၁ နာရီခန့်က နေအိမ်အား မီးရှို့မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုနှင့် စပ်လျဉ်း၍ ငါးသိုင်းချောင်းနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ဆန်းတင့် (ရေကြည်)

စလင်းမြို့နယ်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းနယ်မြေရဲစခန်းပိုင် ကြက်ဟင်းခါးကျွန်း(အလယ်) ကျေးရွာ၌ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က အိမ်ရှင် ဦးလှစိုး (၅၅နှစ်) ၏ နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် လူနေအိမ်မီးလောင်မှုဖြစ်ရာ စလင်းမြို့နယ်နှင့် ဆင်ဖြူကျွန်းနယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ ပူးပေါင်းငြိမ်းသတ်ရာ နံနက် ၁၀ နာရီတွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုတွင် အိမ်ရှင်ဦးလှစိုး၏ နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အဆိုပါမီးလောင်မှုနှင့် ပတ်သက်၍ အိမ်ရှင် ဦးလှစိုးအား ဆင်ဖြူကျွန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုးမိုးသူ(စလင်း)

တောင်ငူ၊ မိုင်းခုတ်နှင့် ပင်လုံမြို့နယ်များအတွင်းမှ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

တောင်ငူခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ အမှတ်(၂၂) ရပ်ကွက် ပေါက်လှကြီးလမ်းပေါ်တွင် တွေ့ရှိသူ မခင်လပြည့်ဝင်း (ခ)အိအိခိုင် အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၃၅၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ တောင်ငူမြို့ အမှတ်(၂)ရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ၎င်း၏ နေအိမ်အား ရှာဖွေရာ နေအိမ်တွင် ရှင်းခန့်ကိုနှင့် စိုင်းကွန်ခမ်းတို့အား တွေ့ရှိပြီး ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၂၀၊ မိုက်ခရိုဘတ်စ်အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် ဖုန်းနှစ်လုံး၊ စုစုပေါင်းငွေကျပ်သိန်း ၁၁၇၂ ဒသမ ၁ တို့ကို သိမ်းဆည်းရမိခဲ့သည်။

လုံးစိန်(ခ)လုံးဆေး အား ဖမ်းဆီးရမိသည့် ဘိန်းစိမ်းများ၊ ခဲယမ်းများနှင့် အတူတွေ့ရစဉ်။

အလားတူ ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းက တပ်မတော်မှ မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ တန့်ဆိုင်ကျေးရွာအုပ်စု ကျဘိုရီးကျေးရွာအနီးတွင် ဆာလာအိတ်လွယ်ထားသည့် မသက်ာဖွယ်လူငါးဦးအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အိတ်များအား ပစ်ချပြီး ထွက်ပြေးသွားသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ငွေကျပ်သိန်း ၁၁၉၉၆ သိန်း တန်ဖိုးရှိ အိုက်စ် ၁၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၉၆၀၀ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဖေဖော်ဝါရီ ၁၅ ရက်က တပ်မတော်မှ လွိုင်လင်မြို့နယ် ပင်လုံမြို့ နောင်လိုင်ကျေးရွာအုပ်စု ဟွေကုန်းကျေးရွာတွင် လုံးစိန်(ခ) လုံးဆေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆာလာအိတ်ဖြင့် ထည့်ထားသည့် ဘိန်းစိမ်း ၄၃ ကီလို၊ TNT ယမ်းတောင့် ၁၅ တောင့်၊ မီးရှို့စနက်တံ ၂၅ တောင့်၊ ၅ . ၅၆ ကျည် ငါးတောင့် တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

ရမည်းသင်းမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး သရုပ်ပြလေ့ကျင့်

ရမည်းသင်း ဖေဖော်ဝါရီ ၂၃

ရမည်းသင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၉ ရက်က မြို့မစျေးအတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရလင်းက စျေးမီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်း၊ စျေးအတွင်းထားရှိသော မီးသတ်စက်၊ မီးသတ်ပိုက်၊ မီးသတ်ဆေးဘူးအသုံးပြုပုံများကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ကာ မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ ဒုတိယရဲမှူးကြီး ဝင်းကျော်၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးသန့်ဇင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်နှင့် တာဝန်ရှိသူများ၊ စျေးသူ စျေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုကိုရူပ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ခိုးမှု၊ လုယက်မှု ကျူးလွန်သူများ ဖမ်းဆီးရမိ

ထက်ဝေအောင်(ခ) ကိုထက်နှင့် နေဇော်အောင်(ခ) ပေါ်ကြီးတို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ခွင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီလ နောက်ဆုံးပတ်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်း ခိုးမှုကျူးလွန်ထား ကြောင်း သတင်းရရှိထားသူ ထက်ဝေအောင်(ခ) ကိုထက်နှင့် နေဇော်အောင်(ခ)ပေါ်ကြီး တို့နှစ်ဦးကို ၎င်းတို့ကိုင်ဆောင်ထားသော ဖုန်းတစ်လုံးနှင့် ပတ်သက်၍ စစ်မေးရာပိုင်ဆိုင်ကြောင်း အထောက်အထားမပြနိုင်သဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

၎င်းတို့ နှစ်ဦးသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတို့တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်းမှ ဆိုင်ကယ် တစ်စီး၊ ဖုန်းလေးလုံးနှင့် ငွေကျပ် ၂၀၀၀၀ ပါ ပိုက်ဆံအိတ်တစ်လုံး၊ သာကေတမြို့နယ်အတွင်းမှ ဖုန်းနှစ်လုံး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်းမှ ဖုန်းတစ်လုံး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်းမှ ဖုန်းနှစ်လုံး စုစုပေါင်း လက်ကိုင်ဖုန်းကိုးလုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူခြင်းနှင့် လုယက်ခြင်းများ ကျူးလွန်ခဲ့ကြောင်း ထပ်မံစစ်ဆေး ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ ထက်ဝေအောင်(ခ) ကိုထက်နှင့် နေဇော်အောင်(ခ)ပေါ်ကြီး တို့ကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

တောင်ကုတ်မြို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲ ကျင်းပ

တောင်ကုတ် ဖေဖော်ဝါရီ ၂၃

တောင်ကုတ်မြို့တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က သိမ်တောင်ရပ်ကွက် မြို့မအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဆွေလင်းမောင်နှင့် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့နှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ လောင်စာဆီ မီးလောင်မှုကို မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ Gas ဓာတ်ငွေ့ယိုစိမ့်မှုအား မီးငြိမ်းသတ်ခြင်းနှင့် အဆောက်အအုံများ မီးလောင်မှုဖြစ်ပါက မီးငြိမ်းသတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်အကြောင်းအရာများ ရှင်းလင်းပြသကာ သရုပ်ပြသရေး ယာယီဆောက်လုပ်ထားသော အဆောက်အအုံနှစ်လုံးအား မီးငြိမ်းသတ်ရေးဆောင်ရွက်မှုနှင့် ကူညီကယ်ဆယ်ရေးဆောင်ရွက်မှုများအား သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာ (အထက-၆)တွင် ဖေဖော်ဝါရီ ၂၁ ရက်က လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်က ကျောင်းသားကျောင်းသူများအား သက်ငယ်မှဒိမ်းမှုကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့နှင့် ပတ်သက်၍ အသိပညာပေး ဟောပြောဆွေးနွေးစဉ်။

ကိုရဲ

အင်းစိန်ဘူတာ၌ ခရီးသည်များအားအရေးပေါ် မီးငြိမ်းသတ်နည်း သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရထားရဲတပ်ဖွဲ့အမှတ်(၁၄)၊ တပ်ခွဲ (အင်းစိန်)မှ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားဝန်ထမ်းများနှင့် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၁ ရက်က အင်းစိန်ဘူတာ၌ မြို့နယ်မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ခိုင်မိုးဝင်းနှင့် တပ်ဖွဲ့ဝင်များက ရထားစီးခရီးသည်များအား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးအသုံးပြုနည်း၊ ရေစိုအဝတ်ဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း၊ မီးသတ်ပိုက်ချိတ်ဆက် အသုံးပြုနည်းတို့ကို လက်တွေ့သရုပ်ပြသ လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ဥာဏ်လင်း

မဲဆန္ဒရှင်များကို ဟန့်တားရန် နိုင်ငံခြားမီဒီယာများက ဗိုင်းရပ်စ်ကို အသုံးချနေသည်ဟု အီရန်ပြော

တီဟီရန် ဖေဖော်ဝါရီ ၂၃

အီရန်နိုင်ငံ၏အထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်ပြည်သူများကို ဟန့်တားရန်အတွက် နိုင်ငံခြားမီဒီယာများသည် ကိုရိုနာဗိုင်းရပ်စ်ကို အသုံးချနေသည်ဟု အီရန်နိုင်ငံမှ ခေါင်းဆောင် အယာတိုလာအလီခါမေနီက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သည့် လအနည်းငယ်မှစတင်ကာ ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့ကြပြီး ရွေးကောက်ပွဲနီးကပ်လာသည်နှင့် အမျှ မဟုတ်သည့် ဝါဒဖြန့်ချိမှုများမှာ ပျံ့နှံ့လာခဲ့သည်။ ပြည်သူများ လာရောက်မဲပေးရာတွင် ကြောက်ရွံ့မှုများ ဖြစ်ပေါ်ပြီး မဲပေးပွဲကို အဟန့်အတားဖြစ်စေရန် အဆိုပါ မီဒီယာများသည် ကိုရိုနာဗိုင်းရပ်စ်ကို အသုံးချနေသည်ဟု ခါမေနီက ပြောကြားခဲ့သည်။

အီရန်ပြည်သူများ၏ ရွေးကောက်ပွဲကို ရန်သူများက မလိုလားကြောင်း ခါမေနီက ၎င်း၏တရားဝင်ဝက်ဘ်ဆိုက်မှ တစ်ဆင့်ကြေညာခဲ့သည်။ အီရန်နိုင်ငံတွင် ပါလီမန် ရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က စတင်ကျင်းပခဲ့သည်။

အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုရှိနေသည်ဟု အတည်ပြုပြီး နှစ်ရက်အကြာတွင် ပြုလုပ်ခဲ့ခြင်းလည်း ဖြစ်သည်။ ကွန်ဆာဇေးတစ်များလွှမ်းမိုးသည့် ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့သည် ပြုပြင်ရေးသမားများ၊ အလယ်အလတ်သမားများကို အမတ်လောင်းအဖြစ်အရည်အချင်းမပြည့်မီဟု သတ်မှတ်ပြီးနောက် ရွေးကောက်ပွဲတွင် မဲပေးသူနည်းပါးမည်ဟု အစောကတည်းက ခန့်မှန်းထားပြီးဖြစ်သည်။ ခါမေနီကမူ ပြည်သူများ လာရောက်မဲထည့်ကြရန် တိုက်တွန်းခဲ့သည်။ အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် COVID –19 ဖြစ်ပွားမှုကြောင့် ဖေဖော်ဝါရီ ၁၉ ရက်တွင် လူငါးဦးသေဆုံးခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံးလူသေဆုံးမှုဖြစ်လာခဲ့သည်။ ဖေဖော်ဝါရီ ၂၃ ရက်မှ စတင်ကာ တိုင်းပြည်တစ်လွှားပြည်နယ် ၁၄ ခုတွင် ကျောင်းများ၊ တက္ကသိုလ်များ၊ ပညာရေးစင်တာများ ပိတ်ထားခဲ့ရသည်။ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးလှုပ်ရှားမှုအနေဖြင့် လက်ဆွဲနှုတ်ဆက်ခြင်းမပြုရန် သတိပေးပိုစတာများ ထောင်ထားကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း အီရန်တွင် COVID –19 ပျံ့နှံ့မှုကို စိုးရိမ်ကြောင်း ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

မျက်နှာဖုံးများ တပ်ဆင်ထားသည့် အီရန်ရွေးကောက်ပွဲအရာရှိများကို တွေ့ရစဉ်။

အီဂျစ်သမ္မတဟောင်း မူဘာရက်၏သားနှစ်ဦးကို တရားသေလွှတ်

ကိုင်ရို ဖေဖော်ဝါရီ ၂၃

အကျင့်ပျက်ခြစားမှုဖြင့် တရားစွဲဆိုခံထားရသည့် အီဂျစ်သမ္မတဟောင်း မိုဟာမက်ဟော့စနီမူဘာရက်၏ သားနှစ်ဦးဖြစ်သည့် အာလာနှင့် ဂျမဲမူဘာရက်တို့ကို အီဂျစ်တရားရုံး က ဖေဖော်ဝါရီ ၂၁ ရက်တွင် တရားသေလွှတ် ပေးရန် စီရင်ချက်ချခဲ့သည်ဟု နိုင်ငံပိုင်အာဟင်အွန်လင်းသတင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ကိုင်ရိုပြစ်မှုဆိုင်ရာ တရားရုံးက အာလာနှင့် ဂျမဲတို့ကိုပြန်လွှတ်ပေးရန် စီရင်ချက်ချခဲ့သည်။ ၎င်းတို့နှစ်ဦးသည် စတော့အိတ်ချိန်းများကို အလွဲသုံးစားလုပ်သည်ဟု စွပ်စွဲခံထားရခြင်းဖြစ်သည်။ အီဂျစ် စတော့အိတ်ချိန်းဈေးကွက်နှင့် အီဂျစ်ဗဟိုဘဏ်စည်းမျဉ်းများကို ချိုးဖောက်သည်ဟုဆိုကာ တရားရင်ဆိုင်နေရခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ဆိုက်ပရပ်ကုမ္ပဏီနှင့် လျှို့ဝှက်စာချုပ်ပြုလုပ်ကာ ဗဟိုဘဏ်မှ ရှယ်ယာများရယူပြီး အီဂျစ်ငွေကြေး ၄၉၃ သန်းကို တရားမဝင် ရယူခဲ့သည်ဟု အစိုးရရှေ့နေက ပြောကြားခဲ့သည်။

အာလာမူဘာရက်(ယာ)နှင့် ဂျမဲမူဘာရက်(ဝဲ)တို့ကို ၂၀၁၂ ခုနှစ် ဧပြီလ ၉ ရက်က ကိုင်ရိုမြို့တရားရုံးတွင် တွေ့ရစဉ်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် သမ္မတဟောင်း မူဘာရက်၏သားနှစ်ဦးကို အာမခံဖြင့် ပြန်လွှတ်ပေးရန် ကိုင်ရိုပြစ်မှုဆိုင်ရာတရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ၂၀၁၁ ခုနှစ် မူဘာရက်ဖြုတ်ချခံရပြီးနောက် ဂျမဲနှင့်အာလာတို့ကို အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များဖြင့် ဖမ်းဆီးထားခဲ့သည်။

၂၀၁၅ ခုနှစ် မေလတွင် ဖခင်ဖြစ်သူနှင့်အတူ ၎င်းတို့နှစ်ဦးကို ရန်ပုံငွေ အလွဲသုံးစားမှုဖြင့် ထောင်ဒဏ်သုံးနှစ်ချမှတ်ခဲ့သည်။ ၎င်းတို့ အချုပ်ချခံထားရသည့်ကာလနှင့် ပြစ်ဒဏ်ကာလတို့ ကာမိသည့်အတွက် ၎င်းတို့ကို တစ်နှစ်ထဲမှာပင် လွှတ်ပေးလိုက်ခြင်း ဖြစ်သည်။

ဆင်ဟွာ

တောင်ကိုရီးယားနှင့်ဂျပန်တို့သို့ ခရီးသွားလာမှုဆိုင်ရာ အကြံပေးချက် အမေရိကန်ထုတ်ပြန်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၃

ဂျပန်နှင့် တောင်ကိုရီးယားတို့သည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှုန်းတွင် အဆင့် ၂ သတ်မှတ်ချက်ရှိသည့်အတွက် အဆိုပါနိုင်ငံများသို့ ခရီးသွားလာမှုဆိုင်ရာ အကြံပေးချက်ကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အသက်အရွယ်ကြီးရင့်သူများနှင့် ကျန်းမာရေး ချို့ယွင်းသူများ မလိုအပ်ဘဲ ခရီးမသွားကြရန်နှင့် ခရီးစဉ်များကို ပြန်လည်စဉ်းစားရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းခဲ့သည်။

ဂျပန်နှင့် တောင်ကိုရီးယားတို့တွင် မည်သည့်နေရာတွင် မည်သို့မည်ပုံ ရောဂါကူးစက်မှုများ ရှိနေသည်ကို သေချာမသိရကြောင်း၊ ဗိုင်းရပ်စ်ပျံ့နှံ့မှုများမှာ ဆက်လက်ဖြစ်ပွားနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အသက်ကြီးသူများနှင့် နာတာရှည်ရောဂါရှိသူများ အဆိုပါ နှစ်နိုင်ငံသို့ သွားရောက်မည်ဆိုပါက ကျန်းမာရေးဆိုင်ရာအထောက်အပံ့ ရယူရန်၊ အရေးမကြီးလျှင် ခရီးသွားလာခြင်းမပြုဘဲ ခရီးစဉ်များ ဖျက်သိမ်းထားရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အဆင့် ၂ သတ်မှတ်ထားခြင်းမှာ ခရီးစဉ်များ ဖျက်သိမ်းရန်နှင့် အကြံပေးမှုများအတိုင်း အဆိုပါ နိုင်ငံများမှ ထွက်ခွာရန်ကို ဆိုလိုသည်။

အရှေ့အာရှဒေသနှင့် အာရှပစိဖိတ်ဒေသများသို့ အပျော်စီးသင်္ဘောများဖြင့် ခရီးသွားလာမှုကို ပြန်လည်သုံးသပ်ရန် ဖေဖော်ဝါရီ ၂၀ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံသားများကို တိုက်တွန်းထားခဲ့သည်။

အင်နန်အိတ်ချ်ကေ

ဟွန်ဒါကားစက်ရုံ ပိတ်လိုက်ရခြင်းကြောင့် စီးပွားရေးကို အနည်းငယ်သာထိခိုက်ဟု ဖိလစ်ပိုင်ပြော

မနီလာ ဖေဖော်ဝါရီ ၂၃

ဂျပန်ကားကုမ္ပဏီဖြစ်သော ဟွန်ဒါဖိလစ်ပိုင်ကုမ္ပဏီ (HCPI)သည် ဖိလစ်ပိုင်ရှိစက်ရုံကို မတ်လအတွင်း ပိတ်ပစ်ရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် စီးပွားရေးကို အနည်းငယ်သာ ထိခိုက်မှုဖြစ်စေသည်ဟု ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေး၏ ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

HCPI ၏ ကြေညာချက်ကို သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဆယ်ဗေးဒါးပန်နီလိုက တုံ့ပြန်ပြောကြားခဲ့ခြင်း ဖြစ်သည်။ HCPI ကုမ္ပဏီသည် ဟွန်ဒါနှင့် BR–V မော်ဒယ်တို့ကို ဒေသတွင်းထုတ်လုပ်ခဲ့ပြီး ၂၀၂၀ မတ်လတွင် ဆန်တာရိုဆာမြို့ရှိ စက်ရုံတွင်ထုတ်လုပ်မှု ရပ်ဆိုင်းမည်ဟု ကြေညာခဲ့သည်။

အဆိုပါ စက်ရုံပိတ်သိမ်းလိုက်သည့်အခါ အလုပ်သမားပေါင်း ၃၈၇ ဦး အလုပ်လက်မဲ့ပြဿနာနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ယင်းရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာမှာ အနည်းငယ်သာဖြစ်ကြောင်း၊ နောက်ထပ်ဝင်လာမည့် ကုမ္ပဏီပေါင်း များစွာရှိနေသေးကြောင်း မန်နီလိုက ရေဒီယိုအင်တာဗျူးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ အလုပ်ပြုတ်သွားသည့် အလုပ်သမားများမှာလည်း နောက်ထပ်အလုပ်ကို အလွယ်တကူပင်ရှာနိုင်မည်ဖြစ်ပြီး နောက်ထပ်တည်ဆောက်ရေး ပရောဂျက်များစွာရှိနေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

HCPI သည် ဖိလစ်ပိုင်နိုင်ငံအတွင်းကားအရောင်းနှင့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၁၉၉၂ခုနှစ်မှ စတင်ကာ စက်ရုံတည်ဆောက်ခဲ့သော်လည်း လွန်ခဲ့သည့်နှစ်နှစ်ခန့်မှ စတင်ကာ အရောင်းကျလာခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

အရောင်းပြခန်းအတွင်း ပြသထားသည့် BR–Vကားကို တွေ့ရစဉ်။

ကမ္ဘာတစ်လွှား ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများနှင့် ကာကွယ်ပြင်ဆင်မှုများ

ခြုံးစဉ်နှီနွေး

ကမ္ဘာအနှံ့ ကြောက်ရွံ့ထိတ်လန့်နေရတဲ့ ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး နောက်ထပ်ကြားသိရတဲ့ အချက်အလက်ကတော့ ရောဂါလက္ခဏာပြမယ့်အချိန်ဟာ ၁၄ ရက်ထက် ပိုပြီးကြာမြင့်နိုင်တယ်ဆိုတာပါပဲ။

အခွင့်အလမ်းနည်းပါးလာ

အချိန် ၁၄ ရက်ထက် ပိုပြီးစောင့်ကြည့်ခဲ့တဲ့လူနာတွေမှာ ကိုရိုနာဗိုင်းရပ်စ် တွေ့ရှိရတယ်လို့ သုတေသီတွေကပြောပါတယ်။ အခုဆိုရင် ဖြစ်ပွားမှုနှုန်းမြင့်တက်နေတာ တရုတ်နိုင်ငံအတွင်းမှာပဲ မဟုတ်တော့ပါဘူး။ တောင်ကိုရီးယား၊ ဂျပန်၊ အီတလီနဲ့ အီရန်တို့မှာ ကူးစက်ခံရမှုနှုန်းဟာ မြင့်မားလာတာကိုလည်း တွေ့မြင်နေရပါတယ်။ ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုကို ရပ်တန့်ဖို့အတွက် အခွင့်အလမ်းနည်းပါးသွားပြီလို့ သတိပေးခဲ့ပါတယ်။ ဝူဟန်မြို့အတွင်း အခြေအနေဟာ ဆိုးရွားနေဆဲဖြစ်ပြီး ရှုပ်ထွေးနေဆဲပဲလို့တရုတ်သမ္မတ ရီကျင့်ဖျင်က ပြောကြားခဲ့ပါတယ်။

ထိန်းချုပ်ဖို့ခက်ခဲ

ဒီဗိုင်းရပ်ပျံ့နှံ့မှုဟာ တစ်ကမ္ဘာလုံးအနှံ့ပျံ့သွားနိုင်ပြီး ထိန်းချုပ်ဖို့ ခက်ခဲလာလိမ့်မယ်လို့ ကျွမ်းကျင်သူတွေက သတိပေးခဲ့ပါတယ်။ တရုတ်နိုင်ငံပြီးရင် ကိုရိုနာဗိုင်းရပ်စ် အဖြစ်အများဆုံးကတော့ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတို့ပါပဲ။ ဖေဖော်ဝါရီ ၂၃ ရက်မှာတော့ တောင်ကိုရီးယားမှာ ကူးစက်ခံရသူအရေအတွက်ဟာ ၆၀၂ ဦးအထိ ရှိလာခဲ့ပါပြီ။ Diamond Princess အပျော်စီးသင်္ဘောပေါ်က ကူးစက်ခံရတဲ့ အရေအတွက်အပြင် တောင်ကိုရီးယားဟာ တရုတ်နိုင်ငံပြင်ပမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု အမြင့်ဆုံးပမာဏပဲ ဖြစ်နေပါတယ်။

တောင်ကိုရီးယား၌ ဖြစ်ပွားမှု

တောင်ကိုရီးယားမှာ ကူးစက်ခံရတဲ့ သုံးပုံနှစ်ပုံကတော့ ဒေဂူမြို့ကပဲ ဖြစ်ပါတယ်။ ဒေဂူမြို့က ရှန်ချန်းဂျီ ဘုရားကျောင်းနဲ့ ဆက်စပ်မှုရှိပါတယ်။ ဘုရားကျောင်းမှာပြုလုပ်တဲ့ အသုဘပွဲကို လာကြရင်းလူ ၁၁၁ ဦးမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရတာကို တွေ့ရပါတယ်။ အဲဒီထဲက လူနာနှစ်ဦးကတော့ သေဆုံးသွားခဲ့ပါပြီ။ အသက် ၅၇ နှစ်အရွယ် လူနာတစ်ဦးကတော့ ဒေနမ်ဆေးရုံမှာပဲ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသွားခဲ့ရပါတယ်။ ဒါဟာ တောင်ကိုရီးယားနိုင်ငံအတွင်း လေးဦးမြောက်သေဆုံးသူလည်း ဖြစ်ပါတယ်။

တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့စျေးအတွင်း ဆေးဖျန်းနေကြသည့် စျေးလုပ်သားများကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့ရစဉ်။

ဂျပန်နိုင်ငံအတွင်းကူးစက်ခံရမှု

ဂျပန်နိုင်ငံမှာတော့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်ဟာ ဖေဖော်ဝါရီ ၂၂ ရက်မှာ ၁၂၁ ဦး အထိ မြင့်တက်ခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းကူးစက်ခံရသူ အရေအတွက်ကတော့ ၇၅၀ ကျော်လာပါပြီ။ တိုကျိုမြို့ အရှေ့ပိုင်းမူလတန်းကျောင်းက အသက် ၆၀ ဝန်းကျင်အရွယ်ဆရာမမှာ ကိုရိုနာဗိုင်းရပ်စ် ရှိနေတာကို တွေ့ရှိခဲ့ရပါတယ်။ ချီဘာမြို့တော်ဝန်က အဲဒီကျောင်းကို ဗုဒ္ဓဟူးနေ့မတိုင်ခင် အချိန်အထိ ပိတ်ထားမယ်လို့ ကြေညာခဲ့ပါတယ်။ အဲဒီဆရာမဟာ လွန်ခဲ့တဲ့ နှစ်ပတ်တာအတွင်း နိုင်ငံရပ်ခြားသို့ ခရီးသွားခဲ့ခြင်းလည်း မရှိသလို ကူးစက်ခံထားရသူတွေနဲ့ ထိတွေ့တာမျိုးလည်း မရှိခဲ့ပါဘူး။ ဒီအချက်တွေ အခြေခံကြည့်မယ်ဆိုရင် အဲဒီဗိုင်းရပ်စ်ဟာ နိုင်ငံအတွင်း မမြင်နိုင်လောက်အောင် ပျံ့နှံ့နေပြီလို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

အစ္စရေးနိုင်ငံ၏အခြေအနေ

တောင်ကိုရီးယား ကမ္ဘာလှည့်ခရီးသွား ကိုးဦးဟာ မကြာသေးခင်အချိန်ကမှ အစ္စရေးနိုင်ငံနဲ့ အနောက်ဘက်ကမ်းကို သွားရောက်ခဲ့ပါတယ်။ ဒါကြောင့်လည်း အဲဒီခရီးသည်တွေနဲ့ ထိတွေ့မှုရှိခဲ့တဲ့လူတွေကို အာဏာပိုင်များထံ သတင်းလာပေးဖို့နဲ့ သီးခြားခွဲနေဖို့ အစ္စရေးနဲ့ ပါလက်စတိုင်းအာဏာပိုင်တွေက သတိပေးထားပါတယ်။

တရုတ်တွင် ကူးစက်မှုမြင့်နေဆဲ

တရုတ်နိုင်ငံရဲ့အခြေအနေကတော့ ကူးစက်ခံရမှုနှုန်းမြင့်နေတုန်းပါပဲ။ ဖေဖော်ဝါရီ ၂၃ ရက်မှာတော့ ဗိုင်းရပ်စ်ကူးစက်ခံထားရသူ နောက်ထပ် ၆၄၈ ဦးတွေ့ရှိရပြီး ၉၇ ဦးကတော့သေဆုံးသွားခဲ့ပြီ။ ဒါကြောင့် ရောဂါလက္ခဏာပြသဖို့ အချိန်ဟာ ၁၄ ရက်ထက်ပိုမိုကြာမြင့်နိုင်တယ်ဆိုတာကိုတော့ သိပ္ပံပညာရှင်တွေလေ့လာခဲ့ကြပါတယ်။ တရုတ်နိုင်ငံ ဟူပေပြည်နယ်က အသက် ၇၀ အရွယ်အမျိုးသားတစ်ဦးဟာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရပေမယ့် ရက်ပေါင်း ၂၇ ရက်ထိတိုင်အောင် ရောဂါလက္ခဏာတွေမပြသခဲ့ပါဘူးလို့ ဒေသအစိုးရက ပြောပါတယ်။ တရုတ်နိုင်ငံအတွင်း ကိုရိုနာကြောင့် သေဆုံးမှုမြင့်တက်နေတဲ့အချိန်မှာ အီရန်နိုင်ငံမှာလည်း ခြောက်ဦးသေဆုံးသွားခဲ့ပါတယ်။

အီတလီနိုင်ငံ၏ လက်တလောအခြေအနေ

ဥရောပမှာ ကူးစက်မှုမြင့်နေတာကတော့ အီတလီပါ။ ဖေဖော်ဝါရီ ၂၂ ရက်မှာတော့ အီတလီအာဏာပိုင်တွေဟာ အီတလီနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုနှုန်းမြင့်လာတာကို အတည်ပြုပြောကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ရက်တာအတွင်းမှာပဲ ကူးစက်ခံရသူအရေအတွက်ဟာ ၅၈ ဦးအထိ ရှိလာခဲ့ပါတယ်။ ဒီပမာဏဟာဥရောပမှာတော့အများဆုံးပမာဏပါပဲ။ ဒီအချိန်မှာပဲ တရုတ်နိုင်ငံက သိပ္ပံပညာရှင်တွေက ဒီဗိုင်းရပ်စ်ဟာ ဆီးထဲကတစ်ဆင့်လည်း ကူးစက်နိုင်တယ်ဆိုတာကို အစီရင်ခံတင်ပြခဲ့ပါတယ်။

အီတလီနိုင်ငံအတွင်းမှာ ကူးစက်ခံရမှုမြင့်တက်လာတဲ့အတွက် လူပေါင်း ၅၀၀၀ ကို နေအိမ်မှာပဲနေဖို့ ပြောထားလို့ မီလန်မြို့တောင်ဘက် မြို့ ၁၀ မြို့မှာ ဘာသာရေးပွဲတွေအပြင် အခြားသော ပွဲတွေကိုလည်း တက်ရောက်ခြင်းမပြုဖို့ အမိန့်ထုတ်ထားပါတယ်။

ကမ္ဘာအနှံ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရတဲ့ အရေအတွက်ကတော့ ၇၈၀၀၀ ရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကျွမ်းကျင်သူတွေဟာ တရုတ်နိုင်ငံ ဝူဟန်မြို့အပါအဝင် အခြားမြို့သုံးမြို့ကိုလည်း သွားရောက်ခဲ့တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ညွှန်ကြားရေးမှူးချုပ်က ပြောပါတယ်။

အာဖရိကအတွက်ပြင်ဆင်မှု

တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းသို့မဟုတ် ရောဂါဖြစ်ပွားနေသူနဲ့ ထိတွေ့ခဲ့ခြင်းမရှိဘဲနဲ့ တရုတ်နိုင်ငံပြင်ပမှာ ကူးစက်ခံရသူအရေအတွက် မြင့်တက်လာတာကိုတော့ စိုးရိမ်မိတယ်လို့ သူက ဆက်ပြောပါတယ်။

အခုဆိုရင်အာဖရိကကိုလည်းဆေးဝါးထောက်ပံ့ပေးမှုတွေ ပြုလုပ်ထားပြီး အာဖရိကဒေသမှာ ဗိုင်းရပ်စ် ပျံ့နှံ့လာခဲ့ရင် အကောင်းဆုံးလုပ်ဆောင်မှုတွေ လုပ်နိုင်ဖို့ အဲဒီက ကျန်းမာရေးလုပ်သားတွေကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လေ့ကျင့်မှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။

လက်ရှိအခြေအနေမှာတော့ အာဖရိကတစ်လွှားအီဂျစ်တစ်နိုင်ငံမှာသာ ကူးစက်ခံရသူကို တွေ့ရှိရပါသေးတယ်။ COVID –19 လို့ အမည်ပေးထားတဲ့ဗိုင်းရပ်စ် ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားနည်းတဲ့နိုင်ငံတွေ ဆီပျံ့နှံ့လာမှာကိုစိုးရိမ်မိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ပြောပါတယ်။ အမေရိကန်နိုင်ငံမှာလည်း ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး တုံ့ပြန်မှုတွေအပေါ် ပြည်တွင်းမှာ ရုန်းကန်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

အီရတ်နှင့်ကူဝိတ်တို့၏ တုံ့ပြန်မှု

ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်းမှာ အီရတ်နဲ့ ကူဝိတ်နိုင်ငံတို့ဟာ အီရန်နဲ့ တိုက်ရိုက်လေကြောင်းလိုင်းတွေကို ဆိုင်းငံ့ထားခဲ့ပါတယ်။ အီရန်နိုင်ငံသားတွေအတွက် ဗီဇာကိုလည်း အီရတ်နိုင်ငံဘက်က ခေတ္တရပ်ဆိုင်းထားခဲ့ပါတယ်။

အီရန်နိုင်ငံကို မကြာသေးခင်ကမှ သွားရောက်ခဲ့တဲ့ တူရကီနိုင်ငံသားတွေကိုလည်း ပြည်ဝင်ခွင့် ကန့်သတ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါကတော့ ကမ္ဘာတစ်လွှားမှကို ရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနဲ့ နိုင်ငံအလိုက် တုံ့ပြန်လှုပ်ရှားနေမှုတွေပဲ ဖြစ်ပါတယ်။ ။

ကိုးကား –ဝါရှင်တန်ပို့စ်

> **“ တောင်ကိုရီးယား ကမ္ဘာလှည့်ခရီးသွားကိုးဦးဟာ မကြာသေးခင်အချိန်ကမှ အစ္စရေးနိုင်ငံနဲ့ အနောက်ဘက်ကမ်းကို သွားရောက်ခဲ့ပါတယ်။ ဒါကြောင့်လည်း အဲဒီခရီးသည်တွေနဲ့ ထိတွေ့မှုရှိခဲ့တဲ့လူတွေကို အာဏာပိုင်များထံ သတင်းလာပေးဖို့နဲ့ သီးခြားခွဲနေဖို့ အစ္စရေးနဲ့ ပါလက်စတိုင်းအာဏာပိုင်တွေက သတိပေးထားပါတယ်”**

နိုင်ငံတကာသတင်းတိုတွာ

ဂါဇာတောင်ပိုင်းတွင် အစ္စရေးတပ်ဖွဲ့ကြောင့် ပါလက်စတိုင်းတစ်ဦးသေဆုံး

ဂါဇာ ဖေဖော်ဝါရီ ၂၃

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၂၃ ရက်က အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းတစ်ဦးဒဏ်ရာရကာ တစ်ဦးသေဆုံးသွားခဲ့ကြောင်း ဆေးဘက်သတင်းအရင်းအမြစ်က ပြောသည်။ ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း မြို့ ခန်ယူနစ်နှင့် အစ္စရေးနိုင်ငံတို့အကြား နယ်စပ်စည်းသို့ ချဉ်းကပ်လာသည့် ပါလက်စတိုင်းနှစ်ဦးကို အစ္စရေးတပ်ဖွဲ့က ပစ်ခတ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လူငယ်များက ပစ်ခတ်ခံရသည့် ပါလက်စတိုင်းတစ်ဦးကို ပြန်လည်ဆွဲယူရန် ကြိုးပမ်းကြသော်လည်းအစ္စရေးတို့က တရစပ်ပစ်ခတ်မှုများကြောင့် ပြန်လည်မရယူနိုင်ခဲ့ပေ။ နယ်စပ်စည်းရိုးသို့ ချဉ်းကပ်လာသည့်အတွက် ပစ်ခတ်ရခြင်းဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အဗီချေးအဒရာအီက ပြောသည်။ ဆင်ဟွာ

အီရန်တွင် ငလျင်လှုပ်မှုကြောင့် အိမ်နီးချင်းတူရကီမှ လူခုနစ်ဦး သေဆုံး

အန်ကာရာ ဖေဖော်ဝါရီ ၂၃

အီရန်နိုင်ငံတွင် ငလျင်လှုပ်မှုဖြစ်ပေါ်ပြီးနောက် အိမ်နီးချင်းတူရကီနိုင်ငံ အရှေ့ပိုင်း ဗန်စီရင်စုတွင် ဖေဖော်ဝါရီ ၂၃ ရက်က လူခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ငလျင်ကြောင့် အရွယ်ရောက်ပြီးသူ လေးဦးနှင့် ကလေးသုံးဦး သေဆုံးခဲ့ရကြောင်း တူရကီပြည်ထဲရေးဝန်ကြီး ဆူလေမန်ဆွိုင်လုက ပြောသည်။ ဒဏ်ရာရရှိခဲ့သည့် တူရကီနိုင်ငံသား ငါးဦးကိုလည်း ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၃ ရက်က အီရန်နိုင်ငံ အနောက်မြောက်ပိုင်း အဇာဘိုင်ဂျန် စီရင်စုတွင် ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူရှ် ငလျင်လှုပ်ခဲ့ပြီး တူရကီ – အီရန်နယ်စပ်တွင်လည်း လှုပ်ခဲ့ကြောင်း သိရသည်။ ဇန်နဝါရီလအတွင်းကလည်း တူရကီနိုင်ငံတွင် အင်အားပြင်းထန်သည့်ငလျင်လှုပ်မှုကြောင့် ၄၁ ဦး သေဆုံးခဲ့ပြီး ၁၆၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ ဆင်ဟွာ

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တောင်ဥူခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်

တောင်ဥူ ဖေဖော်ဝါရီ ၂၃

တောင်ဥူခရိုင်အတွင်းရှိ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ (၂/၂၀၂၀) အစည်းအဝေးကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်လွင်က မြို့နယ်အလိုက် စိစစ်ရမည့် အမှုတွဲများနှင့် သိမ်းဆည်းမြေဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များက ဆွေးနွေးတင်ပြကြရာ ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ရေတာရှည်မြို့နယ်မှ ကိုးမှု၊ ထန်းတပင်မြို့နယ်မှ တစ်မှု၊ အုတ်တွင်းမြို့နယ်မှ တစ်မှုတို့အပြင် တောင်ဥူမြို့နယ်၊ မယ်ဇလီကုန်းကျေးရွာနေ တောင်သူ ဦးသန်းကျော်ပါလေးဦး၏ တင်ပြ တိုင်ကြားစာ၊ တောင်ဥူမြို့နယ် ပဒဲကျေးရွာနေ ဦးသိန်းတန်၏ တင်ပြ တိုင်ကြားစာနှင့် ထန်းတပင်မြို့နယ် ကြို့ပင်သာကျေးရွာနေ ဦးချစ်မင်း(ခ) မောင်အေးလှိုင်၏ တိုင်ကြားစာများ ကိုစစ်ဆေးမှု ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တောင်ဥူခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်

မုံရွာ ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသော ဆင်နင်းဗိုလ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်း၊ အလှူရှင် မုံရွာမြို့ နန္ဒဝန်ရုပ် သဒ္ဓမ္မဇောတိက သုဗောဓာရုံ ကျောင်းတိုက် နာယက ဒွါဒသမတိပဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တအဘိဇောတာဘိဝံသ မိသားစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်နှင့် စာကြည့်ခန်းတို့အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင် ဆရာတော်က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ဩဝါဒစကားများ မြွက်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း မူဝါဒ (၃) ရပ် ချမှတ်ပြီး ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အတွက် လူမှုစီးပွားဖွံ့ဖြိုးလာစေပြီး လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာစေရန် ပညာရေးကဏ္ဍနှင့် ပတ်သက်လို့ နိုင်ငံတော်၏ မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ရုံ သာမက ရှေ့အနာဂတ် ဘဝခရီးအတွက်လည်း ကိုယ်တိုင်စဉ်းစား တွေးခေါ်ဆုံးဖြတ်နိုင်သူများ ဖြစ်စေရန် အာဆီယံအသိုက်အဝန်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန် လမ်းညွှန်လေ့ကျင့်သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်မိသားစုက ကျောင်းဆောင်သစ်ဆောက်လုပ်ရေးနှင့် ပတ်သက်သော မှတ်တမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာတာဝန်ရှိသူက လက်ခံယူခဲ့သည်။

ယင်နောက် ကျပန်းစကားပြော ပြိုင်ပွဲနှင့် အပြေးပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် လူငယ်များ၏ တန်ဖိုးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောပွဲသို့ တက်ရောက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃

Value of youth ကော်မတီမှ ကျင်းပသော လူငယ်များအတွက် စိတ်ဓာတ်အတွေးအခေါ် ဘဝမြှင့်တင်ရေးဆိုင်ရာ ဟောပြောပွဲအဖြစ် လူငယ်များ၏ တန်ဖိုးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဟောပြောပွဲကို မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ယမန်နေ့က ကျင်းပသည်။

လူငယ်များ၏တန်ဖိုးသည် အရေးကြီး

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ယနေ့ မြန်မာနိုင်ငံလူဦးရေ လေးပုံတစ်ပုံ၏ ၂၈ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၂၉ နှစ်အထိမှာ လူငယ်များဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံလူဦးရေ၏ ၅၅ ရာခိုင်နှုန်းသည် လူငယ်များ ဖြစ်နေသည်ကို သိရပြီး လူငယ်များ၏ တန်ဖိုးသည် အရေးကြီးကြောင်း၊ လူငယ်များအနေဖြင့် မိမိကိုယ်ကိုယ်တန်ဖိုးထားတတ်ရန်လိုကြောင်း ပြောကြားသည်။

ပြန်လည်သုံးသပ်ဆွေးနွေး

ဟောပြောပွဲတွင် ဆရာ David Lahက လူငယ့်တန်ဖိုး အကြောင်း၊ အဆိုတော် ဂျေးနီကဂီတ နှင့်ဘဝအကြောင်း၊ ဆရာပြေခိုင်က လူငယ်များဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများ၊ ဒေါက်တာ Sa Saက Form the jungle to the Palace ခေါင်းစဉ်များဖြင့် ဟောပြောခြင်း၊ ပြန်လည်သုံးသပ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် တပ်ကုန်းရပ်ကွက်အတွင်း ဆွမ်ပရာဘွမ်လမ်းမကြီးတစ်လျှောက် လမ်းတိုးချဲ့နိုင်ရေး၊ လမ်းလယ်ကျွန်းနှင့် လမ်းပခုံးသားများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တပ်ကုန်း(ဇင်) ရပ်ကွက်၊ သံလုကာခမ္မကောလိပ်ကျောင်းဝင်းအတွင်း လူထုတွေ့ဆုံပွဲသို့ တက်ရောက်ကာ အမှာစကားပြောကြားပြီး ဓမ္မကျောင်းဝင်းအတွင်းလမ်းများနှင့် ရပ်ကွက်အတွင်းလမ်းများ ဆောင်ရွက်ပေးနိုင်ရေးတင်ပြမှုကို ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

သာစည်မြို့နယ်တွင် ကျင်းပသည့် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲများသို့ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်တက်ရောက်

သာစည် ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဥသျှစ်ကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် ကျေးရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲ၊ သဲပုံ၊ ရင်ဇင်း၊ သဲကုန်း၊ သာဂရကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲများကို ယမန်နေ့က အဆိုပါ ကျေးရွာများ၌ ကျင်းပရာ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင် တက်ရောက်သည်။

ရှေးဦးစွာ ဥသျှစ်ကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ယင်းနေ့ နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ဆက်လက်ပြီး တိုင်းဒေသကြီးခေတ္တဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် သဲပုံ၊ ရင်ဇင်း၊ သဲကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် သာဂရကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို လည်းကောင်း ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဇောင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသမှုခံယူနေကြသည့် လူနာများအား ကြည့်ရှု

လွိုင်ကော် ဖေဖော်ဝါရီ ၂၃

ကယားပြည်နယ် လွိုင်ကော် ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၉ ရက်အထိ German Inter Plus ဆရာဝန်ကြီးများအဖွဲ့က နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူးနှင့် မီးလောင်ဒဏ်ရာရရှိ လူနာများအား အခမဲ့ခွဲစိတ် ကုသပေးသည့် အစီအစဉ်ကို ယမန်နေ့က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာ ခွဲစိတ်ကုသဆောင်ရွက်ပြီးစီးသည့် လူနာများ၊ ခွဲစိတ်ကုသမှု ခံရကြမည့်လူနာများအား တွေ့ဆုံနှုတ်ဆက် အားပေးခဲ့ပြီး ခွဲစိတ်လူနာ ၁၃ ဦးတို့အတွက် ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ ပါးအကျိတ်ခွဲစိတ်ရန် ဆေးရုံတက်ရောက်နေသည့် ရပ်ဝေးမှ ကလေးငယ်တစ်ဦးအား ခွဲစိတ်ကုသ ဆောင်ရွက်စဉ် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ငါးသိန်းကို ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် အဆိုပါ လူနာများအား ဖေဖော်ဝါရီ ၁စရက်မှ ၂၁ရက်အထိ အမျိုးသား ၂၅ ဦးနှင့် အမျိုးသမီး ၂၆ ဦး တို့အား ခွဲစိတ်ကုသမှုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထွန်းလေး

ဆောင်းစိုက်နွေကြက်သွန် ကြိုတင်ပေး တစ်ပိဿာ ငွေကျပ် ၅၅၀ နှုန်းဖြင့် ပုလဲမြို့နယ်တွင် အဝယ်ရှိလာ

ပုလဲ ဖေဖော်ဝါရီ ၂၃

ဆောင်းစိုက်နွေ ကြက်သွန်နီများကို ၂၀၂၀ ဖေဖော်ဝါရီလလယ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် အတွင်း ကြိုပေးတစ်ပိဿာ ငွေကျပ် ၅၅၀ နှုန်းဝယ်ယူနေသည်ဟု ပုလဲမြို့နယ် ညောင်ပင်သာရွာနေ ဆောင်းကြက်သွန်စိုက်ပျိုးသူ ကိုခင်မောင်မြင့်ထံမှ သိရသည်။

ဆောင်းစိုက်ကြက်သွန်နီများသည် သင်္ကြန်မတိုင်ခင် စျေးကွက်သို့ဝင်ရောက်လာနိုင်ရာ ကြိုပေးကြက်သွန် ရောင်းချပါက နှစ်လဝန်းကျင်သာ ငွေကြေးအသုံးပြု၍ရသည်ဟု ဆိုသည်။

ဥစိုက်မိုးကြက်သွန်နီများကို တော်သလင်းလ ဝန်းကျင်စိုက်ပျိုးကာ အပင်သက်တမ်း နှစ်လခွဲသုံးလဝန်းကျင်တွင် နုတ်သိမ်းပြီးစျေးကွက်သို့ တင်ပို့ရောင်းချကြသည်။

၂၀၁၉ စက်တင်ဘာလကုန်ပိုင်းမှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရန် ဝယ်ယူမှုများလာ၍ ဒီဇင်ဘာ ၃ ရက်တွင် လှောင်ကြက်သွန်နီအသုံးကြီး

ပုလဲမြို့နယ်ရှိ ကြက်သွန်နီစိုက်ခင်း။

လက်ကား တစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀ နှုန်းအထိ စျေးမြင့်တက်ခဲ့သည်။

သို့ဖြစ်ရာ မိုးကြက်သွန်နီအသစ်များ ရန်ကုန်စျေးကွက်သို့ စတင်ဝင်ရောက်လာသော ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် အလုံးကြီးလက်ကား တစ်ပိဿာ ငွေကျပ် ၃၂၀၀ နှုန်းအထိ စျေးအမြင့်ရခဲ့ သည်။

ယခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်တွင် ဆိပ်ဖြူအလုံးကြီး လက်ကား ငွေကျပ် ၁၅၀၀၊ မြစ်သား အလုံးကြီး လက်ကား တစ်ပိဿာ ငွေကျပ် ၁၇၀၀ နှုန်းရှိကြောင်း ဘုရင့်နောင် နေ့စဉ်ကုန်စျေးနှုန်းစာရင်းနှင့် ပွဲရုံအချို့မှ သိရသည်။

ယခုနွေကြက်သွန် ငွေကြိုပေး တစ်ပိဿာ ငွေကျပ် ၅၅၀ နှုန်းရှိရာ ကြက်သွန်ထွက်ပေါ်ချိန် ငွေကြိုမယူ ထားပါက ငွေကျပ် ၈၀၀ ဝန်းကျင်ဖြင့် ရောင်းချနိုင်မည်ဖြစ်ကြောင်း နွေကြက်သွန်စိုက်ပျိုးသူ အများစုက မျှော်လင့်နေကြသည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် မိုးနှင့် ဆောင်းကြက်သွန်နီစိုက်ပျိုးဧက တစ်သိန်းခုနစ်သောင်းဝန်းကျင် စိုက်ပျိုးပြီး အထွက်တန်ချိန် ဆယ်သိန်းဝန်းကျင်ရှိကာ ပြည်ပသို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အများဆုံးအဖြစ် တန်ချိန် ၆၆၇၁၃ တင်ပို့ခဲ့ကြောင်း သိရသည်။

ခင်ဆိုင်

ကောလင်းမြို့နယ်၌ သောက်သုံးရေရရှိရေးနှင့် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်

မုံရွာ ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်ရှိ ဥက္ကံကျေးရွာတွင် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ပန်းတင်ကျေးရွာတွင် သောက်သုံးရေရရှိရေးတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံ ငွေကျပ် ၅၃ ဒသမ ၇၆ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိမိအောင်ထံမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥက္ကံကျေးရွာရှိ အိမ်ထောင်စု ၅၇၆ စုနှင့် လူဦးရေ ၂၄၉၅ ဦးကို အကျိုးပြုမည့် ကုန်ထုတ်လမ်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေကျပ် ၃၅ ဒသမ ၄၆ သန်းဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ပန်းတင်ကျေးရွာရှိ အိမ်ထောင်စု ၂၈၈ စုနှင့် လူဦးရေ ၁၀၉၁ ဦးအတွက် နွေရာသီသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ၁၈ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မွေးကြူဇင်

ညောင်တုန်းမြို့နယ် ဘုရားကုန်းကျေးရွာ၌ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ

ညောင်တုန်း ဖေဖော်ဝါရီ ၂၃

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ ကျင်းပရာ မြို့နယ်လျှပ်စစ်မီးလင်းရေး ကော်မတီ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်များ၊ ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်လျှပ်စစ်မီးလင်းရေး ကော်မတီ အတွင်းရေးမှူး ဦးအောင်လှိုင်က အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဦးအောင်ကိုကိုက အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းလုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်နှင့် ရပ်မိရပ်ဖ ဦးသန်းထွန်းဦးတို့က ကျေးရွာအုပ်စုအတွင်း မီးလင်းရေးဆောင်ရွက်နေမှုများကို ပြန်လည်တင်ပြဆွေးနွေးသည်။

အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေး အစီအစဉ်ဖြင့် ညောင်တုန်းမြို့နယ် ထိပ်ဝကြီး ကျေးရွာအုပ်စုအတွင်း ဖေဖော်ဝါရီ ၁၈ ရက်အထိ အေးရွာ၊ ဂေါ်ဒူ၊ ထိပ်ဝကြီးနှင့် ဘုရားကုန်းပါ လေးရွာတွင် လျှပ်စစ်မီးစတင်သုံးစွဲနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၀ရက်တွင်လည်း အဆိုပါအုပ်စုရှိ ကရင်ပြာသာ ကျေးရွာတွင် မီးလင်းရေး ဆက်လက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သပြေထွန်း

မန္တလေး၌ ကျင်းပမည့်ပွဲများ

မန္တလေးတက္ကသိုလ်၌ 2020 Debate ပြိုင်ပွဲ ကျင်းပမည်

မန္တလေးမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံမှ ကျောင်းသားကျောင်းသူများ ယှဉ်ပြိုင်မည့် 2020 Debate ပြိုင်ပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်၌ ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးဆေးတက္ကသိုလ်၌ စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပမည်

Dream to Become a Doctor; A Practicality or a Passion ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မန္တလေးဆေးတက္ကသိုလ်ရှိ ဧီဝကခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူး၍ မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်း၌ ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ-ထိုင်း တွဲဆိုင်းခုနစ်ဆိုင်းနှင့်အတူ ကလပ်အသင်း အသီးသီးမှ မျိုးဆက်သစ်လက်ဝှေ့ကစားသမားများ၏ တွဲဆိုင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုတော်ပိုပို၏ One Lady Show ကျင်းပမည်

အဆိုတော်ပိုပို၏ Master Piece in Mandalay One Lady Show ဖျော်ဖြေပွဲကို မန္တလေးမြို့ရှိ Yadanarpon Event Part ၌ ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Edu Tainment Festival 2020 ကျင်းပမည်

Education နှင့် Entertainment တို့ပေါင်းစပ်ထားသော EduTainment Festival 2020 ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းပေါ်ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ မတ်လ ၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။

လားရှိုးမြို့ ရပ်ကွက်(၉)၌ ဝက်သေဆုံးမှု ရိုးရိုးသေဆုံးခြင်းသာဖြစ်

လားရှိုး ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ရပ်ကွက်(၉)အတွင်း အိမ်တွင် မွေးမြူထားသော ဝက်တစ်ကောင်သေဆုံးခြင်းသည် ရိုးရိုးသေဆုံးခြင်းသာဖြစ်ကြောင်း သိရသည်။

"ဝက်က ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်တာပါပဲ။ တခြားပြင်းထန်တဲ့ ကူးစက်ရောဂါ မဟုတ်ပါဘူး။ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆရာဝန်ကြီးကိုခေါ်ပြီး တော့ ဆေးထိုးတာရယ်၊ ဆေးဖျန်းတာရယ် လုပ်ခဲ့ပါတယ်"ဟု ရပ်ကွက်(၉) အုပ်ချုပ်ရေးမှူး ဦးသန်းစိန်က ပြောသည်။

အဆိုပါ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ရပ်ကွက်အတွင်းရှိ ဝက်မွေးမြူနေသူများ စာရင်းကောက်ယူထားပြီး ထူးခြားဖြစ်စဉ်များရှိလာပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ အကြောင်းကြားကာ ချိတ်ဆက်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

ဟန်ဌေး(လားရှိုး)

ယနေ့စျေးကွက်ပေါက်စျေးများ

၂၃-၂-၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၄၁၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၆၈၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၄၀၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၆၇၁၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီစျေး(ရန်ကုန်)		လက်လီစျေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၁၀/၈၆၅	ကျပ်	၈၅၀/၈၇၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၂၀/၈၇၅	ကျပ်	၈၆၅/၈၈၀	ကျပ်
အောက်တိန်း ၉၂	၇၄၀/၇၈၀	ကျပ်	၈၀၀/၈၁၀	ကျပ်
အောက်တိန်း ၉၅	၈၆၀/၉၁၀	ကျပ်	၉၀၀/၉၄၀	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၄၅၀ . ၅
ဥရောပ	တစ်ယူရို	ကျပ်	၁၅၆၉ . ၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၀၃၆ . ၂
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၈၇၃ . ၃
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၉၈ . ၃
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၅၈ . ၀၀
တရုတ်	တစ်ယွမ်	ကျပ်	၂၀၆ . ၁၉
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၀ . ၁၉၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၉ . ၈၂
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၄၅ . ၈၁
ထိုင်း	တစ်ဘတ်	ကျပ်	၄၅ . ၉၄၆

(ဗဟိုဘဏ်ပေါက်စျေးဖြစ်ပါသည်)

စတော့အိတ်ချိန်းစျေးကွက်

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အဝိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂၀၀၀	၁၂၀၀၀	၄၄၅၂	၅၃၄၂၄၀၀၀
MTSH	၃၉၅၀	၃၉၅၀	၄၂၅၂	၁၆၇၉၅၅၀၀
MCB	၈၂၀၀	၈၂၀၀	၇၀	၅၇၄၀၀၀
FPB	၂၃၀၀၀	၂၃၀၀၀	၆၇	၁၅၄၁၀၀၀
TMH	၂၉၀၀	၂၉၀၀	၂၄	၆၉၆၀၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၀၅၊ ဌေစာရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

လူမဲ့ခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို အားကိုးအားထားပြုနိုင်ခြင်း

၁၁၅။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မ ၁၁၄ ပုဒ်မခွဲ (က) အရ ၎င်းထံ တင်သွင်းသည့် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်သည် မှန်ကန်ခြင်းမရှိဟု သံသယဖြစ်ရန် အကြောင်းမရှိလျှင် ယင်းကြေညာချက်ကို အားကိုးအားထားပြုနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးအကြံပေးသည် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော် ကြေညာချက် လက်ခံရရှိပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ထုတ်ဖော်ကြေညာချက်တွင် ဖော်ပြထားသော မြှုပ်နှံများထံသို့ အစီရင်ခံစာပါအတိုင်း အပိုင်း (၆)လုပ်ငန်းမှ ကြွေးမြီရရန် မှန် မမှန်ကို စိစစ်အတည်ပြုရန်အတွက် စာဖြင့် မေးမြန်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ပေးပို့သည့်စာတွင် မြီစား သို့မဟုတ် မြှုပ်နှံသည် ထုတ်ဖော်ကြေညာချက်ပါ ကြွေးမြီပမာဏသည် မှန်ကန်ခြင်းမရှိကြောင်း အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ငြင်းဆိုခြင်းမရှိလျှင် ဆန့်ကျင်ဘက်သက်သေခံချက် မတင်ပြသကဲ့သို့ မှန်ကန်သည်ဟု မှတ်ယူမည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

မြှုပ်နှံများက စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးခြင်း

၁၁၆။ (က) ကယ်ဆယ်ခြင်းအဆင့် ဆောင်ရွက်နေစဉ်အတွင်း မည်သည့် အချိန်တွင်မဆို မြှုပ်နှံများက အပိုင်း (၆) လုပ်ငန်း၏ စာအုပ်စာတမ်းများကို စစ်ဆေးခွင့် တောင်းခံပါက တရားရုံးသည် အပိုင်း(၆) လုပ်ငန်း သို့မဟုတ် ယင်း၏လက်ဝယ်ရှိသော စာအုပ်စာတမ်းများကို စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်းမရှိစေရ–

(၁) အစိုးရဌာန သို့မဟုတ်အစိုးရဌာန၏တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊

(၂) ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် အပိုင်း (၆) လုပ်ငန်း ကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

တရားရုံးသို့ လျှောက်ထားခြင်း

၁၁၇။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှ ပေါ်ပေါက်လာသော မည်သည့်ကိစ္စရပ်အတွက်မဆို တရားရုံး၏ လမ်းညွှန်ချက် ရယူရန် လျှောက်ထားနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် အစုရှယ်ယာဝင်တစ်ဦးဦး သို့မဟုတ် မြှုပ်နှံသည် ကယ်ဆယ်ခြင်းအဆင့်မှ ပေါ်ထွက်လာသည့် ပြဿနာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် မိမိက တရားမျှတပြီး အကျိုးဖြစ်စေမည်ဟု ယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားချက်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ လက်ခံနိုင်သည့်အပြင် အခြားသင့်သည် ထင်မြင်သည့်အမိန့်ချမှတ်နိုင်သည်။

စေ့စပ်ဖျန်ဖြေခြင်း

၁၁၈။ ပြန်လည်ထူထောင်ရေးအကြံပေးသည် အပိုင်း (၆) လုပ်ငန်းနှင့် မြှုပ်နှံ သို့မဟုတ် မြီစားများအကြား ပေါ်ပေါက်လာသည့် အောက်ပါ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်အတွက် စေ့စပ်ဖျန်ဖြေသူကို ခန့်ထားနိုင်သည်–

(က) အပိုင်း (၆) လုပ်ငန်းက ရရန်ရှိသည့် သို့မဟုတ် ပေးရန်ရှိသည့် ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများ၊

(ခ) ထပ်မံအဆိုပြုမည့်အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်။

မြှုပ်နှံများ အစည်းအဝေး

၁၁၉။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် အောက်ပါကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်လျှင် မြှုပ်နှံများ အစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်–

(၁) ပုဒ်မ ၁၂၂ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲယယ် (၂) တွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလအတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ခုကို အတည်ပြုလိုခြင်း ရှိ မရှိ ဆုံးဖြတ်ရန် ဖြစ်ခြင်း၊

(၂) စုစုပေါင်းမြှုပ်နှံအရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်းအထက် မြှုပ်နှံများက တောင်းဆိုခြင်း သို့မဟုတ် စုစုပေါင်းကြွေးမြီ၏ တစ်ဆယ်ရာခိုင်နှုန်းအထက် ပိုင်ဆိုင်သည့် မြှုပ်နှံများက တောင်းဆိုခြင်း။

(ခ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွင်း မည်သည့် အချိန်တွင်မဆို မြှုပ်နှံများနှင့် ဆွေးနွေးတိုင်ပင်သင့်သည်ဟု ထင်မြင်လျှင် အပိုင်း (၆) လုပ်ငန်း မြှုပ်နှံများအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အစည်းအဝေးကျင်းပခြင်းကို နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်။

ပြန်လည်ထူထောင်ရေးအကြံပေး ပြောင်းလဲခန့်အပ်ခြင်း

၁၂၀။ (က) ပုဒ်မ ၁၈၁ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ)၊ ပုဒ်မ ၁၈၂ ပုဒ်မခွဲ (ခ) နှင့် (ဂ) နှင့် ပုဒ်မ ၁၈၃ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သော ရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ကယ်ဆယ်ရေးအဆင့်တွင် ပြန်လည် ထူထောင်ရေး အကြံပေးနှင့်စပ်လျဉ်း၍ အသုံးပြုနိုင်သည်။ သို့ရာတွင် မြှုပ်နှံများ အစည်းအဝေးတွင် ပြန်လည်ထူထောင်ရေး အကြံပေးကို အစားထိုးခန့်ထားခဲ့ခြင်းဖြစ်လျှင် ထိုအာမခံအကျိုးခံစားခွင့်ရ မြှုပ်နှံများ၏ သဘောတူညီချက် ရရှိရန်လိုအပ်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးအကြံပေးကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ခန့်အပ်ကြောင်းကို မှတ်ပုံတင်အရာရှိထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။

ပြန်လည်ထူထောင်ရေး အစီအစဉ်ရေးဆွဲခြင်းနှင့် ပါဝင်ရမည့် အချက်များ

၁၂၁။ (က) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို လုပ်ငန်းကဖြစ်စေ၊ လုပ်ငန်း၏ သဘောတူညီချက်ဖြင့် ပြန်လည်ထူထောင်ရေး အကြံပေးက ဖြစ်စေ ရေးဆွဲရမည်။

(ခ) ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် အောက်ပါအချက်များ ပါဝင်ရမည်–

(၁) အစီအစဉ်ကို ကြီးကြပ်မည့်သူ၊

(၂) သက်ဆိုင်ရာ ဒါရိုက်တာများ၊ ပိုင်ရှင်များ၊ အစုဝင်များနှင့် အစီအစဉ်ကြီးကြပ်သူ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊

(၃) မြှုပ်နှံများ၏တောင်းဆိုမှုများကို ကျေအေးညှိနှိုင်းထားသည့် အတိုင်းအတာနှင့် သဘောသဘာဝ၊ ပစ္စည်းအမျိုးအမည်နှင့် ပေးချေမည့် နည်းလမ်း၊

(၄) မြီစားအပေါ် အရေးယူဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခြင်း သဘောသဘာဝနှင့် ယင်းအတွက် ခွင့်ပြုကာလ၊

(၅) လုပ်ငန်းကို ကြွေးမြီလျော့ပေါ့ပေးမည့် အတိုင်းအတာ၊

(၆) လုပ်ငန်းသည် ကုမ္ပဏီတစ်ခုဖြစ်လျှင် အစုရှယ်ယာဝင်များ၏ အစုရှယ်ယာ အကျိုးအမြတ်ကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း အတိုင်းအတာ၊

(၇) ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် သဘောတူစာချုပ် (ရှိလျှင်) ပါအချက်အလက်များ၊

(၈) အစီအစဉ်ကို ရပ်စဲမည့် အခြေအနေများနှင့် အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးပါက လုပ်ငန်းကို ဒါရိုက်တာများ၊ ပိုင်ရှင်များ သို့မဟုတ် အစုဝင်များ၏ အုပ်ချုပ်မှုအောက်တွင် ပြန်လည်ထားရှိမည် သို့မဟုတ် လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် မှတ်ပုံတင်ပယ်ဖျက်မည့် ဖော်ပြချက်၊ လုပ်ငန်းသည် အစုစုပ် လုပ်ငန်းဖြစ်လျှင် ဖျက်သိမ်းမည့် ဖော်ပြချက်၊

(၉) အစီအစဉ်အား လိုက်နာရမည့် မြှုပ်နှံများအကြား ကြွေးမြီများကို ခွဲဝေပေးမည့် အစီအစဉ်နှင့်စပ်လျဉ်းသည့် ဖော်ပြချက်၊

(၁၀) အစီအစဉ်အရ ခွင့်ပြုပေးနိုင်သည့် တောင်းဆိုမှုများတွင် ထိုတောင်းဆိုခွင့် ပေါ်ပေါက်သည့်နေ့ရက် သို့မဟုတ် ယင်းမတိုင်မီနေ့ရက်၊(ထိုရက်သည်ကယ်ဆယ်ခြင်း အဆင့် စတင်သည့်နေ့ရက်ထက် နောက်မကျစေရ)

(၁၁) အာမခံအကျိုးခံစားခွင့်ရ မြှုပ်နှံများ အဆိုပြုထားမှုအပေါ် အစီအစဉ်အရ အကျိုးသက်ရောက်စေနိုင်သည့် အတိုင်းအတာ၊

(၁၂) နည်းဥပဒေများတွင် ဖော်ပြထားသည့် အခြားကိစ္စရပ်များ။

(ဂ) အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် မြှုပ်နှံများမှ ပြန်လည်ရရှိနိုင်မည့် ငွေကြေးပမာဏသည် အစီအစဉ်ကို ဆောင်ရွက်ခြင်းမရှိပါက မြှုပ်နှံများမှ ပြန်လည်ရရှိနိုင်ဖွယ်ရှိမည့် ငွေကြေးပမာဏနှင့် အနည်းဆုံးညီမျှမှုရှိသည့် ပမာဏဖြစ်ရမည်။

(ဃ) တောင်းခံမှုများ၏ ဦးစားပေးအစဉ်သည် အစီအစဉ်ကို ဆောင်ရွက်ခြင်းမရှိပါကလည်း ရှိနေမည့် ဦးစားပေးအစဉ်အတိုင်း ဖြစ်ရမည်။ သို့ရာတွင် မတူညီသော ကြွေးမြီဦးစားပေးအစဉ်ကြောင့် များစွာအကျိုးထိခိုက်နိုင်ဖွယ်ရှိသည့် မြှုပ်နှံအတန်းအစား တို့သည် အစီအစဉ် မဲခွဲခြင်းတွင် ပါဝင်မဲပေးပြီး ထိုမဲခွဲရာတွင် မြှုပ်နှံအရေအတွက်အားဖြင့်လည်းကောင်း၊ ကြွေးမြီတန်ဖိုးအားဖြင့်လည်းကောင်း အများစု မဲပေးလျက် သဘောတူညီလျှင် ထိုဦးစားပေးအစဉ်အတိုင်းဖြစ်ရန် မလိုအပ်စေရ။

အဆိုပြု ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ဖြန့်ဝေခြင်း

၁၂၂။ (က) ပုဒ်မ ၁၂၁ နှင့်အညီ ပြုစုထားသည့် ပြန်လည်ထူထောင်ရေးအစီအစဉ်မိတ္တူကို မြှုပ်နှံတိုင်း၏ နောက်ဆုံးလိပ်စာသို့ ပေးပို့ရမည်။ ထိုမိတ္တူတွင် အောက်ပါအချက်များ ထည့်သွင်းအသိပေးရမည်–

(၁) မိတ္တူရရှိသူသည် အကြောင်းကြားစာပေးပို့သည့်နေ့မှ ၂၁ ရက်အတွင်း အဆိုပြု ပြန်လည်ထူထောင်ရေးအစီအစဉ်ကို လက်ခံကြောင်း သို့မဟုတ် ကန့်ကွက်ကြောင်း မဲပေးရမည် ဖြစ်ကြောင်းနှင့် လက်ခံကြောင်း သို့မဟုတ် ကန့်ကွက်ကြောင်းပြန်ကြားစာကို ပြန်လည်ထူထောင်ရေး အကြံပေးထံသို့ စာဖြင့် ရေးသားပေးပို့ရမည်ဖြစ်ကြောင်း၊

(၂) အဆိုပြု ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပုဒ်မခွဲ၁ (ခ) ပါအတိုင်း ၂၁ ရက် အတွင်း မြှုပ်နှံအားလုံး ရရန်ရှိသော ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်း ထက်ပိုသော မြှုပ်နှံများနှင့်စုစုပေါင်းမြှုပ်နှံအရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်း ထက်ပိုသော မြှုပ်နှံများက စာဖြင့် ရေးသားကန့်ကွက်ခြင်း မရှိလျှင် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ၂၈ ရက် ကျော်လွန်က အတည်ဖြစ်မည် ဖြစ်ကြောင်း။

(ခ) မြှုပ်နှံများသို့ပေးပို့သည့် အကြောင်းကြားစာ၊ အဆိုပြု ပြန်လည်ထူထောင်ရေး အစီရင်ခံစာတို့ နှင့်အတူ ပုဒ်မ ၁၀၂ ပုဒ်မခွဲ (ခ) ပုဒ်မခွဲယယ် (၅) တွင် ဖော်ပြထားသည့် ပြန်လည်ထူထောင်ရေး အကြံပေး၏ အစီရင်ခံစာကိုလည်း ပူးတွဲပေးပို့ရမည်။

(ဂ) အပိုင်း (၆) လုပ်ငန်းတွင် ဤပုဒ်မအရ ဆောင်ရွက်ရာ၌ –

(၁) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် စတင်ပြီးနောက် တတ်နိုင်သမျှ ဆောလျင်စွာ ဆောင်ရွက်ရမည်၊

(၂) မည်သည့်ကိစ္စရပ်တွင်မဆို အပိုင်း ၆ လုပ်ငန်းစဉ် စတင်သည့်နေ့မှ ရက်သတ္တပတ် (၁၀) ပတ်အတွင်း ဆောင်ရွက်ရမည်။

(ဃ) အပိုင်း (၆) လုပ်ငန်းအတွက် ဤပုဒ်မအရ ပေးပို့ရမည့်စာရွက်စာတမ်းများကို အီလက်ထရောနစ်နည်းဖြင့် ပေးပို့ရန် နည်းလမ်းများကို နည်းဥပဒေများတွင် ပြဋ္ဌာန်းနိုင်သည်။

ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန်အတွက် မြှုပ်နှံများ အစည်းအဝေး ခေါ်ယူခြင်း

၁၂၃။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် အဆိုပြု ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ၂၁ ရက်အတွင်း ပေးပို့၍ ပုဒ်မခ၁၂ နှင့်အညီ အသိပေးအကြောင်းကြားပြီးနောက် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ညီညွတ်မှသာလျှင် မြှုပ်နှံများ အစည်းအဝေးကို ခေါ်ယူရန် ဆင့်ဆိုနိုင်သည်–

(၁) အပိုင်း (၆) လုပ်ငန်း၏ ကြွေးမြီစုစုပေါင်းတန်ဖိုး၏ သုံးဆယ်ရာခိုင်နှုန်း ထက်ပိုသော မြှုပ်နှံများက အစည်းအဝေးခေါ်ပေးရန် တောင်းဆိုခြင်း၊

(၂) မြှုပ်နှံများက အဆိုပြု ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ကန့်ကွက်ခဲ့သော်လည်း ထိုအစီအစဉ်ကို အတည်ပြုရန်အတွက် သင့်လျော်သည့် အလားအလာများရှိသည် သို့မဟုတ် အစီအစဉ်၏ အချက်အလက်အချို့အား ပြင်ဆင်သင့်သည်ဟု ပြန်လည် ထူထောင်ရေးအကြံပေးက ထင်မြင်ခြင်း။

(ခ) အပိုင်း (၆) လုပ်ငန်း၏ သဘောတူညီချက်အရ အစီအစဉ်ပါအချက်များကို မြှုပ်နှံများ အစည်းအဝေးတွင် ပြင်ဆင်နိုင်ပြီး မြှုပ်နှံများက အစီအစဉ်ပြင်ဆင်ချက်ကို အဆိုပါ အစည်းအဝေးတွင်ပင် မဲပေးဆုံးဖြတ်နိုင်သည်။

(ဂ) မဲခွဲဆုံးဖြတ်ရာတွင် လက်မြှောက်၍ မဲခွဲနိုင်သည်။ သို့ရာတွင် တက်ရောက်လာသည့် မြှုပ်နှံတစ်ဦးဦးက နည်းလမ်းတကျ မဲခွဲဆုံးဖြတ်ရန် တောင်းဆိုပါက လုံလောက်သည့် မဲအများစု ရရှိခြင်း ရှိ မရှိ သိရှိနိုင်ရန်အတွက် ထိုမဲများကို မှတ်တမ်းတင် ရေတွက်ရမည်။

(ဃ) ဤပုဒ်မအရ တင်ပြထားသည့် အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေး အစီအစဉ်ကို မြှုပ်နှံများအစည်းအဝေးက –

(၁) ပြင်ဆင်ချက်မရှိဘဲ အတည်ပြုနိုင်သည် သို့မဟုတ်

(၂) ပြင်ဆင်ချက်ဖြင့် အတည်ပြုနိုင်သည် သို့မဟုတ်

(၃) ပယ်နိုင်သည်။

(င) အဆိုပြု ပြန်လည်ထူထောင်ရေးအစီအစဉ် (ပြင်ဆင်ချက်များ အပါအဝင်) ကို ပုဒ်မ ၁၂၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြှုပ်နှံအများစုက သဘောတူညီပါက အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေးအကြံပေးသည် အစီအစဉ်ပါ အချက်များကို တရားဝင်မှတ်တမ်း တင်ပြင်ဆင်ရမည်။ ထိုမှတ်တမ်းကို အပိုင်း (၆) လုပ်ငန်းကိုယ်စားနှင့် အဆိုပြုအစီအစဉ် ကြီးကြပ်သူတို့က လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ပေးရမည်။

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုနှင့်အညီ အစည်းအဝေးသဘာပတိမှ အဆုံးအဖြတ်ပေးသော မဲပေးပိုင်ခွင့်ကို ကျင့်သုံးပုံ သို့မဟုတ် မြီစား၏ တွဲဖက်လုပ်ကိုင်သူမြှုပ်နှံက ၎င်းတို့၏ မဲပေးခွင့်ကို တစ်စုံတစ်ခုသောနည်းဖြင့် ကျင့်သုံးပုံကြောင့် မြှုပ်နှံများအစည်းအဝေးတွင် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် အတည်မပြုခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားနိုင်ပြီး တရားရုံးသည် အောက်ပါအမိန့်များကို ချမှတ်နိုင်သည်–

(၁) အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်သည့်အမိန့်၊

(၂) အတည်မပြုခဲ့သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ အတည်ပြုသည့်အမိန့်၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ ချမှတ်သောအမိန့်နှင့် ဆက်စပ်သော အခြားလိုအပ်သည့် အမိန့်။

(ဆ) ဤပုဒ်မနှင့်အညီ တင်သွင်းလာသော လျှောက်ထားချက်ကို စဉ်းစားဆင်ခြင်ရာတွင် ထိုဆုံးဖြတ်ချက်ကို အတည်ပြုခြင်းဖြင့် သို့မဟုတ် အတည်မပြုခြင်းဖြင့် ဖြစ်နိုင်သော မြှုပ်နှံအားလုံး၏အကျိုး၊ မြှုပ်နှံများအတွက် ဖြစ်နိုင်သော ကောင်းကျိုးနှင့် ဆိုးကျိုးများ နှင့် ဤဥပဒေ၏ ရည်ရွယ်ချက်များကို စဉ်းစားရမည်။

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှ

အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန် ပျက်ကွက်ခြင်း

၁၂၄။ (က) ဤအပိုင်းအရ လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အပိုင်း (၆) လုပ်ငန်းစဉ် စတင်သည့် နေ့မှ ရက်သတ္တပတ် (၁၀) ပတ်အတွင်း အတည်ပြုနိုင်ခြင်း မရှိပါက ထိုအပိုင်း (၆) လုပ်ငန်းစဉ် ရပ်စဲသွားမည်ဖြစ်ပြီး ထိုသို့ရပ်စဲသွားကြောင်းကို အောက်ပါပုဂ္ဂိုလ်များထံ အကြောင်းကြားရမည်–

(၁) ပြန်လည်ထူထောင်ရေးအကြံပေး၊

(၂) မှတ်ပုံတင်အရာရှိ၊

(၃) ပုဒ်မ ၁၂၂ ပုဒ်မခွဲ (က) အရ ပြန်လည် ထူထောင်ရေး အစီအစဉ် မိတ္တူပေးပို့ထားသူများ။

(ခ) ပုဒ်မခွဲ (က) အရ ပေးပို့သည့် အကြောင်းကြားစာသည် နည်းဥပဒေများတွင် ဖော်ပြထားသည့် ပုံစံအတိုင်း ဖြစ်ရမည်။

(ဂ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ အကြောင်းကြားစာကို လက်ခံရရှိလျှင် ၎င်းအား ခန့်အပ်မှုသည် ရပ်စဲစေရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ အကြောင်းကြားစာကို လက်ခံရရှိလျှင် ထိုစာကို မှတ်ပုံတင် စာရင်းသွင်းရမည်။

(င) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန် ပျက်ကွက်သည့် လုပ်ငန်းနှင့် ပိုင်ရှင် သို့မဟုတ် ဒါရိုက်တာအား ကျပ်တစ်သိန်းထက် မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

အခန်း (၄)

ပြန်လည်ထူထောင်ရေးအစီအစဉ်

အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်ခြင်း

၁၂၅။(က) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါအခြေအနေများတွင် စတင်အကျိုးသက်ရောက်စေရမည်–

(၁) အပိုင်း (၆) လုပ်ငန်းသည် ပုဒ်မ ၁၂၂ ပါ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ပြီး ဖြစ်ခြင်း၊

(၂) ပုဒ်မ ၁၂၃ အရ အစည်းအဝေးကို မကျင်းပခဲ့သည့်အပြင် မြီရှင်အားလုံး ရရန်ရှိသော ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် စုစုပေါင်း မြီရှင်အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက စာဖြင့်ရေးသား ကန့်ကွက်ခြင်းကို ပုဒ်မ ၁၂၂ အရ ၂၁ ရက်ကျော်သည်အထိ မရရှိခြင်း သို့မဟုတ်

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန်အတွက် ပုဒ်မ ၁၂၃ အရ မြီရှင်များအစည်းအဝေးကို ကျင်းပခဲ့ပြီး မြီရှင်အားလုံး ရရန်ရှိသော ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် စုစုပေါင်းမြီရှင် အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက ပြင်ဆင်ရေးဆွဲထားသည့် အစီအစဉ်အား မဲခွဲဆုံးဖြတ်ရာတွင် ကန့်ကွက်ခဲ့မှု မရှိခြင်း။

(ခ) အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးသည် မြီရှင်များ၏ ဆုံးဖြတ်ချက်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေများတွင် ဖော်ပြထားသူများထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အစီရင်ခံ တင်ပြရမည်။

(ဂ) အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးသည် အစည်းအဝေးတွင် မဲပေးခဲ့သည့် မှတ်တမ်းမိတ္တူကို မြီရှင်များက တောင်းခံလာပါက ထုတ်ပေးရမည်။

(ဃ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များကို ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

(င) ပြန်လည်ထူထောင်ရေးအစီအစဉ်ပါ တရားဝင်စာရွက် စာတမ်းကို ၁၄ ရက် အတွင်း သို့မဟုတ် တရားရုံးက တိုးမြှင့်သတ်မှတ်သည့် ကာလအတွင်း အပိုင်း (၆) လုပ်ငန်းနှင့် အစီအစဉ်ကြီးကြပ်သူတို့က လက်မှတ်ရေးထိုးရမည်။ ထိုသို့ လက်မှတ်ရေးထိုးပြီးနောက် စတင်အကျိုးသက်ရောက်သည်။

ခန့်အပ်ခြင်းကို အကြောင်းကြားခြင်း

၁၂၆။ (က) ခန့်အပ်ခြင်းခံရသည့် အစီအစဉ်ကြီးကြပ်သူသည် ၎င်းအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက် အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည်–

(၁) ၎င်းအား ခန့်အပ်ပြီးကြောင်းကို အပိုင်း (၆) လုပ်ငန်းသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေများပါ နည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်၊

(၂) ၎င်းအား ခန့်အပ်ပြီးကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင် စာရင်းရေးသွင်း ရမည်၊

(၃) ၎င်းအား ခန့်အပ်ပြီးကြောင်းကို လိပ်စာသိသမျှသော ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် မှတ်ပုံတင် အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေတပ်ရိုက်ရမည်။

ပြန်လည်ထူထောင်ရေးအစီအစဉ်၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ

၁၂၇။ (က) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေး အစီအစဉ်သည် အပိုင်း (၆) လုပ်ငန်းနှင့် မြီရှင်များ၊ အစုရှယ်ယာရှင်များအကြား ကျေအေးညှိနှိုင်းချက် ဖြစ်သည်။

(ခ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေး အစီအစဉ်သည် အောက်ပါတို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်–

(၁) ပါဝင်မဲပေးခဲ့ခြင်း မရှိစေကာမူ အစုရှယ်ယာဝင်များ၏ အစုရှယ်ယာ အခွင့်အရေးများ၊

(၂) အစည်းအဝေးကျင်းပသည်ဖြစ်စေ၊ မကျင်းပသည်ဖြစ်စေ၊ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်ဖြစ်စေ၊ မတက်ရောက်ခဲ့သည်ဖြစ်စေ၊ အစီအစဉ်ကို ထောက်ခံမဲပေးသည် ဖြစ်စေ၊ မပေးသည်ဖြစ်စေ မြီရှင်များ၏ အခွင့်အရေးများ။

(ဂ) ပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်သည့် အချိန်တွင် တရားရုံး၌ စာရင်းရှင်းလင်းဖျက်သိမ်းရန် သို့မဟုတ် လူမွဲခံရန်အတွက် သမ္မန်စာကို ဆိုင်းငံ့ထားလျှင် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အမှု သို့မဟုတ် လူမွဲခံသည့်အမှုကို စတင်စွဲဆိုခဲ့ပြီး ပြန်လည်ထူထောင်ရေးအဆင့်တွင် ဆိုင်းငံ့ထားလျှင်–

(၁) အစီအစဉ်ကြီးကြပ်သူသည် စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အမှု သို့မဟုတ် လူမွဲ ခံသည့်အမှုတွင် ၎င်းအား ခန့်အပ်ကြောင်းကို တင်ပြရမည်၊

(၂) တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စာရင်းရှင်းလင်း ဖျက်သိမ်းရန် သို့မဟုတ် လူမွဲခံရန်အတွက် လျှောက်လွှာကို ပလပ်ရမည် သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အမိန့် သို့မဟုတ် လူမွဲခံသည့်အမိန့်ကို ပယ်ဖျက်ရမည်။

အကျိုးသက်ဆိုင်သူများအပေါ် ပြန်လည်ထူထောင်ရေးအစီအစဉ်၏ သက်ရောက်မှု

၁၂၈။(က) ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေး အစီအစဉ်သည် ကယ်ဆယ်ခြင်းအဆင့်စတင်သည့်နေ့တွင်ဖြစ်စေ၊ မစတင်မီဖြစ်စေ ပေါ်ပေါက်ခဲ့သော မြီရှင်များ၏ တောင်းဆိုမှုများ အားလုံးအပေါ် စည်းနှောင်အားရှိသည်။

(ခ) ပုဒ်မခွဲ (က) သည် အောက်ပါအချက်တစ်ရပ်ရပ်မှအပ အာမခံအကျိုးခံစားခွင့်ရမြီရှင်များက ၎င်းအာမခံရရှိထားသောပိုင်ဆိုင်မှုကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ–

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားခြင်း၊

(၂) တရားရုံးက ပုဒ်မ ၁၂၉ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့ခြင်း။

(ဂ) ပုဒ်မခွဲ (က) သည် အောက်ပါ အချက်တစ်ရပ်ရပ်မှအပ ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ ပစ္စည်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို ထိခိုက်ခြင်း မရှိစေရ–

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် ပိုင်ရှင် သို့မဟုတ် အငှားချထားသူက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားခြင်း၊

(၂) တရားရုံးက ပုဒ်မ ၁၂၉ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့ခြင်း။

(ဃ) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါတို့အပေါ်တွင်လည်း စည်းနှောင်အားရှိသည်–

(၁) အပိုင်း (၆) လုပ်ငန်း၊

(၂) အပိုင်း (၆) လုပ်ငန်း၏ သက်ဆိုင်ရာအရာရှိများ၊ ပိုင်ရှင်များနှင့် အစုဝင်များ၊

(၃) ပုဒ်မခွဲ (င) နှင့် မဆန့်ကျင်စေဘဲ အပိုင်း (၆) လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ။

(င) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အစုရှယ်ယာရှင်များ၏အကျိုးကို ထိခိုက်နစ်နာစေမည့် ရှယ်ယာများ ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုလုပ်ရ။

(စ) ထိုရှယ်ယာများတွင် တန်ဖိုးအလျှော့တွက် နုတ်ပြီးနောက် တန်ဖိုးမရှိတော့လျှင် ပုဒ်မခွဲ (င) ၏ ရည်ရွယ်ချက်များအရ ရှယ်ယာများကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း သည် အစုရှယ်ယာရှင်များ၏ အကျိုးကို ထိခိုက်နစ်နာသည်ဟု မှတ်ယူခြင်း မရှိစေရ။

တရားရုံးသည် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ အခွင့်အရေးများကို ကန့်သတ်နိုင်ခြင်း

၁၂၉။ (က) ပုဒ်မခွဲ (ဂ) နှင့်အညီ တရားရုံးသည် အပိုင်း (၆) လုပ်ငန်း၏ အာမခံအကျိုးခံစားခွင့်ရ မြီရှင်အပေါ် ပြန်လည်ထူထောင်ရေးအစီအစဉ် အရမှတစ်ပါး ၎င်း၏ အာမခံရအကျိုးခံစားခွင့်များကို တရားရုံး၏ အမိန့်တွင် ခွင့်ပြုထားခြင်းမှလွဲ၍ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်း စီမံခန့်ခွဲခြင်း မပြုရန် အမိန့်ချမှတ်နိုင် သည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့်အညီ တရားရုံးသည် ပိုင်ရှင် သို့မဟုတ် အငှားချ ထားသူအပေါ် ပြန်လည် ထူထောင်ရေးအစီအစဉ်အရမှတစ်ပါး အပိုင်း (၆) လုပ်ငန်းက အသုံးပြုနေသော သို့မဟုတ် ဝင်ရောက်နေထိုင်သော သို့မဟုတ် လက်ဝယ်ရယူထားသော ၎င်း၏ ပစ္စည်းကို တရားရုံး၏ အမိန့်တွင် ခွင့်ပြုထားခြင်းမှလွဲ၍ လက်ဝယ်ရယူခြင်း သို့မဟုတ် အခြားနည်းဖြင့် ပြန်လည်ရယူခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အမိန့်ချရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် ထိုအမိန့်ကို ချမှတ်နိုင်သည်–

(၁) ထိုအမိန့်ကို ချမှတ်ခြင်း မပြုပါက အစီအစဉ်၏ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် ကြီးမားသော ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများ ရှိနိုင်ခြင်း၊

(၂) ထိုအမိန့်ပါအချက်အလက်များနှင့် အခြား သက်ဆိုင်သော ကိစ္စရပ်များတွင် အာမခံ အကျိုးခံစားခွင့်ရမြီရှင်၊ ပိုင်ရှင် သို့မဟုတ် အငှားချထားသူတို့၏ အကျိုးစီးပွားကို လုံလောက်စွာ အကာအကွယ်ပေးခြင်း။

အစီအစဉ်ကြီးကြပ်သူ၏ အခန်းကဏ္ဍ

၁၃၀။ (က) အစီအစဉ်ကြီးကြပ်သူ၏ အပိုင်း (၆) လုပ်ငန်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(၁) အစီအစဉ်ချမှတ်ခြင်း၊

(၂) အခန်း (၅) တွင် ပြဋ္ဌာန်းထားသော အစီအစဉ် ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းဆိုင်ရာ တာဝန်များ။

(ခ) ဤအပိုင်းအရ အစီအစဉ်ကြီးကြပ်သူ ဆောင်ရွက်ရမည့်အပိုင်း (၆) လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည်–

(၁) အပိုင်း (၆) လုပ်ငန်း၏ အေးဂျင့်အဖြစ် ဆောင်ရွက်ခြင်း၊

(၂) အစီအစဉ်ကို တတ်နိုင်သမျှ ဆောလျင်စွာနှင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

တရားရုံးက ညွှန်ကြားနိုင်သည့် အာဏာ

၁၃၁။ (က) အစီအစဉ်ကြီးကြပ်သူသည် ယင်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် ကိစ္စရပ်တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ တရားရုံးမှ ညွှန်ကြားပေးရန် လျှောက်ထားနိုင်သည်။

(ခ) အစီအစဉ်ကြီးကြပ်သူ၊ အပိုင်း (၆) လုပ်ငန်း သို့မဟုတ် ရှယ်ယာဝင် သို့မဟုတ် မြီရှင်သည် အစီအစဉ်အဆင့်တွင် ပေါ်ပေါက်သည့် ပြဿနာကို အဆုံးအဖြတ်ပေးရန်အတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ညွှန်ကြားချက်ပေးရာတွင် သို့မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရာတွင် တရားမျှတမှုရှိမည်ဟု ထင်မြင်လျှင် သင့်တော်သည့် စည်းကမ်းချက်သတ်မှတ်၍ လျှောက်ထားမှု အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ခွင့်ပြုနိုင်သည် သို့မဟုတ် အခြားသင့်သည့် ထင်မြင်သည့် အမိန့်ကို ချမှတ်နိုင်သည်။

ပြန်လည်ထူထောင်ရေးအစီအစဉ် ဆောင်ရွက်နေကြောင်း အသိပေးကြေညာခြင်း

၁၃၂။ (က) ပြန်လည်ထူထောင်ရေး အစီအစဉ်အဆင့်တွင် အပိုင်း (၆) လုပ်ငန်းသည် အောက်ပါ ကိစ္စရပ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည် –

(၁) အပိုင်း(၆) လုပ်ငန်း၊ အပိုင်း (၆) လုပ်ငန်းကိုယ်စား သို့မဟုတ် အစီအစဉ်ကြီးကြပ်သူ၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေး လုပ်ငန်းဆိုင်ရာပေးပို့စာများ သို့မဟုတ် အမှာစာများ

(၂) အပိုင်း (၆) လုပ်ငန်း၏ဝက်ဘ်ဆိုက်များ။

(ခ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁) အရ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများ ဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့် ပုံစံကိုဆိုသည်။

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန် အချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့် အပိုင်း (၆) လုပ်ငန်း၏ အရာရှိနှင့် အပိုင်း (၆) လုပ်ငန်း၏ အစီအစဉ်ကြီးကြပ်သူအား မှတ်ပုံတင်အရာရှိသည် ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်ရမည်။

အစီအစဉ်ကြီးကြပ်သူအား အစားထိုးခြင်း

၁၃၃။ (က) ပုဒ်မ ၁၈၁ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဃ)၊ ပုဒ်မ ၁၈၂ ပုဒ်မခွဲ (ခ)နှင့် (ဂ) နှင့် ပုဒ်မ ၁၈၃ ပုဒ်မခွဲ (ခ)၊ (ဂ)နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအား ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သော ရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းတို့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် အပိုင်း (၆) လုပ်ငန်းအစီအစဉ် အဆင့်တွင် အစီအစဉ်ကြီးကြပ်သူနှင့်စပ်လျဉ်း၍လည်း အသုံးပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အစီအစဉ်ကြီးကြပ်သူကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ ခန့်အပ်ကြောင်းကို မှတ်ပုံတင်အရာရှိထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။

ဆက်လက်ဖော်ပြပါမည်

၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဓာတုဗေဒဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

ဒေါက်တာနီနီသန်း ပါမောက္ခ (ဌာနမှူး) ဓာတုဗေဒဌာန၊ရန်ကုန်တက္ကသိုလ်

ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၂၀ပြည့်နှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါအကြောင်းအရာနဲ့ သတိပြုရမယ့် အချက်အလက်တွေပဲ ဖြစ်ပါတယ်။

ပထမဦးစွာ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒမေးခွန်းမှာ Section-A နဲ့ Sction-B ဆိုပြီးအပိုင်း(၂)ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ Section-A မှာ Objective type တွေဖြစ်တဲ့ TRUE/FALSE, Fill in the blanks, Multiple choice နဲ့ Matching တွေကို နံပါတ်(၁)ကနေ နံပါတ်(၄)အထိ (၁)မှတ်တန်မေးခွန်း(၇)ပုဒ်စီ မေးထားပါတယ်။ နံပါတ်(၅)မှာ Definition or Explanation or Statement (၁)မှတ်တန်(၈)ပုဒ်မေးထားတဲ့အတွက် စုစုပေါင်း(၃၆)မှတ်ဖိုး ဖြေဆိုရပါမယ်။

Section-B မှာတော့ short question ဖြစ်တဲ့(၂)မှတ်တန် မေးခွန်း(၆)ပုဒ်ကို နံပါတ်(၆)မှာ မေးထားပါတယ်။ အားလုံးဖြေဆိုရမှာဖြစ်ပြီး ရွေးချယ်ခွင့်မရှိပါဘူး။ နံပါတ်(၇)မှာတော့ Medium question ဖြစ်တဲ့ (၄)မှတ်တန်မေးခွန်း(၈)ပုဒ်မေးပြီး နှစ်သက်ရာ (၅) ပုဒ်၊ နံပါတ်(၈)မှာတော့ (၈)မှတ်တန်(၆)ပုဒ်မေးပြီး (၄)ပုဒ်ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာ စုစုပေါင်း(၉၂)မှတ်ထဲက (၆၄)မှတ်ဖိုး၊ စုစုပေါင်း(၁၂၈)မှတ်ဖိုးထဲက အမှတ်(၁၀၀)ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ Section-A နဲ့ Section-B ရှိ မေးခွန်းအားလုံးဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တဲ့ မေးခွန်းတွေဖြစ်ပါတယ်။

Section-A ရှိ မေးခွန်းနံပါတ်(၁) အမှားအမှန်ရွေးချယ်စေတဲ့မေးခွန်း (True or False) မှာ အဖြေကို T (သို့) F လို့ မရေးဘဲ TRUE (သို့) FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။

မေးခွန်း(၂) ကွက်လပ်ဖြည့်တဲ့ မေးခွန်းဖြေရာမှာ စာလုံးပေါင်းမှန်ရမယ့်အပြင် ပြည့်စုံရပါမယ်။ ဥပမာ - ----- in group IVB is a metalloid. ဆိုတဲ့ မေးခွန်းရဲ့ အဖြေဟာ Silicon/Si ဖြစ်ရမယ့်အစား Sillicon(သို့)silicon/si လို့ ဖြေရင်မှားပါတယ်။ စာကြောင်းရဲ့အစဖြစ်လို့ capital letter နဲ့လည်း ဖြေရပါမယ်။

မေးခွန်း(၃)ရွေးချယ်တဲ့မေးခွန်းကို ဖြေဆိုတဲ့အခါ တိကျဖို့လိုပါတယ်။ အဖြေမှန်တစ်ခုထက် ပိုဖြေမိရင်လည်းကောင်း၊ အဖြေမှန်(၂)ခုကို တစ်ခုတည်းဖြေရင်လည်းကောင်း အမှတ်မရနိုင်ပါဘူး။ ဥပမာ - [Pure calcium; Aluminium; Lead] is a silvery-white metal. ဆိုတဲ့ မေးခွန်းအတွက် Aluminium ဖြေရမယ့်အစား ပိုပြီးဖြေရင်မှားပါတယ်။

မေးခွန်း(၄) Matching ဖြေဆိုတဲ့အခါ List A နဲ့ List B ပါအကြောင်းအရာကို ယှဉ်တွဲခြင်း မေးခွန်းအတွက် ပုဒ်ခွဲနံပါတ်အပြင် စာသားများအားလုံး အပြည့်အစုံဖော်ပြဖြေဆိုရပါမယ်။ ပုဒ်ခွဲ နံပါတ်အက္ခရာ (a), (b), (c)... နဲ့ ပုဒ်ခွဲနံပါတ် (i), (ii), (iii) ... တို့ဖြင့်သာ ယှဉ်တွဲဖော်ပြမယ်ဆိုရင် အမှတ်မရနိုင်ပါဘူး။ တစ်စုံမှားတဲ့ရင် နောက်တစ်စုံဟာ အလိုလို အတွဲမှားသွားနိုင်တဲ့အတွက်ကြောင့် ဖြေဆိုရာမှာ သေသေချာချာစဉ်းစားပြီးမှ ယှဉ်တွဲပေးဖို့လိုပါတယ်။

နံပါတ်(၁)မှ(၄)အထိ Objective types မေးခွန်းတွေကို အမှတ်ပြည့်ရအောင် ဖတ်စာအုပ်တစ်အုပ်လုံးကို သေချာစွာ ဖတ်ရှုလေ့လာမှသာ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

မေးခွန်း(၅)မှာ Definition or Explanation or Statement (၁)မှတ်တန် (၈)ပုဒ်ပါပါတယ်။ Definitionကို စာသားနဲ့ပဲ ဖြေဆိုရပါမယ်။ အကြောင်းအရာချင်း တူနေလျှင်ဖြစ်စေ၊ အဓိပ္ပာယ်ပြောင်းလဲမှုမရှိလျှင်ဖြစ်စေ မည်သည့် Definition ကိုမဆို ဖြေဆိုလို့ရပါတယ်။ ဥပမာ - Definitions of Isotopes ကို ဖြေဆိုရာမှာ Atoms of the same element that have the same number of protons but different numbers of neutrons are called isotopes. (or) Isotopes are the atoms of the same element with different masses. (or) Atoms of the same element can have different numbers of neutrons". လို့ ဖြေဆိုနိုင်ပါတယ်။

အခုဆက်လက်ပြီး Section-B မေးခွန်း(၆)မှ(၈)အထိ ဖြေဆိုတဲ့အခါမှာ Chapter အလိုက် သတိပြုရမယ့်အချက်တွေကို ပြောပြပါမယ်။ ဒီ Section-B မှာ definition, law, explanation မေးရင် (၂)မှတ်ပေးတာကြောင့် example တွေ၊ Mathematical expression တွေပါ ထည့်ဖြေရပါမယ်။ ဥပမာ - State Charles' law အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်အပြင် Mathematical expression ကိုပါ ဖြေဆိုရပါမယ်။

Chapter (1) The Electronic Structures of Atoms, Periodic Table and Chemical Bonds အခန်းမှာ ဒြပ်စင်တစ်ခုရဲ့ အက်တမ်တစ်ခုမှာပါတဲ့ p, ē , n အရေအတွက်ကို တွက်တတ်ရမယ်။ ပါဝင်တဲ့ ē တွေရဲ့ တည်ဆောက်ပုံ အမျိုးမျိုး၊ Electronic structures, Complete electronic structures နဲ့ Essential electronic structures၊ ဒီဒြပ်စင်ရဲ့ Periodic Table ရှိတည်နေရာ(Position)၊ ဒီဒြပ်စင်ရဲ့ valence, type of element (metal or non-metal or metalloid) တွေကို ရှာတတ်ရမယ်။ ဒြပ်စင်အချင်းချင်း ပေါင်းစပ်တဲ့အခါ ဖြစ်လာမယ့် ဓာတ်စည်းအမျိုးအစား၊ ဒီဖြစ်လာတဲ့ ဒြပ်ပေါင်းရဲ့ Formula, electron dot – cross structure တွေကို ရေးတတ်ဖို့လိုပါတယ်။ octet rule ကို လိုက်နာတဲ့ ဒြပ်ပေါင်းရှိသလို မလိုက်နာ(ခြွင်းချက်ရှိ)တဲ့ ဒြပ်ပေါင်းတွေလည်းရှိတယ်ဆိုတာ သိထားရမယ်။ အဲဒီ ဒြပ်ပေါင်းတွေ (ဥပမာ - $BeCl_2$, PF_5)ရဲ့ ē dot-cross structure တွေကို လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။

ဥပမာ - $_6C$ အတွက် Complete electronic structure ဆိုရင်တော့ $1s^2\ 2s^2\ 2p^2$ လို့ sub-shell တွေနဲ့ အပြည့်အစုံရေးရမယ်။ Essential electronic structure ဆိုရင် outermost shell ဖြစ်တဲ့ $2s^2\ 2p^2$ ကိုပဲ ရေးရမယ်။ position ကတော့ Period 2, Group IVB ဖြစ်ပြီး Valence 4 ဖြစ်တယ်။ type of element ဆိုရင် broken line ရဲ့ညာဘက် p-block element ဖြစ်လို့ non-metal ဖြစ်တယ်။ ဒီဒြပ်စင် C ဟာ Cl atom နဲ့ ပေါင်းစပ်တဲ့အခါ covalent bond ပဲဖြစ်မယ်။ Formula နဲ့ ē dot-cross structure ကိုလည်း ရေးတတ်ရမယ်။

ခြွင်းချက်အနေနဲ့ Al ဟာ dark line ရဲ့ဘယ်ဘက်မှာရှိပြီး p-block element ဖြစ်ပေမယ့် metal character ပိုများတယ်။ metal နဲ့ non-metal ပေါင်းရင် ionic bond ဖြစ်တယ်ဆိုပေမယ့် Al metal နဲ့ Cl non-metal ပေါင်းရင် covalent bond ဖြစ်တာသိရမယ်။ ဒုံအပြင် alkaline earth metal ဖြစ်တဲ့ Be နဲ့ non-metal Cl ပေါင်းရင်လည်း covalent bond ပဲ ဖြစ်တယ်ဆိုတာတွေကို သတိထားရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ionic bond, covalent bond ဖြစ်နိုင်မှုဟာ ပေါင်းစပ်တဲ့ atom နှစ်ခုရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှု(electronegativity difference) အပေါ်မှာမူတည်လို့ပဲ။ ဥပမာ - AlF_3 မှာ Al နဲ့ F ဟာ ionic bond ဖြစ်ပြီး $AlCl_3$ မှာ Al နဲ့ Cl ဟာ covalent bond ဖြစ်တယ်။ Al နဲ့ F ရဲ့လျှပ်စစ် ဓာတ်မဆွဲအားခြားနားမှုဟာ 1.5 ထက်ကြီးပြီး Al နဲ့ Cl ရဲ့လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှုဟာ 1.5 ဖြစ်တဲ့အတွက်ကြောင့်ဖြစ်တယ်။ Ionic compounds နဲ့ Covalent compounds တွေရဲ့ ခြားနားချက်တွေကိုလည်း သိထားရမယ်။

နောက်တစ်ခုကတော့ molecule တစ်ခုတည်းရှိ atom ပေါ်မှာ lone pair ē ရှိပြီး ဒီပစ္စည်းက ē deficient molecule (or) atom (or) ion နဲ့ပေါင်းစပ်ရင် co-ordinate/dative bond ဖြစ်ကြောင်း သိထားရမယ်။ ဥပမာ- NH_3 ရဲ့ nitrogen atom မှာ lone pair ē ရှိပြီး၊ H^+ ion မှာ ē လိုနေတာကြောင့် သူတို့ (၂) ခု ပေါင်းစပ်ရင် nitrogen က lone pair ē စုံကိုပေးပြီး အဲဒီ ē စုံကို N နဲ့ H^+ ion တို့ဟာ ဖက်စပ်သုံးကြတယ်။ ဒါကြောင့် co-ordinate bond ကို Special type of covalent bond လို့ခေါ်တယ်။

Periodic table ရဲ့ group နဲ့ period အလိုက် Periodic properties တွေဖြစ်တဲ့ atomic size, electronegativity, electropositivity, ionization energy နဲ့ electron affinity တွေ ပြောင်းလဲမှုကို လေ့လာတဲ့အခါ Atom တွေရဲ့ size ဟာ အုပ်စုတစ်ခုတည်းမှာ အပေါ်မှအောက်သို့သွားရင် အရွယ်ကြီးလာပြီးအပိုင်းတစ်ခုတည်းမှာ ဘယ်ဘက်မှ ညာဘက်သို့သွားရင် အရွယ်ငယ်သွားတာကို တွေ့ရပါမယ်။ period တစ်ခုတည်းမှာ ဘယ်ဘက်မှညာဘက်သို့သွားရင် electropositivity နည်းသွားပြီး electronegativity တိုးလာတာကို တွေ့နိုင်ပါတယ်။ Ionization energy နဲ့ electron affinity ကတော့ atomic size နဲ့ ပြောင်းပြန် ပြောင်းလဲခြင်းဖြစ်တာကို တွေ့ရပါမယ်။

ဒါပေမယ့် ခြွင်းချက်တော့ရှိပါတယ်။ Period 2 ထဲမှာ $_4Be$ ရဲ့ ionization energy က $_5B$ ထက် များနေပြီး $_7N$ ရဲ့ ionization energy ဟာ $_8O$ ထက်များနေတဲ့အကြောင်းတွေက Be မှာ fully-filled 2s sub-shell ရှိပြီး N မှာတော့ half-filled 2p sub-shell ရှိနေလို့ပါပဲ။ ဒါကြောင့် Be နဲ့ N ကတည်မြဲတယ်။ ē ကို ထုတ်ဖို့မလွယ်ဘူး။ ဒါကြောင့် ion ဖြစ်ဖို့ စွမ်းအင်အများကြီးလိုတယ်။ ဒါကြောင့် ionization energy ကြီးတာပေါ့။ Group VII B, halogens တွေထဲမှာ $_9F$ ရဲ့ electron affinity က $_{17}Cl$ ထက်ငယ်နေတဲ့အကြောင်းကတော့ F atom ဟာ အရွယ်အစားသေးငယ်တဲ့အတွက် ဝင်လာတဲ့ ē ကို F atom မှာ ရှိပြီးသား ē (9) လုံးက ပြင်းထန်စွာတွန်းကန်မှုကြောင့် ဖြစ်တယ်။

Periodic table ထဲမှာ ionization energy အနည်းဆုံးအုပ်စုနဲ့အများဆုံးအုပ်စုရှိသလို electron affinity အနည်းဆုံးအုပ်စုနဲ့ အများဆုံးအုပ်စုလည်း ရှိပါတယ်။ group IA (alkali metals) ဟာ ionization energy ရော electron affinity ပါ အနည်းဆုံးရှိပါတယ်။ Group IA metals တွေရဲ့ အပြင်ဘက်ဆုံးအခွံမှာ electron တစ်လုံးတည်းရှိနေတာကြောင့် စွမ်းအင်အနည်းဆုံးသုံးပြီး electron ကို လွယ်ကူစွာ ဖယ်ထုတ်နိုင်တဲ့အတွက် ionization energy နည်းပါတယ်။ electron affinity အတွက် ဆိုရင်လည်း အဲဒီ electron တစ်လုံးကို ကောင်းစွာထိန်းချုပ်မထားနိုင်တဲ့အတွက်၊ နောက်ထပ် electron တစ်လုံးထပ်ထည့်ဖို့ ခက်ခဲတဲ့အတွက် ထွက်ပေါ်လာတဲ့ energy က နည်းသွားရခြင်း ဖြစ်ပါတယ်။ Group 0 (noble gases) မှ elements တွေဟာ တည်မြဲတဲ့ electron တည်ဆောက်ပုံ ပိုင်ဆိုင်ထားတဲ့အတွက် အပြင်ဆုံးအခွံမှ ē တစ်လုံးဖယ်ဖို့ခက်ပြီး စွမ်းအင်များများသုံးရလို့ ionization energy များရခြင်း ဖြစ်တယ်။ group VII B (halogens) မှ elements များကတော့ အပြင်ဘက်ဆုံးအခွံမှာ ē (7)လုံးရှိကြပါတယ်။ နောက်ထပ် ē တစ်လုံး ထပ်ထည့်လိုက်ရင် noble gases တွေရဲ့ ē တည်ဆောက်ပုံဖြစ်သွားကြလို့ ē ထည့်ဖို့လွယ်ကူပြီး electron affinity များရခြင်း ဖြစ်တယ်ဆိုတာ နားလည်ဖို့လိုအပ်ပါတယ်။

အခန်း(၂)မှာတော့ ဓာတ်ငွေ့နဲ့ သက်ဆိုင်တဲ့နိယာမတွေကို အဓိပ္ပာယ်ဖွင့်ဆိုချက်များအပြင် mathematical expression, mathematical formula/equation, constant factors, measurable quantities နဲ့ units တွေပါ သိထားဖို့ လိုအပ်ပါတယ်။ Law နဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေ တွက်တဲ့အခါမှာလည်း အသုံးပြုရမယ့် gas law equation နဲ့ unit များကို မှန်ကန်စွာရေးတတ်ဖို့ လိုပါတယ်။ unit များ မလိုပါက မထည့်မိဖို့ သတိထားရပါမယ်။ law တွေရဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက် (သို့) mathematical expression၊ formula ပေးပြီး law အမည်ကို ပြန်ရေးတဲ့အခါ အပြည့်အစုံဖော်ပြရပါမယ်။ Mathematical expression နဲ့ mathematical equation မတူတာ သေချာသိထားဖို့လိုပါတယ်။

ဒုံအပြင် ဓာတ်ငွေ့ one mole ရဲ့ mass နဲ့ one molecule ရဲ့ mass တွေကို ခွဲခြားတတ်ရမယ်။ One mole of H_2 ရဲ့ mass ဆိုရင် 2 g ဖြစ်ပြီး one molecule of H_2 ရဲ့ mass ဆိုရင် 2 amu ဖြစ်တယ်ဆိုတာ သိရမယ်။

Chapter(3) Stoichiometry မှာတော့ ဓာတ်ပြုခြင်းတစ်ခုမှာပါတဲ့ ဓာတ်ပြုပစ္စည်း/ဓာတ်ဖြစ်ပစ္စည်းတို့ရဲ့ ပမာဏတွေကို law of conservation of mass, relative masses of atoms, the concept of the mole အစရှိတဲ့ ဓာတုနိယာမ၊ စည်းမျဉ်းတွေအပေါ် အခြေခံပြီး တွက်ချက်ရတာတွေပါပါတယ်။ ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းတွေရဲ့ formula mass/formula weight, % composition တွေကိုလည်း တွက်တတ်အောင် လေ့ကျင့်ထားရပါမယ်။ ဓာတ်ပစ္စည်းများရဲ့ molecular mass (formula mass), relative molecular mass နဲ့ molar mass တွေကို တွက်ချက်ခြင်း၊ ဓာတ်ပစ္စည်းတွေရဲ့ပမာဏကို mole (သို့) millimole နဲ့ တွက်ချက်ခြင်းတို့ကို သိရှိနားလည်ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ပါဝင်တဲ့ ဓာတ်ပြုပစ္စည်းများအနက် ဓာတ်ပြုညီမျှခြင်းအရ လိုအပ်တာထက် နည်းပါးစွာပါဝင်နေတဲ့ပစ္စည်းကို limiting substance လို့ခေါ်ပါတယ်။ အဲဒီဓာတ်ပြုခြင်းကဖြစ်ပေါ်လာတဲ့ ဓာတ်ဖြစ်ပစ္စည်းပမာဏဟာ limiting substance ပေါ်မူတည်နေကြောင်း နားလည်ဖို့လိုပါတယ်။

Volumetric analysis (ထုထည်တိုင်းဓာတ်ခွဲခြင်း)မှာ Burette, Pipette, Conical flasks တွေသုံးပြီး ပျော်ရည်အချင်းချင်း ဓာတ်ပြုခြင်းကို လေ့လာတာဖြစ်ပါတယ်။ Titration, standardization, molarity, molar solution တို့ကို နားလည်ရမယ့်အပြင် equivalence point နဲ့ end point ခြားနားချက်တို့ကိုလည်း သိရှိရမှာဖြစ်ပါတယ်။ ပျော်ရည်များဖြစ်တဲ့အတွက် ယင်းပျော်ရည်များရဲ့ပြင်းအား (molarity) တွက်ချက်ခြင်း၊ စံပျော်ရည် (ပြင်းအားသိပျော်ရည်)ဖျော်ယူခြင်း၊ စံပျော်ရည်များအသုံးပြုပြီး acid-base titration လုပ်ဆောင်နိုင်ခြင်းတို့ကို သိရှိနားလည်ဖို့လိုပါတယ်။ Molarity (concentration) ရဲ့ unit တွေမှာ amount of solute ကို mole နဲ့ပြရင် Volume ကို dm^3 နဲ့ထားရပြီး millimole နဲ့ပြရင်တော့ Volume ကို cm^3 နဲ့ ရေးရမှာ ဖြစ်တယ်။

Dilution of solution (ပျော်ရည်ရေရောခြင်း) ပုစ္ဆာမျိုးကို တွက်မယ်ဆိုရင် ယင်းပျော်ရည်ထဲမှာရှိတဲ့ total amount of substance (mole or millimole) ဟာ မပြောင်းတဲ့အတွက် $M_1V_1 = M_2V_2$ နဲ့တွက်လို့ရတယ်ဆိုတာ သတိပြုရပါမယ်။ Titration ပုစ္ဆာတွေတွက်ရင် balanced chemical equation ကို မှန်ကန်အောင် ရေးနိုင်ဖို့အရေးကြီးပါတယ်။ Chemical formula မှားရင် equation မှားမယ် (သို့) formula မှန်နေပေမယ့် equation ညီတာ မညီခဲ့ရင် mole ratio မှားနိုင်တာကြောင့် ပုစ္ဆာတစ်ပုဒ်လုံး မှားနိုင်တယ်ဆိုတာ အထူးဂရုစိုက်ရပါမယ်။ Molarity ရှာတဲ့အခါ Molarity ပုံသေနည်းကို မှန်ကန်ပြည့်စုံစွာရေးပြီးမှ တွက်ရပါမယ်။

Chapter(4)Electrolysis အခန်းကတော့ ပျော်ရည်အခြေအနေအမျိုးမျိုးတို့ကို လျှပ်ခေါင်းတိုင် (Electrodes) အမျိုးမျိုးပြောင်းပြီး လျှပ်စစ်ဓာတ်သုံးဖြိုခွဲခြင်းတွေကို လေ့လာတဲ့ အကြောင်းအရာဖြစ်ပါတယ်။ ဒီအခန်းမှာ conductor နဲ့ insulator ခြားနားချက်၊ electrolytes နဲ့ non-electrolytes ခြားနားချက်တွေကို နားလည်သဘောပေါက်ရန် လိုအပ်ပါတယ်။ Conductor ဟာ သတ္တုအခဲအခြေအနေနှင့် အရည်အခြေအနေနှစ်မျိုးစလုံးမှာ လျှပ်ကူးနိုင်တယ်။ metallic lattice ထဲမှာ valence ē တွေ ရှေ့လို့ဖြစ်တယ်။ Cu, Ag တို့ဟာ solid conductor ဖြစ်ပြီး mercury ကတော့ liquid conductor ဖြစ်တယ်။ Insulator ကတော့ metallic lattice မရှိတဲ့အတွက် လျှပ်မကူးနိုင်ပါဘူး။ ဥပမာ-သစ်သား၊ ရော်ဘာ၊ ပလတ်စတစ်တွေပေါ့။

Electrolytes တွေကတော့ electrovalent compounds တွေဖြစ်ပြီး သူတို့ရဲ့အခဲရည်ပျော် (molten salt) သို့မဟုတ် ရေမှာဖျော်ထားသောပျော်ရည် (aqueous salt solution) မှာ ion တွေ ရှေ့လျားလို့လျှပ်ကူးနိုင်တယ်။ ဥပမာ- Molten-NaCl (အခဲရည်ပျော်)နဲ့ Aqueous NaCl (ရေပျော်ရည်)တွေ ဖြစ်တယ်။ non-electrolytes တွေက covalent compounds ဖြစ်ပြီး molecules တွေ ပါဝင်နေတယ်။ ions တွေမပါလို့ လျှပ်မကူးနိုင်ပါဘူး။ ဥပမာ-သကြားပျော်ရည်၊ ယူရီးယားပျော်ရည်တွေပေါ့။

Electrolysis လုပ်ရာမှာ molten salt (အခဲရည်ပျော်)နဲ့ aqueous salt solution (ဆားပျော်ရည်) ဘယ်လိုကွာခြားသလဲဆိုတာ သိထားရပါမယ်။ molten salt မှာ salt မှ ထွက်လာတဲ့ cation တစ်မျိုးနဲ့ anion တစ်မျိုးစီသာပါပြီး aqueous salt solution မှာတော့ အဲဒီ ions များအပြင် ရေမှထွက်လာတဲ့ H^+ နဲ့ OH^- ions တွေပါလာမယ်ဆိုတာ သိရှိထားရပါမယ်။ electrode reaction ရေးရင်လည်း ထည့်သွင်းစဉ်းစားရပါမယ်။ ပျော်ရည်အမျိုးမျိုးကို လျှပ်စစ် ဓာတ်ဖြိုခွဲခြင်းမှ ရလာတဲ့ ဓာတ်ဖြစ်ပစ္စည်းများဟာ electrochemical series မှာရှိတဲ့ သတ္တုများနဲ့ အုပ်စုများရဲ့တည်နေရာ၊ လျှပ်လိုက်ပစ္စည်းများရဲ့ ပါဝင်ကိန်း၊ လျှပ်ခေါင်းတိုင်များ(anode,cathode) ရဲ့ သဘာဝစတဲ့ အချက်များက လွှမ်းမိုးနေကြောင်း ရှင်းရှင်းလင်းလင်းသိထားဖို့ လိုပါတယ်။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှ

ဒါမှ cathode နဲ့ anode reactions များ ရေးနိုင်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက cathode မှာ ထွက်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက anode မှာ ထွက်မယ်ဆိုတာ မှန်ကန်စွာ ဆုံးဖြတ်နိုင်ပါမယ်။ ဥပမာ-fused (သို့) molten NaCl ဆိုရင် ရေမပါဘူး။ Na^+ နဲ့ Cl^-ion တွေပဲ ရှိတယ်။ ဒါကြောင့် cathode မှာ Na^+ ကNa atom အဖြစ် ကပ်တင်ပြီး anode မှာ Cl_2 gas ထွက်မယ်။ Dilute NaCl ဆားပျော်ရည်ဖြစ်ရင်တော့ Na^+, Cl^- အပြင် H^+, OH^- တို့ကိုပါ စဉ်းစားရမယ်။ electrochemical series (E.C.S) ရဲ့ position အောက်ဘက်ရောက်လေ discharge ဖြစ်လွယ်လို့ H_2 နဲ့ O_2 gas တွေ ထွက်မယ်။ Moderately concentrated NaCl solution ဆိုရင်တော့ concentration effect ကြောင့် anode မှာ O_2 မထွက်ဘဲ Cl_2 ထွက်မယ်။ Brine (saturated NaCl solution) ကို Pt or graphite electrodes သုံးပြီး electrolysis လုပ်မယ်ဆိုရင်လည်း NaCl ရဲ့ပြင်းအားများတာကြောင့် concentration effect ရှိတယ်။ Anode မှာ Cl_2 ပဲထွက်မယ်။ ဒါပေမယ့် brine ကို graphite anode နဲ့ mercury cathode သုံးပြီး electrolysis လုပ်ရင်တော့ nature of electrode အရ product အနေနဲ့က Na/Hg ထွက်မယ်။ Electrolysis product တွေအပေါ်မှာ သက်ရောက်တဲ့အချက်တွေကို Table(1) မှာ ဖော်ပြထားပါတယ်။

Table 1 Factors Influencing Electrolysis Products

Electrolytes & their ions	Electrodes and Reactions				Deciding factor
	Anode	Anode reaction	Cathode	Cathode reaction	
(1) Fused NaCl (Na^+, Cl^-)	Pt (or) graphite	$2Cl^- \rightarrow Cl_2 + 2\bar{e}$	Platinum	$Na^+ + \bar{e} \rightarrow Na$	-
(2) Dilute Aqueous NaCl solution (Na^+, Cl^-, H^+, OH^-)	Pt (or) graphite	$4OH^- \rightarrow 2H_2O + O_2 + 4\bar{e}$	Platinum	$2H^+ + 2\bar{e} \rightarrow H_2$	E.C.S.
(3) Saturated NaCl solution (brine) (Na^+, Cl^-, H^+, OH^-)	Pt (or) graphite	$2Cl^- \rightarrow Cl_2 + 2\bar{e}$	Platinum	$2H^+ + 2\bar{e} \rightarrow H_2$	Concentration effect
	graphite	$2Cl^- \rightarrow Cl_2 + 2\bar{e}$	Mercury	$Na^+ + \bar{e} \rightarrow Na$ $Na + Hg \rightarrow Na/Hg$	Nature of electrode & concentration effects

Faraday's laws တွေကိုအသုံးပြုပြီး သတ္တုဒြပ်စင်တွေရဲ့ relative molecular mass, cathode ပေါ်မှာ ကပ်တင်တဲ့ သတ္တုပမာဏ၊ electrolysis လုပ်နေစဉ်အသုံးပြုတဲ့ လျှပ်စစ်ပမာဏနဲ့ anode မှာ ထွက်လာတဲ့ ဓာတ်ငွေ့ထုထည်တွေကို တွက်ယူနိုင်ပါတယ်။ Electroplating လုပ်ငန်းများဖြစ်တဲ့ ကြေးရည်စိမ်ခြင်း၊ ငွေရည်စိမ်ခြင်းနှင့် ခရိုမီယမ်စိမ်ခြင်းတွေမှာလည်း Faraday's first law သုံးပြီး သတ္တုရည်စိမ်တဲ့ ပစ္စည်းပေါ်မှာ ကပ်တင်စေမယ့် သတ္တုပမာဏ၊ လျှပ်စစ်ဖြတ်သန်းစေရမယ့်အချိန်၊ ဖြတ်သန်းရမယ့် လျှပ်စစ်ပမာဏတို့ကို ကြိုတင်တွက်ယူနိုင်ပါတယ်။ ဒုံအပြင် electroplating (၃)မျိုးမှာ အသုံးပြုထားတဲ့ electrolytes တွေ၊ anode မှာသုံးတဲ့ metals တွေ၊ electrode reactions တွေကို Table (2) မှာ လေ့လာနိုင်ပါတယ်။ object (ကပ်တင်ခံမယ့်ပစ္စည်း)ကိုတော့ cathode မှာပဲ ထားရမယ်ဆိုတာ သေချာစွာ မှတ်သားထားစေလိုပါတယ်။

Table 2 Electroplating (for appearance of the electroplated objects and resistance to corrosion)

Name of Electroplating	Electrolytes used	Electrodes used as		Reactions	
		Cathode	Anode	Cathode	Anode
(i) Cu plating	$CuSO_4$ Solution	Object (article)	Cu	$Cu^{2+} + 2\bar{e} \rightarrow Cu$	$Cu \rightarrow Cu^{2+} + 2\bar{e}$
(ii) Ag plating	$K[Ag(CN)_2]$ solution	Object	Ag	$Ag^+ + \bar{e} \rightarrow Ag$	$Ag \rightarrow Ag^+ + \bar{e}$
(iii) Cr plating	Acidified $Cr_2(SO_4)_3$ solution	Steel object	Pb	$Cr^{3+} + 3\bar{e} \rightarrow Cr$	$4OH^- \rightarrow 2H_2O + O_2 + 4\bar{e}$

Chapter (5) Oxidation and Reduction အခန်းမှာတော့ oxidation နဲ့ reduction တွေရဲ့ အဓိပ္ပာယ်ကို ရှုထောင့်အမျိုးမျိုးမှ ဖွင့်ဆိုသတ်မှတ်နိုင်ပါတယ်။ ဒြပ်စင်တွေ၊ ဒြပ်ပေါင်းတွေနဲ့ ions တွေမှာရှိတဲ့ elements တွေရဲ့ Oxidation number တွက်ပုံတွက်နည်းကို လေ့ကျင့်ထားရပါမယ်။ Oxidation number ရေးရင် သင်္ချာဂဏန်းရဲ့ရှေ့မှာ (+) (-) လက္ခဏာထည့်ပြီး ဖော်ပြရပါမယ်။ Ions တွေရဲ့ charge ကိုရေးရင် သင်္ချာဂဏန်းရဲ့နောက်မှာ လက္ခဏာထည့်ရမယ်။

Oxidizing agent (ဓာတ်တိုးစေသောပစ္စည်း)နဲ့ reducing agent (ဓာတ်လျော့စေသောပစ္စည်း) ခြားနားချက်တွေက တော့ $\bar{e}$ တွေကို လက်ခံတဲ့ပစ္စည်းဟာ Oxidizing agent ဖြစ်ပြီး $\bar{e}$ ထုတ်ပေးတဲ့ပစ္စည်းက reducing agent ဖြစ်တယ်။ တခြားပစ္စည်းများကို ဓာတ်တိုးစေပြီး ကိုယ်တိုင်ဓာတ်လျော့ရင် Oxidizing agent ဖြစ်တယ်။ တခြားပစ္စည်းများကို ဓာတ်လျော့စေပြီး ကိုယ်တိုင်ဓာတ်တိုးရင် reducing agent ဖြစ်တယ်ဆိုတာ သိထားသင့်တယ်။Oxidizing agent နဲ့ reducing agent တွေပေးထားရင်လည်း ရွေးတတ်ရမယ်။ Redox reaction တွေမှာ reducing agent ရှိ $\bar{e}$ တွေက oxidizing agent ဆီ ကူးပြောင်းသွားတာကို သဘောပေါက်နားလည်ရမယ်။

Chapter(4)အခန်းမှာ တွေ့ခဲ့ရတဲ့ Electrolytic process တွေမှာ Redox reaction တွေ ပါဝင်နေတယ်။ ဓာတ်ဖို ions (cations) တွေက cathode (ဓာတ်မတိုင်)မှာဓာတ်လျော့ခြင်း ဖြစ်ပေါ်ကြပြီးတော့ ဓာတ်မ ions (anions) တွေက anode (ဓာတ်ဖိုတိုင်)မှာ ဓာတ်တိုးခြင်းဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိထားမှ electrode တွေပေါ်မှာ ဖြစ်ပေါ်တဲ့ half-reaction တွေကို မှန်မှန်ကန်ကန် ရေးနိုင်ပါမယ်။

ဓာတ်တိုးဓာတ်လျော့ ညီမျှခြင်းညှိရာမှာ ညှိပုံ(၂)မျိုး oxidation number method နဲ့ half-reaction method ရှိပါတယ်။ မေးခွန်းမှာ ဘယ်နည်းနဲ့မေးမေး အဆင့်ဆင့်ဖြေဆိုနိုင်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။ oxidation number method နဲ့ ဖြေမယ်ဆိုရင် ပေးထားတဲ့ညီမျှခြင်းမှာပါတဲ့ ဓာတ်တိုးဓာတ်လျော့ဖြစ်တဲ့ elements (သို့) ions များအပေါ်မှာ element / atom တစ်လုံးရဲ့ oxidation number ကို ဖော်ပြခြင်း၊ oxidize ($\bar{e}$)/reduce (+ $\bar{e}$) ရေးပေးရခြင်း၊ $\bar{e}$ transfer အရေအတွက် (oxidation ဖြစ်တဲ့ atom အတွက် $\bar{e}$ ဆုံးရှုံးမှုနဲ့ reduction ဖြစ်တဲ့ atom က $\bar{e}$ ရရှိမှု)တွေကို မှန်မှန်ကန်ကန် ရေးပေးရပါမယ်။ ခဲတံနဲ့ မရေးမဖိုလ်လည်း သတိပြုရပါမယ်။ Oxidation number ကို သက်ဆိုင်ရာ အက်တမ်ရဲ့ အပေါ်မှာပဲ ရေးခွင့်ရှိပါတယ်ဆိုတာ သေသေချာချာ မှတ်ထားပေးဖို့ လိုပါတယ်။

Half-reaction method ဆိုရင်တော့ oxidation နဲ့ reduction ဖြစ်တဲ့ half-reaction နှစ်ကြောင်း ခွဲရေးပြီး အဆင့်ဆင့် မှန်ကန်စွာဖြေဆိုပေးရပါမယ်။ နောက်ဆုံးအဖြေထုတ်တဲ့ညီမျှခြင်းကို အသေးငယ်ဆုံး mole အရေအတွက်နဲ့ ဖော်ပြရမယ်။ တချို့ molecular equation များကို ionic equation ပြောင်းပြီးမှ half-reaction method နဲ့ညှိလို့ ရပါတယ်။

Chapter (6) Rates of Reactions and Equilibria အခန်းမှာတော့ ဓာတ်ပြုနှုန်းနဲ့ ဓာတ်ပြုမျှခြေဆိုင်ရာအကြောင်း အရာတွေ ပါပါတယ်။ ဓာတ်ပြုနှုန်းဆိုတာ အချိန်တစ်ယူနစ်အတွင်း ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းများရဲ့ ပြောင်းလဲခြင်း ဖြစ်တယ်။ ဓာတ်ပြုနှုန်းနေးရင် အချိန်ကြာပြီး ဓာတ်ပြုနှုန်းမြန်ရင် အချိန်တိုပါတယ်။ ဒါကြောင့် ဓာတ်ပြုနှုန်းဟာ အချိန်နဲ့ ပြောင်းပြန်အချိုးကျတယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ပါဝင်နေတဲ့ ဓာတ်ပြုပစ္စည်းများထဲရှိ Particles(Atoms/ molecules/ ions)များ အချင်းချင်းထိတိုက်တိုင်း ဓာတ်ပြုခြင်း မဖြစ်ပါ။ လုံလောက်တဲ့ စွမ်းအင်နဲ့ ဓာတ်ပြုခြင်းဖြစ်စေမယ့် သင့်တော်တဲ့ အနေအထားမှာ ဓာတ်ပြုပစ္စည်းများ အချင်းချင်းထိတိုက်မှု အကြိမ်များလေလေ ဓာတ်ပြုနှုန်းမြန်လေလေ ဖြစ်တယ်။

ဓာတ်ပြုခြင်းတစ်ခုရဲ့မြန်ခြင်း၊ နှေးခြင်းအပေါ်သက်ရောက်တဲ့ အချက်(၆)ချက် ရှိတယ်။ ဓာတ်ပြုပစ္စည်းများရဲ့ ပါဝင်ကိန်း၊ ဖိအား၊ အပူချိန်၊ ဓာတ်ကူပစ္စည်းများ၊ ရောင်ခြည်နဲ့ ဓာတ်ပြုပစ္စည်းများရဲ့ မျက်နှာပြင်ဧရိယာတို့ ဖြစ်တယ်။

Effect of concentration of reactant မှာ ဓာတ်ပြုခြင်းထဲမှာပါတဲ့ ဓာတ်ပြုပစ္စည်း (reactants) များရဲ့ပါဝင်ကိန်းများရင် reactants အချင်းချင်းထိတိုက်မှု (Collision) ပိုများမယ်။ ဒါကြောင့် ဓာတ်ပြုခြင်းများဟာ ဓာတ်ပြုပစ္စည်းများရဲ့ Concentration များလာရင် ထိတိုက်နိုင်တဲ့အခြေအနေများတဲ့အတွက် reaction rate မြန်တယ်။ Effect of concentration of reactant ကို ဥပမာနဲ့ လေ့လာကြည့်ရအောင်၊ Mg ribbon 1 g ကို 0.5 M HCl နဲ့ 1.0 M HCl ရှိနေတဲ့ Beaker တလုံးစီထဲကို ထည့်လိုက်ရင် 1.0 M HCl ထည့်ထားတဲ့ Beaker ခွက်ထဲက Mg ribbon တွေက မြန်မြန်ဓာတ်ပြုပြီး ကုန်သွားမယ်။ 1.0 M HCl ရဲ့ ပြင်းအားက 0.5 M HCl ရဲ့ ပြင်းအားထက်ပိုများလို့ ဖြစ်တယ်။ တစ်နည်းအားဖြင့် 1.0 M HCl ထဲရှိ acid molecule အရေအတွက်ဟာ 0.5 M HCl ထဲရှိ acid molecule အရေအတွက်ထက် ပိုများတဲ့အတွက် Mg atom နဲ့ acid molecule တွေ ထိတိုက်တဲ့ အကြိမ်အရေအတွက် ပိုများလာလို့ ဓာတ်ပြုနှုန်း မြန်ရခြင်း ဖြစ်တယ်။

Effect of pressure ကတော့ ဓာတ်ငွေ့များသာပါတဲ့ ဓာတ်ပြုခြင်းများနဲ့သာ သက်ဆိုင်တယ်။ solids, liquids နဲ့ aqueous solutions များ ပါဝင်ခဲ့ရင် ဖိအားသက်ရောက်မှု မရှိနိုင်ပါ။ သံစလေးတွေဟာ oxygen 20 % သာပါတဲ့ လေထဲမှာ ဖြည်းညင်းစွာလောင်ကျွမ်းပြီး pure oxygen မှာတော့ မီးပွားများထွက်ပြီး ပြင်းထန်စွာလောင်ကျွမ်းတာကို တွေ့ရပါတယ်။ oxygen ပါဝင်မှုများလေလေ ယင်းဓာတ်ငွေ့ရဲ့ဖိအားလည်းများလေလေဖြစ်ပြီး ဓာတ်ပြုနှုန်းလည်း မြန်လာတယ်။

Effect of temperature မှာတော့ ဓာတ်ပြုခြင်းများဟာ နိမ့်တဲ့အပူချိန်ထက် မြင့်တဲ့အပူချိန်မှာ လျင်မြန်စွာ ဓာတ်ပြုနိုင်ကြတယ်။ ဒါကြောင့် ရေခဲသေတ္တာထဲမှာ သိမ်းဆည်းထားတဲ့ အစားအစာတွေဟာ အခန်းအပူချိန်မှာထားတဲ့ အစားအစာတွေထက် ပုပ်သိုးပျက်စီးမှုနှေးတာကို တွေ့နိုင်ပါတယ်။ အပူချိန် ၁၀ ဒီဂရီ မြင့်လာရင် ဓာတ်ပြုနှုန်းဟာ ၂ ဆ ပိုမြန်လာတယ်လိုဆိုပါတယ်။

Effect of catalysts မှာ positive catalyst နဲ့ negative catalyst (၂)မျိုး ရှိတယ်။ Enzyme (biocatalyst) ကို သက်ရှိများရဲ့ တစ်သျှူးများမှာ တွေ့ရတယ်။ အစာခြေအင်ဇိုင်းများဖြစ်တဲ့ တံတွေးထဲမှ ptyalin နဲ့ အစာအိမ်အရည်ထဲမှ pepsin enzymes တွေဟာ starch နဲ့ proteins တို့လို မော်လီကျူးကြီးတွေကို ခန္ဓာကိုယ်ဆဲလ်များမှ အသုံးပြုနိုင်တဲ့ sugar လို သေးငယ်တဲ့ မော်လီကျူးများအဖြစ် ခြေဖျက်ရာမှာ လျင်မြန်စေတဲ့အတွက် ယင်းအင်ဇိုင်းများဟာ positive catalysts များဖြစ်ကြတယ်။

Effect of radiation ကို ဓာတ်ပြုခြင်းတချို့မှာ တွေ့နိုင်ပါတယ်။ H_2 နဲ့ Cl_2 gas တို့ဟာ တောက်ပတဲ့ နေရောင်အောက်မှာ ပြင်းထန်စွာပေါက်ကွဲပြီး ဓာတ်ပြုနိုင်တယ်။ အဲဒီလို အလင်းရောင်ကနေ Energy (hv) ကို စုပ်ယူပြီးမှဖြစ်တဲ့ ဓာတ်ပြုခြင်းကို photochemical reaction လို့ ခေါ်ပါတယ်။

Effect of surface area of reactants ကိုလည်း ဥပမာနဲ့ လေ့လာကြည့်ရအောင်။ 1.0 M NaOH (100 cm^3) ပါတဲ့ Beaker နှစ်လုံးကို ယူပါ၊ ပထမ Beaker ထဲကို 1 g Al Powder များထည့်ပြီး ဒုတိယ Beaker ထဲကို 1 g Al foil များ ထည့်ပြီးကြည့်ပါ၊ Al Powder က အရွယ်အစားငယ်ပြီး surface area များလို့ ဓာတ်ပြုခြင်းမြန်တာ တွေ့ရတယ်။ Al foil ကတော့ အရွယ်အစားကြီးပြီး surface area ငယ်တဲ့အတွက် ဓာတ်ပြုခြင်းနှေးတယ်။

ဓာတ်ပြုခြင်းတစ်ခု မျှခြေရောက်ဖို့ ဒီဓာတ်ပြုခြင်းဟာ အပြန်အလှန်ဓာတ်ပြုခြင်း အမျိုးအစား ဖြစ်ရပါမယ်။ Reversible reaction မှာ ရှေ့သို့ဓာတ်ပြုခြင်း (forward reaction) ဆိုတာ product ဖြစ်တဲ့ဘက်၊ ညာဘက်သို့ သွားခြင်းဖြစ်တယ်။ ရှေ့သို့ ဓာတ်ပြုခြင်းနဲ့ ဆန့်ကျင်ဘက်သွားတဲ့ ဓာတ်ပြုခြင်းကို reverse reaction လို့ခေါ်တယ်။ product တွေပြန်ပြိုကွဲပြီး reactant ပြန်ဖြစ်သွားတာပါ။ မျှခြေရောက်ပြီဆိုရင်တော့ အပြန်အလှန်ဓာတ်ပြုခြင်း(၂)ခုလုံးရဲ့ ဓာတ်ပြုနှုန်းက တူသွားပြီး ပါဝင်ပစ္စည်းများရဲ့ ပါဝင်ကိန်းတွေ မပြောင်းတော့ပါဘူး။ ဒါကို dynamic equilibrium လို့ ခေါ်တယ်။ အဲဒီ dynamic equilibrium ပေါ်ကို သက်ရောက်မှုတွေပေးလိုက်ရင် မျှခြေလားရာပြောင်းလဲပုံကို Le Chatelier's principle က ဖော်ပြထားတယ်။

ဒီမျှခြေကို ပြောင်းလဲစေတဲ့သက်ရောက်မှု(၃)ခု ရှိပါတယ်။ temperature, pressure နဲ့ concentration တို့ပဲ ဖြစ်ပါတယ်။ မျှခြေကိုရောက်နေတဲ့ဓာတ်ပြုခြင်းတစ်ခုမှာ အပူချိန်မြှင့်လိုက်ရင် အပူစုပ်တဲ့ ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်ပြီး မျှခြေယာယီပျက်သွားပါတယ်။ မြှင့်လိုက်တဲ့ အပူချိန်ကုန်သည်အထိ အပူစုပ်ဓာတ်ပြုခြင်းဖြစ်ပြီးရင် မျှခြေ (New state of equilibrium) ကို ပြန်ရောက်ပါတယ်။

ထို့နည်းတူပဲ ဓာတ်ငွေ့ပါတဲ့ဓာတ်ပြုခြင်းတွေမှာ ဖိအားမြှင့်ပေးခဲ့ရင် Boyle's law အရ ထုထည်ကျုံ့တဲ့ဘက်ကို ဦးတည်ပြီး ဓာတ်ပြုခြင်းဖြစ်ကာမျှခြေယာယီပျက်သွားပါတယ်။ ဓာတ်ငွေ့ reactant နဲ့ product တွေရဲ့ mole (သို့) volume တူရင် ဖိအားသက်ရောက်မှုမရှိပါဘူး။ Le Chatelier's principle နဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေကိုလည်း လေ့ကျင့်ထားဖို့လိုပါတယ်။

ပါဝင်ပစ္စည်းများဖြစ်တဲ့ reactant နဲ့ product တွေရဲ့ပါဝင်ကိန်းတွေကို ပြောင်းပေးရင် ပါဝင်ကိန်းများတဲ့ဘက်မှ နည်းတဲ့ဘက်ကို ဦးတည်ပြီး မျှခြေယာယီပျက်သွားပါတယ်။ ဒါပေမယ့် တစ်ချိန်ချိန်မှာ မျှခြေကို ပြန်ပြီးရောက်သွားပါတယ်။

Chapter (7) မှာတော့ Energy changes in chemical reactions (ဓာတ်ပြုခြင်းများနဲ့ သက်ဆိုင်တဲ့ စွမ်းအင်ပြောင်းလဲခြင်း)တွေကို ဖော်ပြထားပါတယ်။ Energy အမျိုးအစားများနဲ့ ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်ရင် အပူထွက်ခြင်း(သို့) အပူစုပ်ခြင်းဖြစ်တာတွေကို တွေ့ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုဖြစ်လို့ ပတ်ဝန်းကျင်ကို အပူတွေထွက်လာရင် exothermic reactions လို့ခေါ်ပြီး အပူပြောင်းလဲခြင်း ΔH^θ တန်ဖိုးကို အနုတ်လက္ခဏာနဲ့ ဖော်ပြရတယ်။ အကယ်၍ ဓာတ်ပြုခြင်းတစ်ခုဖြစ်ဖို့ ပတ်ဝန်းကျင်က အပူကိုစုပ်ယူရရင် Endothermic reaction လို့ခေါ်ပြီး ΔH^θ တန်ဖိုးကို အပေါင်းလက္ခဏာနဲ့ ပြရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်တဲ့အခါ heat absorbed (သို့) heat released ဖြစ်ခြင်းကို constant pressure မှာ လေ့လာခဲ့ရင် Enthalpy change (ΔH) လို့ သတ်မှတ်တယ်။ အကယ်၍ standard temperature (25 C/ 298K) နဲ့ standard pressure (1 atm /760 mmHg) မှာ လေ့လာမယ်ဆိုရင် Standard enthalpy change (ΔH^θ) ဖြစ်တယ်ဆိုတာ သတိပြုရပါမယ်။ Thermochemical equations တွေကို ရေးသားတဲ့အခါမှာ ဓာတ်ပစ္စည်းတွေရဲ့ အပူပြောင်းလဲခြင်း (အပေါင်း(သို့)အနုတ်လက္ခဏာ)များ၊ physical states တွေကို ထည့်ပေးဖို့ လိုအပ်ပါတယ်။

ဓာတ်ပြုခြင်းအမျိုးမျိုးမှရလာတဲ့ heat change တွေမှာ heat of combustion, heat of formation of a compound နဲ့ heat of neutralization ဆိုပြီး(၃)မျိုးရှိပါတယ်။ ယင်းတို့ရဲ့ symbol တွေ၊ ΔH^θ တန်ဖိုးကို (+) (သို့) (-) လက္ခဏာ ဖော်ပြခြင်းတွေ၊ unit တွေကို ခွဲခြားပြီး မှတ်သားထားရပါမယ်။

Hess's law ပုစ္ဆာတွေနဲ့ ပတ်သက်ပြီး သတိထားရမယ့် အချက်တွေကတော့ ပေးထားချက်နဲ့ နောက်ဆုံးအဖြေဟာ heat of formation (သို့) heat of combustion လားဆိုတာကို မေးခွန်းမှာ သေသေချာချာဖတ်ပြီးမှ ဓာတ်ပြုညီမျှခြင်းရေးခြင်း၊ ညှိခြင်း၊ ΔH^θ တန်ဖိုးများရေးခြင်းတို့ လုပ်ရပါမယ်။ physical state, heat change (ΔH^θ) ရဲ့လက္ခဏာတွေနဲ့ unit များကို ပြည့်ပြည့်စုံစုံ ထည့်သွင်းဖော်ပြရပါမယ်။ heat of combustion မှာ oxygen gas နဲ့ ပေါင်းစပ်မယ့် element (or) compound ဟာ 1 mole သာ ဖြစ်ရမယ်။ heat of formation မှာ product compound က 1 mole ဖြစ်ရမယ်ဆိုတာ တွေကို သတိပြုရပါမယ်။ compound 1 mole ဖြစ်ဖို့ element များသာ ပေါင်းစပ်ရမယ်ဆိုတာလည်း သတိပြုရပါမယ်။

Heat of combustion နဲ့ heat of formation တွေအတွက် unit က kJ mol^{-1} ဖြစ်ပြီး heat of formation ကို သင်္ကေတ ΔH^θ_f နဲ့ ဖော်ပြရမယ်။ ဓာတ်ပြုညီမျှခြင်းများက(1)ထက်ကြီးတဲ့ ကိန်းပြည့် မြှောက်ဖော်ကိန်းတစ်ခုခုနဲ့ မြှောက်လိုက်ရင် unit ဟာ kJ ဖြစ်သွားပြီး မူလအပူတန်ဖိုး ပြောင်းလဲသွားပါမယ်။ Thermochemical equations တွေကို reverse (ပြောင်းပြန်) လုပ်လိုက်ရင်လည်း heat change ရဲ့ unit မှာ kJ ဖြစ်ပြီး လက္ခဏာပါ ပြောင်းပေးရပါမယ်။ နောက်ဆုံးအဖြေမှာ heat of combustion ဆိုရင် သင်္ကေတ ΔH^θ နဲ့ heat of formation ဆိုရင် သင်္ကေတဟာ ΔH^θ_f ဖြစ်ပါတယ်။ unit တွေမှာ $kJmol^{-1}$ ဖြစ်ရမယ်ဆိုတာ သေသေချာချာသိထားဖို့ လိုပါတယ်။ heat change ပါတဲ့ thermochemical equation ပေးပြီး ၎င်း equation ရှိ substances တွေရဲ့ mass ကိုမေးတဲ့ ပုစ္ဆာတွေကိုလည်း လေ့လာထားရပါမယ်။

Chapter (8) Some important metals and their compounds နဲ့ Chapter (9) Metal reactivity ကတော့ metallurgy (သတ္တုဗေဒ)နဲ့ ပတ်သက်တဲ့ အခန်းတွေဖြစ်တယ်။ Metal တွေကို သူတို့ရဲ့သတ္တုရိုင်း (Ores) တွေမှ ထုတ်ဖော်ပုံ၊ metal တွေရဲ့ reactivity ပေါ်မူတည်ပြီး ဘယ်သတ္တုတွေကို electrolysis နည်းနဲ့ ထုတ်မယ်၊ ဘယ်သတ္တုတွေကို reduction နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို သဘာဝအတိုင်း တွေ့ရှိနိုင်တယ်ဆိုတာကို လေ့လာထားရပါမယ်။ *စာမျက်နှာ ၂၂ သို့*

စာမျက်နှာ ၂၁ မှ

သတ္တုတွေနဲ့အက်စစ်၊ လေ (အောက်ဆီဂျင်)၊ ရေ၊ ရေငွေ့တို့နဲ့ ဓာတ်ပြုနိုင်စွမ်းသတ္တိတွေကို ဖော်ပြထားတဲ့ reactivity series ကိုလည်း သေသေချာချာသိထားရပါမယ်။ Ores တွေနဲ့ Ores ထဲမှာ အများဆုံးပါတဲ့ ဒြပ်ပေါင်းတွေရဲ့ အမည်တွေ၊ Chemical formula တွေ၊ သတ္တုရိုင်းမှ သတ္တုထုတ်ဖော်တဲ့နည်းစဉ်တွေ၊ ယင်းသတ္တုများပါတဲ့ဒြပ်ပေါင်းထုတ်ဖော်ပုံတွေ၊ ယင်းတို့ရဲ့အသုံးပြုပုံတွေအပြင် ဓာတ်ပြုညီမျှခြင်းတွေကိုလည်း လေ့လာထားရမှာ ဖြစ်ပါတယ်။

Steel အမျိုးအစား(၅)မျိုး၊ alloys (သတ္တုစပ်များ) နဲ့ ယင်းတို့ရဲ့ compositions တွေ၊ properties တွေနဲ့အသုံးဝင်ပုံတွေကိုလည်း သေသေချာချာသိဖို့လိုပါတယ်။ ပြီးတော့ သံချေးတက်ခြင်းအကြောင်းနဲ့ သံချေးတက်ခြင်းကိုကာကွယ်ခြင်း၊ recycling metals (Al & Fe) အကြောင်းတွေကို လေ့လာထားဖို့ လိုပါတယ်။

Chapter (10) Nitrogen and its compounds အခန်းကတော့ nitrogen ဆိုင်ရာ ဓာတ်ခွဲခန်းဓာတ်ငွေ့ (N_2, NH_3, NO, N_2O, NO_2) ထုတ်ဖော်ပုံ၊ Chapter (11) Sulphur and its compounds အခန်းမှာမြေအောက် (ပေ ၇၀၀ ဝန်းကျင်) ထဲမှာရှိတဲ့ sulphur ကို Frasch Process နဲ့ အမြောက်အမြားထုတ်ယူခြင်း၊ sulphur နဲ့ သက်ဆိုင်တဲ့ ဓာတ်ငွေ့(H_2S, SO_2) ထုတ်ဖော်ခြင်း Chapter (12) The halogens အခန်းမှာ halogens များဖြစ်တဲ့ Cl_2, Br_2, I_2 ထုတ်ဖော်ခြင်းတွေ လေ့လာထားရမယ်။ ဓာတ်ခွဲခန်းမှာ ဓာတ်ငွေ့ထုတ်ဖော်ပုံတွေကို လေ့လာရင် အညွှန်းမှန်ကန် ပြည့်စုံတဲ့ပုံ၊ မှန်ကန်တဲ့စာသားညီမျှခြင်းနဲ့ သင်္ကေတညီမျှခြင်း၊ မှန်ကန်တဲ့ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ပြုအခြေအနေ၊ ဓာတ်ငွေ့ဆောင်းပုံ၊ ဓာတ်ငွေ့ ပြည့်မပြည့် စမ်းသပ်နည်း၊ လိုအပ်လျှင်ဓာတ်ငွေ့ကိုခြောက်သွေ့အောင်ပြုလုပ်နည်းတို့နဲ့တကွ သေချာစွာ လေ့လာမှတ်သားထားရမှာ ဖြစ်ပါတယ်။

ဓာတ်ငွေ့ဆောင်းတဲ့နည်းတွေကိုလည်း သက်ဆိုင်ရာဓာတ်ငွေ့တွေရဲ့ ရုပ်ဂုဏ်သတ္တိတွေနဲ့ ယှဉ်တွဲပြီး မှတ်ထားရပါမယ်။ ထုတ်ယူမယ့်ဓာတ်ငွေ့ဟာ အက်စစ်ဂုဏ်သတ္တိရှိလား၊ ဇေစ်ဂုဏ်သတ္တိ ရှိလား၊ ဂုဏ်မဲ့လား၊ ပျော်ဝင်သတ္တိဘယ်လိုရှိသလဲ၊ လေထက်လေးသလား၊ ပေါ့သလားစတဲ့ ဂုဏ်သတ္တိတွေနဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ဓာတ်ငွေ့ဆောင်းတဲ့နည်းတွေကို သိရှိထားရပါမယ်။

nitrogen, sulphur, halogens တွေနဲ့ ဆိုင်တဲ့ဒြပ်ပေါင်းတို့ရဲ့ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနဲ့ အသုံးဝင်ပုံတွေကိုလည်း သိမှတ်ထားဖို့ လိုပါတယ်။ Caustic soda (NaOH), chlorine, ammonia, nitric acid နဲ့ sulphuric acid တို့ကို အမြောက်အမြားထုတ်လို့ရတဲ့ Manufacturing (Industrial) Process တွေကိုလည်း သေသေချာချာနားလည်အောင် လေ့လာထားဖို့ လိုအပ်ပါတယ်။

Chapter (13) Acids, Bases and their Neutralization မှာတော့ Acids, Bases တို့ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုး၊ proton ထုတ်ပေးနိုင်မှုအပေါ် အခြေခံတဲ့ strong acid နဲ့ weak acid ၊ pure acid ပါဝင်မှုပေါ်အခြေခံတဲ့ concentrated acid နဲ့ dilute acid တို့ရဲ့ခြားနားမှု၊ Ionic product of water (K_w) ရဲ့ mathematical expression, numerical value တို့ကို သိထားရပါမယ်။ အပူချိန်တစ်ခုမှာ K_w တန်ဖိုးကိန်းသေဖြစ်တယ်။ အပူချိန်ပြောင်းရင် K_w တန်ဖိုးပြောင်းတယ်ဆိုတာလည်း သိရမယ်။

pH နဲ့ pOH တို့ရဲ့သဘောတရားဖွင့်ဆိုချက်အပြင် pH နဲ့ pOH တို့ရဲ့တန်ဖိုးကိုကြည့်ပြီး ပျော်ရည်တစ်ခုဟာ အက်စစ်လား၊ ဇေ့စ်လားခွဲခြားဖို့ အသုံးပြုနိုင်ပါတယ်။ pH တန်ဖိုး 7 ထက်ငယ်ရင်တော့ acid ပျော်ရည်၊ pH တန်ဖိုး 7 ထက်ကြီးရင်တော့ alkali/base ပျော်ရည်များ ဖြစ်တယ်။ pH 7 မှာဆိုရင်တော့ ရေသန့် (သို့)ဓာတ်ပြယ် (neutral) ဖြစ်တဲ့ပျော်ရည်ဖြစ်ပါတယ်။ acid တွေရဲ့ပြင်းအားကို Ka (dissociation constant) သို့မဟုတ် pK_a နဲ့ပြနိုင်သလို Base/alkali ပျော်ရည်တွေရဲ့ပြင်းအားကို K_b/pK_b နဲ့ ဖော်ပြနိုင်ပါတယ်။ ပျော်ရည်တစ်ခုထဲမှာ [H+] များရင် K_a တန်ဖိုးကြီးမယ်။ K_a နဲ့ pK_a ပြောင်းပြန်အချိုးကျလို့ pK_a တန်ဖိုးငယ်သွားမယ်။ ဒါကြောင့် acid strength ကောင်းတယ်။ ပြီးတော့ $[H^+]$ နည်းရင် K_a တန်ဖိုးငယ်ပြီး pK_a တန်ဖိုးကြီးမယ်။ ဒါကြောင့် acid strength နည်းမယ်ဆိုတာ နားလည်သဘောပေါက်ဖို့ လိုပါတယ်။

ဆားအမျိုးအစား(၄)မျိုးဖြစ်တဲ့ အားပြင်းအက်စစ်နဲ့အားပြင်းဇေ့စ်၊ အားပြင်းအက်စစ်နဲ့ အားပျော့ဇေ့စ်၊ အားပျော့အက်စစ်နဲ့အားပြင်းဇေ့စ်၊ အားပျော့အက်စစ်နဲ့ အားပျော့ဇေ့စ်တို့ရဲ့ ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းရင်းတွေကို ဆားနမူနာများနှင့် အကျိုးအကြောင်း ဆက်စပ်ဖြေရှင်းတတ်ဖို့ လိုပါတယ်။

Buffer solution နဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ Acidic buffer/Basic buffer examples နဲ့ ပုစ္ဆာတွေကိုမှန်ကန်စွာရေးနိုင်၊ တွက်နိုင်ဖို့လိုပါတယ်။ Buffer ပျော်ရည်များက strong acid/strong base အနည်းငယ် ထည့်သော်လည်း pH ကို မပြောင်းအောင်ဘယ်လိုထိန်းထားနိုင်တာလဲဆိုတဲ့ ရှင်းလင်းချက်ကို သိထားဖို့ လိုပါတယ်။ Buffer solution ပုစ္ဆာတွက်တဲ့အခါ အက်စစ်ပျော့တွေရဲ့ပြိုကွဲမှုကို အပြန်အလှန်ညီမျှခြင်း၊ ဆားတွေရဲ့ပြိုကွဲမှုကို တစ်ဖက်သွားညီမျှခြင်း၊ concentration ကို square bracket [ ] နဲ့ ဖော်ပြရပြီး unit ကို M (သို့) mol dm^{-3} နဲ့ဖော်ပြခြင်း၊ အလားတူ K_a, K_b တို့မှာလည်း M (သို့) mol dm^{-3} unit နဲ့ ဖော်ပြခြင်း၊ pH, pOH, pK_a တို့မှာ unit ဖော်ပြရန်မလိုအပ်ခြင်းစတဲ့ သတိထားရမယ့်အချက်တွေကို နားလည်ဖို့လိုအပ်ပါတယ်။ acid, base တွေရဲ့ pH, pOH, $[H^+]$, $[OH^-]$, pK_a, K_a ရှာတဲ့ ပုစ္ဆာတွက်တွေကိုလည်း mathematical formula တွေ မှန်ကန်စွာရေးပြီး တွက်နိုင်ရပါမယ်။

Chapter (14) Organic Chemistry အခန်းမှာတော့ alkanes, alkenes, alkynes နဲ့ alcohols တွေကို ပါဝင်တဲ့ carbon လုံးရေအလိုက် graphic structure, molecular structure နဲ့ molecular formula ရေးပုံ၊ Isomers တွေရဲ့တည်ဆောက်ဖွဲ့စည်းပုံ၊ ယင်းတို့ကို trivial နဲ့ IUPAC system တွေနဲ့အမည်ပေးပုံ၊ ယင်း Hydrocarbons ဒြပ်ပေါင်းတွေကို ဓာတ်ခွဲခန်းမှာ ထုတ်ယူနည်းများနဲ့ ယင်းတို့ရဲ့ဂုဏ်သတ္တိတွေကို လေ့လာထားရပါမယ်။ ယင်းဒြပ်ပေါင်းများ ထုတ်ယူနည်းနဲ့ ဓာတ်ဂုဏ်သတ္တိတွေမှာပါတဲ့ ဓာတ်ပြုခြင်းအမျိုးအစား (substitution, addition, reactions)တွေ၊ ဒြပ်ပေါင်းတစ်ခုမှတစ်ခုပြောင်းလဲခြင်း (Conversion)တွေ၊ ဥဏှစမ်းပုစ္ဆာတွေ၊ ခွဲခြားခြင်းတွေကို သေသေချာချာလေ့ကျင့်ထားရမယ်။ ခွဲခြားခြင်းတွေမှာတော့ alkane & alkene, alkane & alkyne, alkene & alkyne, alkynes အချင်းချင်း ခွဲခြားတတ်အောင်၊ ခွဲခြားရာမှာ မျက်စိဖြင့်မြင်ရပြီး သိသာထင်ရှားတဲ့အရောင်ပြောင်းလဲမှု၊ အနည်ကျမှုတို့ပါတဲ့ ဓာတ်ပြုခြင်းတွေကိုသာ အသုံးပြုရပါမယ်။

နောက်ထပ်သတိပြုရမယ့်အချက်ကတော့ ဓာတ်ပြုညီမျှခြင်းများကိုရေးရင် အော်ဂဲနစ်ဒြပ်ပေါင်းများရဲ့အမည်၊ ဓာတ်ပြုအခြေအနေ အပြည့်အစုံ ထည့်ရေးပေးဖို့လိုအပ်ပါတယ်။

Petroleum industry and petrochemicals အကြောင်းနဲ့ပတ်သက်ပြီး non-renewable energy source များဖြစ်တဲ့ fossil fuels (crude oil, natural gas, coal) ဖြစ်ပေါ်ပုံ၊ renewable energy source များဖြစ်တဲ့ biodiesel & biogas တွေ၊ crude oil ကို fractional distillation နည်းစဉ်ဖြင့် သန့်စင်ခြင်း၊ ယင်းနည်းစဉ်ဖြင့် ရလာတဲ့ Hydrocarbons နဲ့ ယင်းတို့ရဲ့အသုံးဝင်ပုံ၊ kerosene, diesel တို့ကို catalytic cracking နည်းစဉ်သုံးပြီး gasoline ပြောင်းလဲနိုင်ပုံ၊ Gasoline, methanol (liquid fuels) ရဲ့ flash point တွေ၊ flash point နဲ့ ignition temperature ခြားနားချက်တွေကို သိထားဖို့ လိုပါတယ်။

အစားထိုးလောင်စာဆီများဖြစ်တဲ့ methanol မှ ထုတ်ယူရရှိတဲ့ gasoline နဲ့ diesel တွေရဲ့ အကြောင်းအရာများကို လေ့လာမှတ်သားထားဖို့လိုပါတယ်။ ဒါ့အပြင် transesterification နည်းစဉ်ဖြင့် biodiesel ထုတ်ယူခြင်း၊ anaerobic fermentation နည်းဖြင့် biogas ထုတ်ယူခြင်း၊ ကျောက်မီးသွေး ဖြစ်စဉ်အမျိုးမျိုးနဲ့ ကျောက်မီးသွေးမှရနိုင်တဲ့ chemicals တွေအကြောင်း၊ အဲဒီ chemicals တွေရဲ့အသုံးဝင်ပုံ၊ crude oil, diesel, LPG, CNG, biodiesel, biogas, zeolite ZSM-5, coal နဲ့ coal gas တွေရဲ့ composition တွေကို သိရှိထားရပါမယ်။

နောက်ဆုံး Chapter (15) Chemistry in Society ဆိုတဲ့ လူနေမှုဘဝနဲ့ဓာတုဗေဒဘာသာရပ်တို့ ဆက်သွယ်နေပုံကို လေ့လာတဲ့အခန်းမှာတော့ အပင်တွေကြီးထွားဖို့ လိုအပ်နေတဲ့ elements အကြောင်းတွေ၊ အပင်တွေအသက်ရှင်နေနိုင်ဖို့ လိုအပ်တဲ့ သကြားဓာတ်ကို photosynthesis မှရရှိပုံ၊ သဘာဝမြေသြဇာနဲ့ဓာတ်မြေသြဇာတို့ဟာ အပင်တွေရဲ့အသီး၊ အပွင့်၊ အရွက်ကြီးထွားမှုကို အားပေးပုံ၊ insecticides အမျိုးအစားတွေနဲ့ အပင်ကြီးထွားမှုကိုအားပေးတဲ့ growth substances တွေအပြင် cement ထုတ်ဖော်ပုံအဆင့်ဆင့်၊ cement ထုတ်ဖော်ရာမှာ သုံးတဲ့ကုန်ကြမ်းပစ္စည်းတွေ၊ Plaster of Paris ရဲ့ composition၊ ထုတ်ဖော်ပုံနဲ့ ဂုဏ်သတ္တိတွေ၊ ပင်လယ်ရေထဲမှာပါဝင်တဲ့ ဆားများနဲ့ပင်လယ်ရေမှ ဆားထုတ်ဖော်နည်းများ အကြောင်းတွေ ပါဝင်ပါတယ်။

ဒါ့အပြင် plastics and polymers အပိုင်းမှာတော့ natural polymers နဲ့ synthetic polymers တွေ၊ မျိုးတူတဲ့ monomer အချင်းချင်းပေါင်းပြီး homopolymer (addition polymer) ဖြစ်ပေါ်လာပုံ၊ မျိုးမတူတဲ့ monomers အချင်းချင်းပေါင်းပြီး copolymer (condensation polymer) ဖြစ်ပေါ်လာပုံတွေ၊ မျိုးတူ monomer တွေကို addition polymerization reaction သုံးပြီး PE, PP, PVC, PTFE, PS အစရှိတဲ့ addition polymer ပြုလုပ်ပုံ၊ မျိုးမတူတဲ့ monomer နှစ်ခုပေါင်းပြီး ရေမော်လီကျူးဖယ်တဲ့ condensation polymerization နည်းဖြင့် Nylon, polyester စတဲ့ condensation polymer ပြုလုပ်ပုံနဲ့ ပါဝင်တဲ့ ဓာတ်စည်းအမျိုးအစား၊ addition နဲ့ condensation polymer တွေရဲ့ ဂုဏ်သတ္တိနဲ့အသုံးပြုပုံတွေကို လေ့လာမှတ်သားထားရပါမယ်။ Thermoplastic နဲ့ Thermosetting polymers တွေကို ပြန်လည်အသုံးချတဲ့နည်းတွေကိုလည်း လေ့လာမှတ်သားထားဖို့လိုပါတယ်။ နောက်ဆုံးအနေနဲ့ ဆပ်ပြာချက်ခြင်း အကြောင်း၊ soapless detergent အကြောင်းနဲ့ ယင်းတို့ရဲ့ချေးချွတ်နိုင်စွမ်း သတ္တိအကြောင်းတွေကို တည်ဆောက်ပုံများနဲ့တကွ ရှင်းလင်းထားတာတွေကို သိရှိထားသင့်ပါတယ်။ Addition polymers, Condensation polymers တို့နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို Table (3) မှာ ဖော်ပြပေးထားပါတယ်။

Table 3 Summary of Polymers

Type of Polymers (based on structures)	Name of polymers	Monomers present	Properties of polymers	Uses
Addition polymers	Polyethene/ Polyethylene (PE)	ethene $CH_2=CH_2$	tough, durable	plastic bags, bowls, bottles, packaging
	Polypropene/ Polypropylene (PP)	propene $CH_3CH=CH_2$	tough, durable	crates and boxes, plastic rope
	Polychloroethene/ Polyvinylchloride (PVC)	chloroethene $CH_2=CHCl$	strong, hard	insulation, pipes & guttering
	Polytetrafluoroethene/ Teflon (PTFE)	tetrafluoroethene $CF_2=CF_2$	non-stick surface, withstands high temperature	non-stick frying pans, non-stick taps & joints
	Polyphenylethene/ Polystyrene (PS)	Styrene $C_6H_5CH=CH_2$	light, poor conductor of heat	insulation, packaging (foam)
Condensation polymers	Nylon/Polyamide	a diamine & a dicarboxylic acid	-	making shirts, ties, sheets & racquet strings
	Terylene/Polyester	a diol & a dicarboxylic acid	-	fibre, clothing

အကြံပြုချက်

အခု Chapter တစ်ခုချင်းအလိုက် လေ့လာမှတ်သားရမယ့်အကြောင်းအရာတွေနဲ့သတိပြုရမယ့်အချက်တွေကို အသေးစိတ်ဆွေးနွေးပေးပြီး ဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ဘယ်လိုလေ့လာမှတ်သားသင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်း အသေးစိတ် သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ပုစ္ဆာတွေ၊ မေးခွန်းဟောင်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံအောင်ရေးဖို့၊ သက်ဆိုင်ရာမေးခွန်း ပုစ္ဆာနံပါတ်ကို ဖော်ပြရေးသားပေးဖို့သတိပြုရပါမယ်။ အထူးသတိပြုရမယ့်အချက်ကတော့ မေးခွန်းပုံစံအသစ်ဟာ ရှေးချယ်ခွင့်နည်းသွားတဲ့အတွက် အမှတ်များများလိုချင်ရင် အခန်း(၁၅)ခန်းလုံးကိုစေ့စပ်သေချာစွာ သိထားဖို့ လိုပါတယ်။

နောက်ဆုံးအနေနဲ့ ဆရာ ဆရာမများရဲ့သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ၂၀၂၀ ပြည့်နှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။

ပွင့်ဖြူမြို့၌ မြို့နယ်အဆင့် ကလေးစာပေပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၌ မြို့နယ်အဆင့် ကလေးစာပေပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ပွင့်သာမြေ စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းနာယက ဆရာကြီး ဦးစိန်လွင် (ပညာရေးမှူးဌေမ်း)က မြို့နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးများ စာပေအသိပညာဗဟုသုတ တိုးပွားစေရန်၊ စာပေနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်သည့်အလေ့အကျင့် ကောင်းများရရှိကာ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြို့နယ်အဆင့် ကလေးစာပေပွဲတော်ကျင်းပနိုင်ရေးအဖွဲ့၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝါဝါလှိုင်က ကလေးစာပေပွဲတော် ကျင်းပရာတွင် ထည့်သွင်းဆောင်ရွက်ရမည့် ပြပွဲ၊ ပြိုင်ပွဲများနှင့် ပညာပေးပြခန်းများ၊ ရန်ပုံငွေရရှိရေး ဆောင်ရွက်ရန်နည်းလမ်းများ၊ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စာဖတ်ရှိန်ဖြင့်တင်ရေး စာအုပ်အရောင်းဆိုင်များ ခင်းကျင်းရောင်းချခြင်းများ၊ ကလေးစာပေပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ အခမ်းအနားပြင်ဆင်ရေးနှင့် ဖွင့်ပွဲပိတ်ပွဲကျင်းပရေးများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက ပွင့်ဖြူမြို့၌ မြို့နယ်အဆင့် ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ဆရာကြီး ဦးစိန်လွင် (ပညာရေးမှူးဌေမ်း)က တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

မှုခင်းအသိပညာပေး ဟောပြော

ဝမ်းတွင်း

ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့မရဲစခန်းမှူးဒုရဲမှူးတင်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ဒုတိယပတ်က မြောက်ဧောင်ဂျမ်းကုန်းကျေးရွာ ဓမ္မာရုံတွင် မှုခင်းကျဆင်းရေး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေး၊ သက်ငယ်မုဒိမ်းမှုပျောက်ရေးစသည်တို့ကို အသိပညာပေးဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

မြောက်ဥက္ကလာ

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၂၂) ရပ်ကွက်၊ ရပ်ကွက်ခွဲအုပ်ချုပ်ရေးမှူးရုံးတွင် ဖေဖော်ဝါရီ တတိယပတ်က ရွှေပေါက်ကံနယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်စွာဝင်းက မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဝဝဂ

ကျွန်တော်နဲ့ အလှူအတန်း

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

တစ်နေ့က ကျွန်တော်တို့မိသားစု ထူးခြားတဲ့အလှူအတန်းတစ်ခုလုပ်ဖြစ်ခဲ့တယ်။ ကျွန်တော်တို့နှစ်ဦးရဲ့ မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ်နဲ့လုပ်ခဲ့တယ်။ ဧည့်သည်တွေဖိတ်ပြီးကျွေးမွေးဧည့်ခံတာထက် ပိုပြီးအဓိပ္ပာယ်ရှိအောင် ဇနီးက စီစဉ်ခဲ့တယ်။

အလှူဖြစ်အောင်လုပ်သူက ဇနီးရဲ့ကျောင်းနေဖက်သူငယ်ချင်း ဇနီးမောင်နှံ။ ကိုအောင်ညွှန့်သောင်းနဲ့ မတင်တင်ကြည်။ စက်မှုတက္ကသိုလ်တုန်းက အတန်းတူတွေ။ သူတို့နှစ်ဦးရဲ့ကျေးဇူးကြောင့် တွံတေးမြို့ ဘုရားကြီးကျေးရွာက မိဘမဲ့တွေကို စောင့်ရှောက်တဲ့ ဘုန်းကြီးကျောင်းကို သွားရောက်ခဲ့တယ်။ မနက် နေအိမ်ကနေ မော်တော်ယာဉ်နဲ့ထွက်ခဲ့ကြတယ်။ ခရီးကသိပ်မဝေးလှဘူး။ လှိုင်သာယာမြို့မှာ ယာဉ်ကျပ်တည်းတဲ့ ဒုက္ခကိုလည်း စိတ်ပူခဲ့တာ။ လှိုင်သာယာမြို့အဝင်က တစ်ဆင့် တွံတေးမြို့ကိုသွားတဲ့လမ်းပေါ်မှာ ကျူးကျော်တွေက အများကြီး၊ လမ်းတစ်ဖက်တစ်ချက်မှာပြည့်နေတာ။ တချို့တွေက ခိုင်ခိုင်ခံ့ခံ့၊ ကျူးကျော်တွေ မဟုတ်ကြသလိုဘဲ။ တွံတေးတူးမြောင်းကိုဖြတ်ပြီး ထိုးထားတဲ့တံတားအပေါ်ရောက်တော့ သမီးကို လွန်ခဲ့တဲ့နှစ်တွေက အကြောင်း ပြောပြခဲ့တယ်။ ကျွန်တော့်အဖေက ဟင်္သာတမြို့မှာ ဖွင့်လှစ်ခဲ့တဲ့ ခြေလျင်တပ်ရင်း ၆ မှာ တပ်ရင်းမှူး၊ တာဝန်အရ ဧရာဝတီနှစ်ထပ်သင်္ဘောနှစ်စင်းနဲ့ တွံတေးတူးမြောင်းကတစ်ဆင့် သွားခဲ့ရတယ်။ အခုလို တံတားတွေမရှိဘူး။ လမ်းတွေလည်းမရှိဘူး။ ရေကြောင်းကိုပဲ အားကိုးရတာ။

သတိရမိ

အဲဒီတုန်းက မောင်နမ ငါးယောက်ပဲရှိသေးတာ။ ကျွန်တော့်အသက်က ခြောက်နှစ်။ တိုင်းပြည်မှာလည်း ပြည်တွင်းစစ်က တောက်လောင်နေတော့ ဧရာဝတီတိုင်းမှာ တိုက်ပွဲတွေအကြီးအကျယ်ဖြစ်နေတာ။ အဲဒီတုန်းက ဧရာဝတီတိုင်းမှာ ခြေလျင်တပ်ရင်း နှစ်ရင်းပဲရှိတာ။ ပုသိမ်နဲ့ ဟင်္သာတမှာရယ်။ ထင်ထင်ရှားရှား မှတ်မိတာက ကျွန်တော်တို့သင်္ဘောနှစ်စင်း တွံတေးတူးမြောင်းကိုဖြတ်နေစဉ် ကမ်းနံဘေးက စက်သေနတ်တွေနဲ့ပစ်ခံရတယ်။ တစ်ဦးတစ်ယောက်မှမထိခိုက်ပေမယ့် သင်္ဘောနံရံကို ကျည်ဆန်တွေလာမှန်တာ တဖြောင်းဖြောင်းနဲ့။ ကျွန်တော့်အဖေက သူ့ရဲ့ရဲဘော်တွေကို ပြန်ပစ်ဖို့အမိန့်ပေးခဲ့တာလည်း သတိရမိတယ်။ ကျွန်တော်ပြောနေတာက ၁၉၅၀ ပြည့်နှစ်လောက်က ဖြစ်တာတွေ။ ကျွန်တော် စီးပွားရေးတက္ကသိုလ်မှာ ဆရာတာဝန်ယူပြီး ခြေလျင်တောင်တက်အသင်းကို ဦးစီးတဲ့အချိန်မှာလည်း တွံတေးမြို့က ဓနုတ်ဘုရားကို ခြေကျင်ခရီးကြမ်းထွက်ခဲ့ဖူးတယ်။

မနက်အစောကြီး ပန်းဆိုးတန်းဆိပ်ကမ်းက တစ်ဆင့် ဒလမြို့ကို ကူးတို့နဲ့ကူးပြီး ဓနုတ်ဘုရားကို သွားခဲ့ကြတာ။ အခုတော့ အခြေအနေက လုံးဝ ပြောင်းလဲသွားခဲ့ပြီ။ သွားရေးလာရေးက အဆင်ပြေလှတယ်။ ကားလမ်းကဖြောင့်ဖြူးနေတာ။ ကျွန်တော်တို့ အဖွဲ့ ၁ နာရီခွဲလောက် ခရီးထွက်ခဲ့ပြီး ဘုန်းကြီးကျောင်းကိုရောက်ခဲ့တယ်။ လမ်းမှာ ကိုအောင်ညွှန့်သောင်းနဲ့ မတင်တင်ကြည်တို့ကားနဲ့ဆုံတာမို့ လမ်းမပျောက်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့တယ်။

မိဘမဲ့ဂေဟာရှိတဲ့ဝိုင်းကအကြီးကြီး၊ ကျယ်ကျယ်ဝန်းဝန်းနဲ့ သစ်ပင်တွေနဲ့ ပြည့်စုံသလို အရိပ်ကလည်းကောင်းလှတယ်။ ကျောင်းဆောင်အပေါ်ထပ်ကို တက်လိုက်တာနဲ့ ထူးဆန်းတဲ့မြင်ကွင်းကိုတွေ့ရတယ်။ ဒါက နံရံမှာ ရင်ခွင်မဲ့ကလေး ၁၈ ဦးရဲ့ ဓာတ်ပုံတွေကို ချိတ်ဆွဲထားတာ။ ကျွန်တော်က မိဘမဲ့ကလေးတွေ သာမြင်ရမယ်ထင်နေတာ။ အခုတော့ ရင်ခွင်မဲ့ကလေးတွေ တွေ့ရတော့ဆန်းနေတာ။ တချို့က တစ်နှစ်တောင် မပြည့်သေးဘူး။ အားလုံးကစွန့်ပစ်ခံရသူတွေ။ ကလေးတစ်ယောက်ကို ညဘက်ဘုန်းကြီးကျောင်းတစ်ကျောင်းအနီး လာပစ်ထားတာ။ ခွေးတွေဟောင်နေတာ ကြားရတဲ့ ဘုန်းဘုန်းက သူခိုးကပ်တယ်ထင်ပြီး ကျောင်းပေါ်ကဆင်းကြည့်တော့ ခွေးတွေဝိုင်းထားတဲ့ ချက်ကြိုးတန်းလန်းနဲ့ သမီးငယ်ကိုတွေ့ရတာ။ မွေးကင်းစဖြစ်တာမို့ သူ့ရဲ့မွေးနေ့ကို အတိအကျပြောနိုင်တာ။ ကျွန်တဲ့ကလေးတွေ မွေးနေ့ကိုတော့ အတိအကျ မပြောနိုင်ဘူး။ အစိုးရအသစ်က ရင်ခွင်မဲ့ကလေးစီမံချက်ကို အကောင်အထည်ဖော်နေတာ တွေ့ရတယ်။ ကလေးငယ်တွေကြည့်ရင် တစ်ချိန်တုန်းက ကျွန်းမာရေးဝန်ကြီးဌာနမှာတာဝန်ယူစဉ် စဉ်းစားခဲ့တဲ့အချက်တွေကို သတိရမိတယ်။ အဲဒီတုန်းက လူဦးရေတိုးပွားမှုဩဇာနိမ့်ကိန်းတွေကို တွက်ချက်ပြီး သားဆက်ခြားစီမံချက်ကို အကောင်အထည်ဖော်ခဲ့တယ်။ ကျွန်တော်တို့ နိုင်ငံမှာယဉ်ကျေးမှုအရ ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့မရတဲ့ ကိစ္စအကြောင်းအရာတွေရှိတယ်။ သိပေမယ့် မသိချင်ယောင် ဆောင်ကြတယ်။ ယဉ်ကျေးမှုဓလေ့ထုံးစံကို အကြောင်းပြကြတယ်။ ဖိုမဆက်ဆံမှုနဲ့ ပတ်သက်ပြီး လူငယ်တွေကို အသိပေးဖို့လိုမယ်။

ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာကို အလေးထားသင့်

ဖိုမဆက်ဆံမှုနဲ့ပတ်သက်ပြီး ကျွန်းမာရေး၊ ပညာရေး တာဝန်ယူခဲ့တဲ့ ဒေါက်တာ ဦးအောင်ခင်ဆင့်ကို သတိရမိတယ်။ သူနဲ့ကျွန်တော် အင်္ဂလန်နိုင်ငံမှာ ဆုံခဲ့တယ်။ ရင်းနှီးခဲ့တယ်။ ဆရာဟာ ဖိုမဆက်ဆံရေးပညာပေးမှုနဲ့ ပတ်သက်ပြီး နာမည်ရ ခဲ့တယ်။ အောင်မြင်ခဲ့တယ်။ နိုင်ငံတကာမှာတော့ ကျောင်းတွေမှာ သင်ကြားမှုတွေရှိတယ်။ ကျွန်တော်တို့ဆီမှာ ဒီအကြောင်းအရာကိုပြောရင် အပြစ်တင်ကြ၊ ဝေဖန်ကြမယ်။ မြန်မာ့ယဉ်ကျေးမှုကို အကြောင်းပြကြလိမ့်မယ်။ အသိတရားတွေအားနည်းတာကြောင့် မဖြစ်သင့်တာတွေ ဖြစ်နေတယ်။ ရင်ခွင်မဲ့ ကလေးဦးရေတွေ တိုးလာတယ်။ တစ်ဖက်ကလည်း စီးပွားရေးအကြောင်းအချက်၊ လူမှုရေးအခြေအနေတွေကြောင့်လည်း ပါဝင်တယ်။ ရင်ခွင်မဲ့ကလေးတွေနဲ့ ပတ်သက်လာရင် ဘာကြောင့် အခုလိုဖြစ်နေရသလဲဆိုတဲ့ ဇာစ်မြစ်ကို ရှာဖွေရမှာ။ ဇာစ်မြစ်ကိုသိမှ အဖြေရှာနိုင်မှာ။ ရင်ခွင်မဲ့မဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ။ ဖြစ်ပြီးမှ စောင့်ရှောက်တာထက် မဖြစ်အောင် ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာကို အလေးထားသင့်တယ်။

ကျောင်းထိုင်ဆရာတော်နဲ့အာစရိယဆရာတော်တွေကို ကန်တော့ပြီး သီလယူကြတယ်။ ဆရာတော်ရဲ့တရားမှတ်သားလောက်စရာပါပဲ။ ဆင်ခြင်စရာတွေပါပဲ။ ထမင်းစားချိန်ရောက်တဲ့အခါ စားသောက်ခန်းထဲသွားခဲ့ကြတယ်။ ဆရာတော်က လိုက်ပြတယ်။ စားပွဲကုလားထိုင်တွေနဲ့ သပ်သပ်ရပ်ရပ်၊ ဟင်းပွဲတွေလည်း ပြည့်ပြည့်စုံစုံ။ ထမင်းမစားမီ အလှူရှင်ကို ကျေးဇူးတင်ကြတယ်။ ကလေးတွေကိုကြည့်ရင်း ကျွန်တော်မျက်ရည်ကျခဲ့တယ်။ ဘာကြောင့် ကျသလဲဆိုတာကို စဉ်းစားလို့မရခဲ့ဘူး။ ဝမ်းနည်းတာရော၊ ကြည်နူးတာရော ခံစားမှုတွေရောပြွမ်းနေတာ။ တူညီဝတ်စုံတွေနဲ့ ထမင်းစားနေကြတာ။ ဟင်း ထမင်းလိုရင် လက်ထောင်ပြကြတယ်။ လိုသလောက် ကျွေးတယ်။ ကျွန်တော်တို့ရဲ့ သမီးလည်း ခန်းမထဲလိုက်ကြည့်ရင်း စိတ်မကောင်းဖြစ်ခဲ့တယ်။ ဆရာတော်က ရှင်းပြပါတယ်။ အလှူရှင်ရှိတဲ့အခါ အသား ငါးဟင်းတွေ ကျွေးနိုင်ပြီး မရှိရင်တော့ ရှိတာနဲ့ကျွေးတယ်လို့ ပြောပြတယ်။ ကျွန်တော်တို့ ကျွေးနိုင်တာ တစ်နပ်ပဲရှိတာ။ အလှူရှင်တွေကလည်း နေ့တိုင်းရှိတာမဟုတ်ဘူး။ ဆရာတော်တွေက ကြိုးစားပြီး စီမံနေရတာ။ လူမှုဝန်ထမ်းဌာန အသိအမှတ်ပြုကျောင်းဖြစ်တာမို့ အထောက်အပံ့တော့ရတယ်။ ဒါပေမယ့် တစ်နိုင်ငံလုံးမှာ အခုလိုကျောင်းတွေကအများကြီးဖြစ်တာမို့ ဆောင်ရွက်ပေးနိုင်တာက အကန့်အသတ်နဲ့။ ထမင်းစားနေချိန်မှာ တစ်ဆောင်လုံးက တိတ်တိတ်ဆိတ်ဆိတ်ပဲ။ စည်းကမ်းရှိကြတယ်။

မိဘမဲ့လို့ပြောပေမယ့် တချို့က ဖခင်မရှိတာ၊ တချို့က မိခင်မရှိတာ၊ တချို့ကတော့ မိဘနှစ်ပါးစလုံးမရှိကြတာ။

> **“ကိုယ့်မှာ အစစအရာရာပြည့်စုံနေရင် ကိုယ့်ထက် အခြေအနေဆိုးသူတွေကို စောင့်ရှောက်ရမှာ လူမှုရေးတာဝန်တစ်ရပ်ဖြစ်တယ်။ မိဘမဲ့ဖြစ်နေသူတွေကို နိုင်ငံတော်ကဦးစီးပြီး ဆောင်ရွက်နေသလို သံဃာတော်တွေကလည်း ဝင်ရောက်ကူညီနေကြတယ်။ ကျွန်တော်တို့လို သာမန်ပြည်သူ ပြည်သားတွေကလည်း ပါဝင်ကြဖို့လိုအပ်”**

ကျောင်းနဲ့ကပ်လျက်မှာရှိတဲ့ အဆောင်တစ်ဆောင်ကို လိုက်ပြတယ်။ နိုင်ငံခြားအလှူရှင်ရဲ့ အကူအညီနဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ဖို့ စီစဉ်ထားတာ။ တွင်ခုံတွေကို တပ်ဆင်ပြီး သင်တန်းပေးဖို့အစီအစဉ်ရှိတယ်။ ကျွန်တော်က သင်တန်းပေးရုံ မဟုတ်ဘဲ အလုပ်ပေးနိုင်မယ့် အလုပ်ရှင်တွေနဲ့ ချိတ်ဆက်ဖို့ အကြံပြုခဲ့တယ်။ သင်တန်းပေးတာနဲ့ အလုပ်အကိုင်ရရှိမှုကိုဆက်စပ်ပြီး စဉ်းစားဖို့လိုအပ်တယ်။ သင်တန်းတွေပေးပြီး အလုပ်မရနိုင်ရင် အချည်းနှီးဖြစ်မှာ။ အလုပ်ခွင်မှာ ချက်ချင်းအသုံးချနိုင်မယ့် အတတ်ပညာတွေ ပေးနိုင်ရင် ပေးတဲ့သူအတွက်ရော၊ သင်ယူတဲ့သူ ကျောင်းသားအတွက်ရော အလုပ်ပေးသူတွေအတွက်ပါ အကျိုးရှိနိုင်မှာ ဖြစ်တယ်။

သင်တန်းကျောင်းလုပ်မယ့်နေရာကိုကြည့်ပြီး အနားမှာရှိတဲ့ ရှေးဘုရားတစ်ဆူကို သွားဖူးကြတယ်။ ပြုပြင်ထိန်းသိမ်းမှု အားနည်းပေမယ့် ကြိုးစားပြီး လုပ်ထားတာတွေ့ရတယ်။ ဘုရားခြေရင်းမှာတော့ အုတ်ဂူအဟောင်းနှစ်ဂူကို တွေ့မြင်ရတယ်။ ပြင်ဆင်မှု လုံးဝမရှိတာကြောင့် ကျိုးပဲ့နေပြီ။ တစ်ချိန်တုန်းက အလွန်ခမ်းနားပေမယ့် အခုတော့ကျိုးပဲ့ပြီး ပျက်စီးနေပြီ။ မပြန်ခင် ရင်ခွင်မဲ့ကလေးတွေကို နှုတ်ဆက်ဖြစ်တယ်။ ရုပ်ရည်တွေက သန့်သန့်ရှင်းရှင်း၊ ဆရာတော်နဲ့ဆရာမတွေက ဂရုစိုက်ခဲ့တာ သိပ်သိသာလှတယ်။

ဝမ်းသာကြည်နူးမိ

ကျောင်းက ကလေးတွေကိုထိန်းသိမ်းဖို့မလွယ်ကူလှတာကိုသဘောပေါက်မိတယ်။လူမှုရေးပြဿနာတွေကကြီးမားမှာ။ ဆရာတော်နဲ့သံဃာတော်တွေရဲ့ တာဝန်ကလည်း မနည်းလှဘူး။ ကလေးတွေကို ပြုစုစောင့်ရှောက်ပြီး စာသင်ပေးနေတဲ့ဆရာမတွေက တစ်ချိန်က သူတို့ကိုယ်တိုင် ဒီကျောင်းမှာကြီးပြင်းလာခဲ့သူတွေ။ ကျောင်းမှာ အခုလိုပညာတွေသင်ပြီး ဘွဲ့ရသွားကြတာ။ ဘွဲ့ရပြီး ဒီကျောင်းမှာပြန်ပြီး အလုပ်အကျွေးပြုနေကြတာ။ အလွန်လေးစားစရာ ကောင်းလှတယ်။ ကိုယ့်ဘဝကိုနားလည်ပြီး အခုလိုကျေးဇူးဆပ်ပေးတာက တကယ့်ကို ချီးကျူးစရာ ကိစ္စတစ်ရပ်ဖြစ်တယ်။ သူတို့တွေရဲ့ ဓာတ်ပုံတွေကိုလည်း ကျောင်းရဲ့နံရံမှာကြွားဝင့်စွာ ချိတ်ထားတာတွေ့ခဲ့ရတယ်။ ကိုယ်ကဘွဲ့ရပြီး ဘဝမေ့မသွားဘဲ ဘဝတူကလေးတွေကို အခုလိုပြန်ပြီးစောင့်ရှောက်နေတာက အံ့သြစရာပဲ။ မိသားစုရဲ့အရေးပါလှတဲ့နေ့ရက်မှာ အခုလို ကုသိုလ်လုပ်ခွင့်ရတာကို ဝမ်းသာကြည်နူးမိတယ်။ ကိုယ့်မှာ အစစအရာရာပြည့်စုံနေရင် ကိုယ့်ထက်အခြေအနေဆိုးသူတွေကို စောင့်ရှောက်ရမှာ လူမှုရေးတာဝန်တစ်ရပ်ဖြစ်တယ်။ မိဘမဲ့ဖြစ်နေသူတွေကို နိုင်ငံတော်က ဦးစီးပြီး ဆောင်ရွက်နေသလို သံဃာတော်တွေကလည်း ဝင်ရောက်ကူညီနေကြတယ်။ ကျွန်တော်တို့လို သာမန်ပြည်သူ ပြည်သားတွေကလည်း ပါဝင်ကြဖို့လိုအပ်တယ်။

